www.burmeseclassic.com

သတ်ပြွင်းတွေနဲ့ဖွဲ့ထားတဲ့သံစဉ်



www.burmeseclassic.com

www.burmeseclassic.com

# နေနေ

## သက်ပြင်းတွေနဲ့ဖွဲ့ထားတဲ့သံစဉ်

www.burmeseclassic.com

www.burmeseclassic.com

ယုံပါ. . .၊

မာရီယာရဲ့. . .

ရင့်ရင့်ရဲရဲ ယုံကြည်လိုက်စမ်းပါ။

ငါဟာ. . .

မတော်တဆ

ခြေချော်ကျခဲ့တာ မဟုတ်ပါဘူး. . .။

ကျောကျောနပ်နပ်ကြီးကို

ခုန်ဆင်းခဲ့တာပါ ။ ။

www.burmeseclassic.com

www.burmeseclassic.com

# [ ၁ ]

ပြတင်းတံခါးကို တွန်းဖွင့်လိုက်ပါက နေရောင်ခြည်နှင့် လေကောင်းလေသန့်တို့ တိုးဝင်ရောက်ရှိလာကြပါလိမ့်မည်။

ထိုကိစ္စမှာ အလွန်သေချာသော်လည်း ပြတင်းပေါက်ကို ကျွန်တော် မဖွင့်ဖြစ်။ ပြတင်းတံခါးဖွင့်ရန် ကျွန်တော် မကြာခဏ တွေဝေတတ်မြဲ ဖြစ်သည်။

မြူးနှတ်မောင်ထပေ

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့်. . .

ကျွန်တော့်ပခုံးထက်၌ မာရီယာ မှေးမှိတ် အိပ်စက်နေသော အခါမျိုးတွင် ကျွန်တော် ပို၍တွေဝေတတ်ပါသည်။

မာရီယာသည် အံ့ဩရခြင်းကို သဘောမကျသလို အိပ်ရာမှ လန့်နိုးရခြင်းကိုလည်း ရွံမုန်းသူ ဖြစ်သည်။

"ကျွန်မအမုန်းဆုံးက. . . သန့်စင်ခန်းဝင်နေတုန်း တံခါးခေါက်ခံရတာရယ်၊ အိပ်ပျော်နေတုန်း အနှိုးခံရတာရယ်ပဲ"

တစ်ခါတုန်းက ကျွန်တော့်အား မာရီယာ ထိုကဲ့သို့ပြောပြခဲ့ဖူးသည်။

နေရောင်ခြည်သည် ရောဂါပိုးမွှားများကို သေစေနိုင်သည့်အပြင် လူ၏ကျန်းမာရေးအတွက် အထောက်အကူ ဖြစ်ကောင်းဖြစ်နိုင်သော်လည်း. . .၊

အိပ်ပျော်နေသူတစ်ယောက်အတွက်တော့ အနှောင့်အယှက်တစ်ခုသာ ဖြစ်နိုင်ပါသည်။

အကယ်၍ စူးရှစွာ တိုးဝင်လာကြမည့် နေရောင်ခြည်အလင်းတန်းတို့ကြောင့် မာရီယာ အိပ်ရာမှ လန့်မနိုးလျှင်တော်မှ. . .၊





ခပ်ညံ့ညံ့လက်သမားတစ်ယောက်၏ လက်ရာဖြစ်သော ပြတင်းပေါက်တံခါး၏ အော်မြည်သံကြောင့် မာရီယာ လန့်နိုးသွားနိုင်ပါသည်။

အညိုရင့်ရောင် မှန်များတပ်ဆင်ထားပြီး သစ်သားဘောင်များကို ဆေးအဖြူသုတ်ထားသော ထိုပြတင်းပေါက်တံခါးသည် တွန်းဖွင့်လိုက်သည့်အခါတိုင်း စိတ်ပျက်ဖွယ်အသံမျိုးစုံတို့ ထွက်ပေါ်တတ်မြဲဖြစ်သည်။

တခါတရံ လူမမာတစ်ယောက်၏ အော်ညည်းသံမျိုး ထွက်ပေါ်လာပြီး၊ တခါတရံတော့လည်း ဒေါသကြီးသူတစ်ယောက်၏ သွားကြိတ်သံမျိုး ဖြစ်နေတတ်၏။

အဆိုးဆုံးမှာ ခက်ခဲကျပ်တည်းစွာ တွန်းဖွင့်ရသော ထိုတံခါးသည် လေကြမ်းကြမ်းတိုက်သည့်အခါများ၌ ဝုန်းကနဲ ပြန်ပိတ်တတ်ခြင်း ဖြစ်သည်။

ထိုကိစ္စကတော့ အိပ်ပျော်နေသော မာရီယာအတွက် ဘယ်လိုမှ မကောင်းနိုင်ပါ။

နောက်ဆုံးတော့ ပြတင်းပေါက်ဖွင့်ရန် ကျွန်တော် စိတ်လျှော့လိုက်ပြီး ဒုတိယမြောက် တွေဝေခြင်းအသစ်ဖြင့် ချီတုံချတုံဖြစ်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ပျော်နေသော မာရီယာ၏နဖူးပြေပြေလေးအား ငုံ့နမ်းလိုက်လျှင် ကောင်းမလားဟူ၍ ဖြစ်သည်။

လက်မဝက်ခန့် ရှည်မျောမျော အမာရွတ်ကလေးရှိပြီး ဆံနွယ်စတို့ ကပိုကရိုဖုံးလွှမ်းနေသော သူမ၏နဖူးပြင်အား ကျွန်တော် ငုံ့နမ်းလိုက်ပါက. . .

သူမ အိပ်ရာမှ လန့်နိုးသွားနိုင်ပါသလား။

ကျွန်တော့်ပခုံးထက်၌ မှေးမှိ အိပ်စက်နေခြင်းကြောင့် ကျွန်တော်၏ခန္ဓာကိုယ်ကို လှုပ်ရမ်းလိုက်လျှင်ဖြစ်စေ၊ ဘေးနားမှ စီးကရက်ဘူးကို လှမ်းယူကာ မီးညှိဖွာရှိုက်လိုက်လျှင်ဖြစ်စေ၊ သူမ အိပ်ရာမှ လန့်နိုးသွားနိုင်ပါသည်။

အအိပ်ဆတ်သော မာရီယာသည် ဇစ်ပိုမီးခြစ်အဖုံးဖွင့်သံကြောင့် လန့်နိုးသွားနိုင်သလို ချောင်းဆိုးသံတစ်ခုကြောင့်လည်း လန့်နိုးနိုင်ပါသေးသည်။

ယုတ်စွအဆုံး သူမ၏နဖူးပေါ်မှ ဆံနွယ်စတို့ကို လေဖြင့် ခပ်ကြွမ်းကြွမ်းမှုတ်လိုက်လျှင်ပင် သူမ၏မျက်လုံးတို့ ဖြတ်ကနဲပွင့်အာလာကြပေလိမ့်မည်။

သို့သော်. . . နဖူးပြင်ကို ငြင်သာဖွဖွ နမ်းရှိုက်လိုက်ရုံလေးနဲ့တော့ မနိုးတန်ကောင်းဘူး ထင်ပါရဲ့. . .။





ထိုကိစ္စမှာ ကျွန်တော့်အတွက် ဘယ်လိုမှ မသေချာပါ။

မာရီယာ၏နဖူးအား ငုံ့နမ်းရန် မကြာခဏ ကျွန်တော် ဇဝေဇဝါဖြစ်ရသော်လည်း သူမကတော့ ဘယ်တုန်းကမှတွေဝေမနေတတ်။

တစ်ခါတုန်းက. . .

"နဖူးနမ်းချင်တယ်ကွာ။ ငုံ့ပေး"

ဟု တောင်းဆိုခဲ့ဖူး၏။

သည်တုန်းက ရှည်ကိုင်းသော ကျွန်တော့်ခန္ဓာကိုယ်ကို သူမ နမ်းသာရုံ ငုံ့ကိုင်းပေးခဲ့ရဖူးသည်။

မာရီယာသည် အရပ်ပုသူ ဖြစ်၏။

သို့သော် သူမ၏ဆံပင်တွေကတော့ သူမ၏ အရပ်နှင့် မလိုက်ဖက်စွာ ရှည်လျားလွန်းလှပါသည်။ နူးညံ့ဖြောင့်စင်းသော ထိုဆံပင်ရှည်ရှည်များကြောင့်သာ မဟုတ်ခဲ့ပါက ကျွန်တော် သူမအား စိတ်ဝင်စားခဲ့လိမ့်မည် မဟုတ်ပါ။

ကျွန်တော်က ဆံပင်ရှည်ရှည်များနှင့် ပတ်သက်လျှင် ရင်ခုန်လွယ်သူဖြစ်သည်။ ထိုအချက်က ကျွန်တော်၏ ရူးသွပ်မှုတစ်ခုဖြစ်သလို ရိုးသားဝန်ခံမှုတစ်ခုလည်း ဖြစ်သည်။

တစ်ခါတုန်းက ကျွန်တော့်အား သူမ မေးခဲ့ဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာက. . . ကျွန်မရဲ့ ဆံပင်ရှည်ရှည်တွေကို ချစ်လို့ပေါ့ နော်"

"ဒါပေါ့"

ကျွန်တော် ခပ်တည်တည်ဝန်ခံလျှင်တော့ သူမက ခြေဆောင့်ကာ စိတ်ကောက်ချင်ယောင် ဆောင်တတ်သည်။ သို့သော် တကယ်စိတ်ကောက်ခြင်းမဟုတ်ကြောင်းကိုတော့ ကျွန်တော် သိနေလေသည်။

သူမကတော့. . . ကျွန်တော့်ရဲ့ မျက်ခုံးထူထူတွေကို ချစ်ပါသတဲ့. . .။

"စတွေ့တဲ့နေ့ကတည်းက အဲဒီမျက်ခုံးတွေကို ချစ်သွားတာသိလား။ နောက်နေ့ ဆရာ့မျက်နှာကို ပြန်မြင်ယောင်ကြည့်တော့ မျက်ခုံးထူထူတွေကလွဲပြီး ဘာမှ မမှတ်မိဘူး။ ဘယ်လောက် ရယ်စရာကောင်းလဲ၊ နော်. . ."

ထိုစကားကို သူမပြောစဉ် ကျွန်တော့်အား မျက်ခုံးထူထူတွေဖြစ်အောင် မွေးဖွားပေးလိုက်သော အမေ့ကို ပထမဆုံးအကြိမ်အဖြစ် ကျေးဇူးတင်လိုက်မိသည်။





ကျွန်တော့်မျက်ခုံးတွေကို သဘောကျသည်ဆိုသောမာရီယာသည် စိတ်လိုလက်ရရှိသည့်အခါများ၌ ထို. . . မျက်ခုံးတို့ကို လက်ဖြင့် ထိကိုင်ကြည့်ပြီး. . .

"သိပ်ချစ်ဖို့ကောင်းတာပဲ"

ဟု တစ်ယောက်တည်း ရေရွတ်နေတတ်သည်။ တခါတရံတော့လည်း. . .

"အဲဒီမျက်ခုံးတွေကို ရိတ်ပစ်လိုက်ပါလားဟင်. . .။ ဒါမှ ဆရာ့ကို နောက်ထပ်တောင်မလေးတစ်ယောက်ယောက်က စိတ်မဝင်စားမှာ"

ဟု အလိုလောဘကြီးစွာ ကလေးဆန်တတ်ပါသေးသည်။

ရိုးသားပွင့်လင်းစွာ ကလေးဆန်မှုကို ကျွန်တော် မြတ်နိုးသော်လည်း ဟန်ဆောင်ခြင်းကိုတော့ ကျွန်တော် သဘောမကျ။ သို့သော် ဝမ်းနည်းဖွယ်ကောင်းစွာ ကျွန်တော်တို့နှစ်ယောက်စလုံး ဟန်ဆောင်ကောင်းကြသည်။

ကျွန်တော့်ပခုံးထက်၌ ရံဖန်ရံခါ နွဲ့မှီမေးစက်တတ်ပြီး ကျွန်တော့်အား ဆရာဟုခေါ်ကာ ကျွန်တော့်နဖူးပြင်နှင့် မျက်ခုံးထူထူတို့ကို နမ်းရှိုက်တတ်သော သူမနှင့် ကျွန်တော်သည် တစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် စူးနစ်စွာ ချစ်ကြသော်လည်း ရိုးသားပွင့်လင်းမှု မရှိကြပါ ဟု ဆိုလျှင် မည်သူမျှ ယုံကြည်ကြလိမ့်မည် မဟုတ်ပါ။

သို့သော် တစ်လောကလုံး မယုံကြည်သောထိုကိစ္စသည် ကျွန်တော်တို့နှစ်ယောက်အကြား၌ အသေအချာကို ဖြစ်ပျက်ခဲ့၏။ ချစ်သူချင်းဖြစ်လျက် တစ်ယောက်အပေါ် တစ်ယောက် ရိုးသား ပွင့်လင်းမှုမရှိဘဲ တစုံတရာကို ဖုံးကွယ်ခဲ့ကြ၏။

အဖြစ်အပျက်မှာ အလွန် ရယ်စရာကောင်းကြောင်း နှစ်ယောက်စလုံး ဝမ်းနည်းစွာ သတိပြုမိကြပါသည်။ သို့သော် တစ်ခု ခက်သည်မှာ သူမရော ကျွန်တော်ပါ ဟန်ဆောင်ကောင်းကြခြင်း ဖြစ်သည်။

◆ ◆ ◆



# [ ၂ ]

ကမ္ဘာလောကကြီးအတွင်း ကံဆိုးသော အဖြစ်အပျက်တို့ မြောက်မြားစွာရှိနိုင်ပါသည်။

ဥပမာ. . . ကုသရန်ခက်ခဲသော ရောဂါဝေဒနာတစ်ခုခု ကပ်ငြိခံရခြင်းမျိုး၊ သို့မဟုတ် မတော်တဆ ထိခိုက်ဒဏ်ရာရရှိခြင်း မျိုး. . .။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်. . . မာရီယာနှင့် ကျွန်တော်၏ဆုံတွေ့ခဲ့မှုလောက် မည်သည့်အဖြစ်အပျက်ကမှ ကံဆိုးခဲ့လိမ့်မည် မဟုတ်ပါ။

ကျွန်တော်တို့နှစ်ယောက် ညစ်ခံပွဲတစ်ခု၌ မတော်တဆ ဆုံဆည်းခဲ့ကြသည်။ နောင်အခါ ကျွန်တော့်အတွက် ကံဆိုးမိုးမှောင်ကျသောနေ့ဟု သတ်မှတ်ရမည့် ထိုနေ့သည် မိုးအလွန်ရွာသော နေ့တစ်နေ့မဟုတ်သလို၊ အထူးတလည် သာယာလှပသောနေ့လည်း မဟုတ်ပါ။

သာမန်လတစ်လ၏ သာမန်နေ့တစ်နေ့သာဖြစ်သော်လည်း ကျွန်တော့်သူငယ်ချင်း စာအုပ်ထုတ်ဝေသူတစ်ယောက်ကတော့ ထိုနေ့သည် သူ့အတွက် သာမန်နေ့တစ်နေ့ မဟုတ်ပါဟု ဖုန်းဆက်အကြောင်းကြားလာခဲ့သည်။

"ဒီနေ့ ကိုယ်တို့လင်မယား အိမ်ထောင်သက် နှစ်နှစ်ပြည့်တဲ့ အထိမ်းအမှတ်အတွက် အိမ်မှာ ညစ်ခံပွဲအသေးစားလေးတစ်ခု လုပ်မလို့၊ အဲဒါ. . . ညနေ ခြောက်နာရီလောက် မောင်ရင် အားသလား"

ဖုန်းထဲမှ သူငယ်ချင်း၏အသံက ပျော်ရွှင်မှုတွေနှင့် တက်ကြွနေသည်။

"အားပါတယ်၊ ပြော. . . ဘာကူညီရမလဲ"

"ကူညီရမှာကတော့ ကိုယ်တို့ညစ်ခံပွဲကို မင်း လာချီးမြှင့်ဖို့ပဲ"





"ဟာ. . . အဲဒါတော့ မဖြစ်ဘူးထင်တယ်၊ လူရှုတ်တဲ့နေရာတွေ ကိုယ် သွားလေ့သွားထမရှိဘူး။ နောက်ပြီး. . ."

"သွားရမှာမဟုတ်ဘူး သူငယ်ချင်းရဲ့၊ လာရမှာ။ ပြီးတော့ လူလည်းမများစေရဘူး၊ ကိုယ်တို့လင်မယားရယ်၊ မင်းရယ်၊ ညီသည်လေးနှစ်ယောက် သုံးယောက်ရယ်. . . ဒါပဲ"

လူစည်ကားသောနေရာများသို့ သွားလေ့သွားထမရှိသော ကျွန်တော်သည် ထုတ်ဝေသူ သူငယ်ချင်း၏ဖိတ်ကြားမှုကိုတော့ ဘယ်လိုမှ မလွန်ဆန်နိုင်ခဲ့ပါ။

ဤသို့ဖြင့် သူငယ်ချင်းကိုအကြောင်းပြုလျက် ထို. . . ညစ်ခံပွဲသို့ ကျွန်တော် ရောက်ရှိသွားရပြီး မာရီယာကတော့ ထုတ်ဝေသူ သူငယ်ချင်း၏ဇနီးသည်ကို အကြောင်းပြုလျှက် ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

ထိုနေ့က ကျွန်တော်တို့နှစ်ယောက်၏ ဆုံဆည်းမှုသည် ကံဆိုးခြင်းဖြစ်သည်ဆိုပါက သူမနှင့်ကျွန်တော့်အား တစ်စားပွဲတည်း နေရာချပေးခံရခြင်းမှာ ကံခေမှုသာ ဖြစ်ပါလိမ့်မည်။

ထိုကံခေမှုကြောင့်ပင် နက်မှောင်ပြောင့်စင်းသော ဆံပင်ရှည်ရှည်များအား အနီးကပ်မြင်တွေ့ခွင့် ရခဲ့ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခြောက်နာရီဆက်ဆက်လာခဲ့ပါဟု ဆိုသော်လည်း ကျွန်တော် ရောက်သွားတော့ ခုနစ်နာရီကို ကျော်စပြုနေပြီဖြစ်သည်။ တမင် နောက်ကျသွား၍ စောစောပြန်ရန် ရည်ရွယ်ခဲ့ခြင်း ဖြစ်သည်။

(သို့သော်. . . ဘဝ၌ အစဉ်အမြဲ အတွက်အချက်လွဲခဲ့သော ကျွန်တော်သည် ထိုနေ့ကလည်း ထုံးစံအတိုင်း အတွက်အချက် လွဲမှားခဲ့သည်။)

"မောင်ရင်လာတာ နောက်ကျလိုက်တာ။ ဝိုင်းတွေတောင် ပြည့်နေပြီ"

ထုတ်ဝေသူ သူငယ်ချင်းအိမ်ရောက်တော့ ခင်းထားသော ဝိုင်းသုံးဝိုင်းလုံး လူပြည့်နေပြီ ဖြစ်၏။

"မင်းပြောတော့ လူမများဘူးဆို. . ."

"အေးလေ. . . ဘယ်မှာများလို့လဲ၊ ရှိလှ ဆယ့်လေးငါး ယောက်ပေါ့။ လာကွာ သူငယ်ချင်း. . . အထဲက ဆက်တီဝိုင်းမှာ မောင်ရင့်အတွက် သီးသန့်ပြင်ပေးမယ်"

ဤသို့ဖြင့် အတွင်းဘက်မှ ဆက်တီစားပွဲဝိုင်းဆီသို့ သီးသန့်ဧည့်သည်အဖြစ် ကျွန်တော် ရောက်ရှိသွားရပြီး ကျွန်တော့်လိုပင် သီးသန့်ဧည့်သည်အဖြစ် ထိုဝိုင်း၌ ထိုင်နေသော မာရီယာနှင့် စတင် ဆုံဆည်းခဲ့ရခြင်း ဖြစ်သည်။





မိန်းကလေးတစ်ယောက်တည်းထိုင်နေသော ဝိုင်း၌ ဝင်ထိုင်ရန် မဝံ့မရဲဖြစ်နေသော ကျွန်တော့်အဖြစ်ကို ရိပ်မိဟန်နှင့် သူငယ်ချင်းက သူမနှင့် ကျွန်တော့်အား မိတ်ဆက်ပေးသည်။

"မိတ်ဆက်ပေးရဦးမယ်။ ဒါ ကိုယ့်မိန်းမရဲ့ ကျောင်းနေဖက် သူငယ်ချင်းကွ။ အဲ. . . သူကတော့ ကျွန်တော့်ရဲ့ အရင်းနှီးဆုံး ငယ်သူငယ်ချင်းပဲ"

၎င်း၏မိတ်ဆက်ပေးမှုက အမည်နာမမပါဘဲ ကပျက်ကချော်နိုင်လှပါသည်။ သို့သော် ထိုမိတ်ဆက်ပေးမှုကြောင့်ပင် သူမထံမှ အသိအမှတ်ပြုဟန် အပြုံးတစ်စကို လှစ်ကနဲ ကျွန်တော် တွေ့မြင်လိုက်ရပြီး ထိုဝိုင်း၌ ဝင်ထိုင်ရန် အင်အားတို့ကို ကျွန်တော် ရရှိသွားခဲ့ခြင်း ဖြစ်သည်။

နောင်အခါ ကျွန်တော့်အား အကျည်းတန်သော စိတ်ခံစားမှုတို့ကို ခံစားရရှိစေမည့် မာရီယာသည် ထိုညကတော့ မိန်းမဝတ် အစိမ်းရောင်ကုတ်အင်္ကျီလေးနှင့် အလွန်ပဲလှပနေခဲ့သည်။

အသားဖြူဖြူ သွယ်လျလျနှင့် မာရီယာ၏ဆံပင်တို့က နူးညံ့ပျော့ပျောင်းစွာ နက်မှောင်သန်စွမ်းလွန်းလှပါသည်။

စားပွဲပေါ်မှ အစားအစာအနည်းငယ်နှင့် ဝိုင်ချို နှစ်ငုံလောက် သောက်သုံးပြီးချိန်မှာတော့ ထိုဆံပင်ရှည်ရှည်များကို ကျွန်တော် ရင်ခုန်သွားခဲ့ပြီး. . .၊



www.burmeseclassic.com

www.burmeseclassic.com



(သူမကတော့ ကျွန်တော့်ရဲ့ မျက်ခုံးထူထူတွေကို စိတ်ဝင်စား သွားခဲ့ပါသတဲ့ . . . ။)

သူမ၏စိတ်ဝင်စားမှုအား ပိုမို တွန်းအားဖြစ်စေခဲ့သည့် အခြား အကြောင်းတစ်ခုမှာ ကျွန်တော်သည် ဝတ္ထုရေးသူတစ်ယောက် ဖြစ်ကြောင်း သူမ သိရှိသွားခြင်း ဖြစ်သည်။

ထုတ်ဝေသူ သူငယ်ချင်း၏ဇနီး ရောက်ရှိလာပြီး ကျွန်တော်တို့နှစ်ယောက်အား အတိအကျ နာမည်ဖော်ကာ မိတ်ဆက်ပေးခြင်းဖြင့် သူမ သိရှိသွားခြင်း ဖြစ်သည်။

"ဘုရားရေ. . . ကျွန်မ ဆရာ့ဝတ္ထုတွေကို သိပ်ကြိုက်တာ သိလား။ ပြီးတော့. . . ဆရာ့ကိုလည်း သိပ်ပြီး တွေ့ဖူးချင်နေတာ။ အိုး. . . တကယ့်ကို တိုက်တိုက်ဆိုင်ဆိုင်ပဲနော်၊ ခုလိုတွေ့ရလိမ့်မယ်လို့ ကျွန်မ ထင်ကိုမထားမိဘူး"

သူမ တအံ့တသြရေရွတ်ရင်း ဟန်းချိန်းထူထူများ ဝတ်ဆင်ထားသော လက်ကိုဆန့်တန်းကာ. . .

"မာရီယာ"

ဟု စတင်မိတ်ဆက်လေသည်။





ဤနည်းဖြင့် ကျွန်တော်တို့နှစ်ယောက်၏ ကံဆိုးမှုက အစပျိုးခဲ့ခြင်း ဖြစ်သည်။ (သို့သော်. . . မာရီယာကတော့. . . ကံဆိုးခြင်း ဟူသော အသုံးအနှုန်းကို ယနေ့တိုင်အောင် လက်ခံခြင်းမရှိ။)

"ကျွန်မကတော့ ဒါကို ကံဆိုးတယ်လို့ မထင်ဘူးဆရာ။ တကယ်လို့ ကံဆိုးတာဆိုရင်လည်း နောင်ဘဝရှိရင်တောင် ခုလို ကံဆိုးမှုမျိုးနဲ့ ထပ်ကြုံချင်သေးတယ်"

မာရီယာသည် အလွန်ပြတ်သားသော မိန်းကလေးတစ်ယောက် မဟုတ်ပါက အလွန် စိတ်ကူးယဉ်ဆန်သော မိန်းကလေးသာ ဖြစ်ပါလိမ့်မည်။

ထိုညက ကျွန်တော်တို့ ဝိုင်ချို အနည်းငယ်စီသောက်ရင်း စကားအတော်များများ ပြောဖြစ်ခဲ့ကြသည်။ အဓိကကတော့ စာပေအကြောင်း၊ ကျွန်တော့်ဝတ္ထုအကြောင်းဖြစ်ပြီး ပုဂ္ဂိုလ်ရေးကိုတော့ နည်းနည်းစီပဲ ပြောဖြစ်ခဲ့ကြသည်။

ကျွန်တော်တို့၏စကားဝိုင်း ပြီးဆုံးချိန်မှာတော့ ကျွန်တော်တို့နှစ်ယောက် စိတ်ချင်း အလွယ်တကူပဲ ရင်းနှီးသွားလေသည်။

ယခုတိုင်အောင် ကျွန်တော် တအံ့တသြဖြစ်ရတာတစ်ခုက တိုတောင်းသောအချိန်အတွင်း ဘာဖြစ်လို့များ ကျွန်တော်တို့ စိတ်ဓာတ်ချင်း အလွယ်တကူ ရင်းနှီးနွေးထွေးသွားရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ ကျွန်တော်က သူမရဲ့ဆံပင်ရှည်ရှည်တွေကို အလွယ်တကူ ရင်ခုန်သွားခဲ့ရတာလဲ။ သူမကကော. . . ပေါ့။ ထိုကိစ္စမှာ ဝိုင်ချိုချိုများကြောင့် မဟုတ်ခဲ့ပါက၊ စာရေးဆရာများ အလွယ်တကူသုံးနှုန်းလေ့ရှိသော "ဖူးစာ"ဟူသည့် စကားကြောင့်များလား။

အနည်းငယ် ထူးဆန်းတာတစ်ခုမှာ ကျွန်တော် သူမအား အလွယ်တကူ ရင်ခုန်သွားခဲ့သော်လည်း သူမသည် ကျွန်တော်၏ သတ်မှတ်စံနှုန်းများနှင့် ကိုက်ညီသူမဟုတ်ခြင်း ဖြစ်သည်။

အရွယ်ရောက်ပြီးသူတိုင်း မိမိ၏ချစ်သူအား စိတ်ကူးဖြင့် ကြိုတင် ပုံဖော်တတ်ကြသည့်နည်းတူ ကျွန်တော်သည်လည်း ကျွန်တော့်ချစ်သူဖြစ်လာရမည့် မိန်းကလေးအား ကြိုတင်မြင်ယောင် ပုံဖော်ထားခဲ့ပြီး ဖြစ်သည်။

ကျွန်တော်၏ချစ်သူသည် သိပ်ပြီးလှပနေရန် မလိုသလို သိပ်ပြီး ပညာတတ်ဆန်ကာ ထက်မြက်ရန်လည်း မလိုအပ်ပါ။ သို့သော် မပါမဖြစ်ပါရှိရမည့် အချက်တချို့တော့ ရှိ၏။

ဥပမာ. . . မျက်လုံးတွေတောက်ပရမည်။ (ရယ်လိုက်လျှင် မျက်လုံးတွေကပါ လိုက်လံရယ်မောရမည်။) နှုတ်ခမ်းတွေ ပါးလျနီစွေးရမည်။ ပြီးတော့. . . ကျွန်တော် မကျွမ်းကျင်သော ဘာသာရပ် တစ်ခုခု၌ ထူးထူးချွန်ချွန်တတ်ကျွမ်းရမည်။





ဆိုပါစို့. . . နိုင်ငံခြားဘာသာတစ်ခုခုဖြစ်စေ၊ ဗေဒလို၊ ကွန်ပျူတာလို၊ ဆေးပညာလိုမျိုးဖြစ်စေ . . . တစ်မျိုးမျိုး၌ ကျွန်တော့်ထက် ထူးချွန်စေချင်သည်။

မာရီယာသည် ထိုအချက်များနှင့် ကိုက်ညီသူမဟုတ်ပါ။ ထို့ထက်ပို၍ဆိုးသည်မှာ သူမက အရုပ်ဆိုးလွန်းခြင်း ဖြစ်သည်။

အရုပ်ဆိုးသော မိန်းကလေးတစ်ယောက်နှင့် ချစ်သူဖြစ်လိမ့်မည်ဟု ဘယ်တုန်းကမှ ကျွန်တော် တွေးထင်စိတ်ကူးယဉ်မကြည့်ခဲ့ဖူးပါ။ သူမနှင့်ကျွန်တော်၏ ဆုံပတ်သက်ခဲ့မှုသည် ဖူးစာဟု ဆိုပါက ထိုဖူးစာမှာ အတော့်ကို အံ့ချော်ကာ ရယ်စရာကောင်းလွန်းလှပါသည်။

သို့သော် ကျွန်တော် မရယ်မောနိုင်လောက်အောင်ပင်၊ ကျွန်တော့်ထက် အသက်ငယ်ကာ အရုပ်ဆိုးလွန်းသော မာရီယာသည် သိပ်မကြာခင်မှာပင် ကျွန်တော့်ဘဝထဲသို့ တိုးဝင်ရောက်ရှိလာခဲ့လေသည်။

သူမ တိုးဝင်ငြိတွယ်လာပုံက ညက်ညော ညင်သာလွန်းလှသဖြင့် ကျွန်တော်တို့၏ဘဝနှစ်ခု တိုက်မိလုနီးနီးအချိန်ကျမှ အတော်နီးကပ်သောအနေအထားသို့ ရောက်ရှိနေပြီဖြစ်ကြောင်း နှစ်ယောက်စလုံး အထိတ်တလန့် သတိပြုမိကြပါသည်။

+ + +



www.burmeseclassic.com

www.burmeseclassic.com

# [ ၃ ]

ဘဝမှာ ထူးထူးခြားခြား အဖြစ်အပျက်တစ်ခုခုနှင့် တွေ့ကြုံရတော့မည်ဆိုလျှင် အတိတ်နိမိတ် တစုံတရာပြတတ်သည်ဟု နိမိတ်တဘောင်ဆရာများက ညွှန်းဆိုတတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်. . . ကျွန်တော့်ဘဝထဲသို့ မာရီယာ တိုးဝင်ငြိတွယ်လာတော့မည့်အကြောင်းကိုတော့ မည်သည့်နိမိတ်မှ မပြခဲ့။ အချိန်မခါမဟုတ် မိုးရွာတာမျိုးနှင့် မတွေ့ကြုံခဲ့ရသလို အိပ်မက်ဆိုးတွေလည်း မမြင်မက်ခဲ့ပါ။

ယုတ်စွအဆုံး လမ်းသွားရင်း ခလုတ်တိုက်တာမျိုးပင် မကြုံကြိုက်ခဲ့။ သို့သော်. . . မာရီယာကတော့ ထူးထူးခြားခြား ကျွန်တော်နှင့်ဆန့်ကျင်စွာ ကျွန်တော့်ကို အိပ်မက် မြင်မက်သည်ဟု နောင်ရင်းနှီးသွားသောအခါ ကျွန်တော့်အား ပြန်လည်ပြောပြခဲ့သည်။

"ဆရာနဲ့ ပထမဆုံးတွေ့တဲ့နေ့က အိမ်ပြန်ရောက်တော့ ကျွန်မလေ ဆရာ့ကိုပဲ သတိရနေတာ သိလား။ အဲဒါကြောင့်လား မသိဘူး။ အဲဒီညက ဆရာ့ကို ကျွန်မ အိပ်မက်မက်တယ် ဆရာ။ အိပ်မက်ထဲမှာ ဆရာနဲ့ကျွန်မ စကားတွေအများကြီးပြောကြတယ်တဲ့"

"ဘာအကြောင်းတွေလဲ"

"မမှတ်မိတော့ဘူး။ ပြီးတော့လည်းလေ. . . သိလား"

"အင်း"

"ဆရာ. . . မရယ်နဲ့နော်"

"ပြောပါ"





"ဆရာ့မှာ အိမ်ထောင်မရှိမှန်းလည်းသိလျက်နဲ့ အိပ်မက်ထဲမှာ ဆရာ့မိန်းမက ကျွန်မကိုလာပြီး ရန်တွေ့တယ်. . . တဲ့"

"ဘာကြောင့်ရန်တွေ့တာလဲ"

"ပြောတတ်ဖူးလေ"

မရယ်နဲ့ဟု သူမ တင်ကြိုပိတ်ပင်ထားလျှက်နှင့် အသံထွက်ကာ ကျွန်တော် တမင်ရယ်မောလိုက်သည်။

"ဆရာနော်. . . ကြည့်ပါလား. . . မရယ်ပါနဲ့ဆို. . . "

ထိုအခါ ချွဲနွဲ့ရန်တွေ့သံဖြင့် သူမ ခပ်ဆောင့်ဆောင့်အော်ရင်း ရှက်ရွံ့စွာ စိတ်ကောက်လေသည်။ သူမ စိတ်ကောက်ပြေရန် မည်သည့်ချော့ရာပြေကြောင်း စကားကိုမှ ကျွန်တော်မပြောဘဲ ပြုံးကာ ငြိမ်သက်နေတော့. . .

မာရီယာက မျက်စောင်းလှလှလေးထိုးရင်း တစ်ယောက်တည်း ရေရွတ်သည်။

"ဆရာနော်. . . ဆရာ။ ဆရာဘာတွေ တွေးနေလဲ၊ ကျွန်မသိတယ်"

"သိရင်ပြောလေ. . . ကိုယ် ဘာတွေတွေးနေလဲ"

"ဟင့်အင်း. . . ပြောဘူး"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းကိုစူရင်း ခပ်ဆောင့်ဆောင့်ရေရွတ်လျက် အရှက်သည်းစွာ သူမ ငြိမ်သက်သွားလေသည်။

နှုတ်ခမ်းစူခြင်း၊ မျက်စောင်းခဲခြင်း တို့သည် သာမန်မိန်းကလေးတစ်ယောက်၏ အပြုအမူသာ ဖြစ်ပါသည်၊ သို့သော်. . . မနေ့ကမှ ခင်မင်ရင်းနှီးခဲ့သော မိတ်ဆွေတစ်ယောက်၏အိမ်သို့ နောက်နေ့မနက်အစောကြီး ရောက်ချလာပြီး မွေးနေ့ပွဲဖိတ်ခြင်းကတော့ သာမန်အပြုအမူမှ ဟုတ်ရဲ့လားဟု ကျွန်တော် ယခုတိုင်အောင် တအံ့တဩဖြစ်ခဲ့ရသည်။

◆ ◆ ◆





သူမနှင့်ကျွန်တော် စတင်တွေ့ဆုံပြီး နောက်နေ့မနက်မှာပင် ကျွန်တော့်အိမ်သို့ သူမ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

ကျွန်တော့်အခန်းကျဉ်းလေးသို့ သူမ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာရန်အတွက် ရှေးဦးစွာ ကျွန်တော်၏လိပ်စာကို သူမ စုံစမ်းသိရှိရန် လိုအပ်ပါသည်။ ထို့ပြင်. . . မရောက်ဖူးသူအတွက် ရှုပ်ထွေးလှသော ကျောက်မြောင်း၏လမ်းသွယ်များပေါ်၌ ကျွန်တော်၏ လိပ်စာအား ရှာဖွေတွေ့ရှိရန် အချိန်အတော်ကြာကြာ သူမ အသုံးပြုခဲ့ရပါလိမ့်မည်။

ထိုကိစ္စအားလုံးကို အပင်ပန်းခံ၍ တကူးတက ဆောင်ရွက်လာခဲ့သော သူမ၏အကြောင်းပြချက်က "ဆရာ့ကို ကျွန်မရဲ့မွေးနေ့ပွဲလာဖိတ်တာ ဆရာ". . . တဲ့။

သူမ၏ သတိတရရှိမှုအတွက် လိုက်ကာနဲ ကြည်နူးရသလို သူမ ကျွန်တော့်အိမ်လိပ်စာကို သိရှိခြင်းအတွက်လည်း အံ့ဩရပါသည်။

"မာရီယာ. . . တို့လိပ်စာကို ဘယ်လိုလုပ်သိသလဲ"

"မခက်ပါဘူး ဆရာရဲ့။ ဆရာပဲပြောခဲ့တယ်လေ။ ဆရာ ကျောက်မြောင်းမှာနေတယ်။ ဆရာ့အိမ်ရှေ့မှာ ကျောင်းတစ်ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်။ ကျောက်မြောင်းထဲမှာ စာသင်ကျောင်းတွေက သိပ်များများ မရှိပါဘူး ဆရာရဲ့။ ဒီလိုပဲ ရှာလိုက်ရတာပေါ့"

သို့သော် ကန်ထရိုက်တိုက်တစ်တိုက်၏ ညာဘက်အပေါ်ဆုံးထပ်၌ရှိသော ကျွန်တော့်အခန်းတံခါးအား အလွဲအမှားမရှိ သူမ ခေါက်နိုင်ဖို့အတွက်တော့ ထိုအချက်အလက်မျှနှင့် မလုံလောက်နိုင်ပါ။

အင်းလေ. . . ဒါလည်း အောက်ထပ်မှာ မေးစမ်းလာရင် ဖြစ်တာပါပဲ။

ထိုနေ့က သူမ၏သတိတရ လာရောက်ဖိတ်ကြားမှုကြောင့် သူမ၏မွေးနေ့ပွဲသို့ ကျွန်တော် ရောက်ရှိသွားခဲ့ရသည်။ အုန်းနို့ခေါက်ဆွဲ၊ အအေးတို့ဖြင့် ရိုးရိုးလေးညှေ့ခံသော သူမ၏မွေးနေ့ပွဲသို့ ဘာလက်ဆောင်ပစ္စည်းမှ ယူမလာရပါဟု အတင်းအကျပ် ပိတ်ပင်ခဲ့သော သူမသည် ကျွန်တော့်ကိုတော့. . .

သူမ၏မွေးနေ့ပွဲလက်ဆောင်ဟု ဆိုကာ ဆွမ်းအုပ်ပုံသဏ္ဌာန်သော့ချိတ်ကလေးတစ်ခု လက်ဆောင်ပေးလေသည်။ သူမပေးသော ထိုလက်ဆောင်မှာ ရက်အနည်းငယ်အတွင်းမှာပင် ကျွန်တော် ဘယ်နားထားမိမှန်းမသိဘဲ ပျောက်သွားခဲ့သည်။





ထိုကိစ္စကို သူမသိတော့ ကျွန်တော့်အား မကျေမနပ်နှင့် ပြစ်တင်စကား ဆိုလေသည်။

"ဆရာက ကျွန်မပေးတဲ့လက်ဆောင်ကို တန်ဘိုးမထားဘူး"

သူမ၏စွပ်စွဲမှုကို ကျွန်တော် ရိုးသားစွာပင် ခေါင်းညိတ်ဝန်ခံလိုက်ပါသည်။

အမှန်တကယ်လည်း ထိုသော့ချိတ်လေးအပေါ် ကျွန်တော် တလေးတနက် တန်ဖိုးမထားခဲ့။ ကျွန်တော့်အတွက် တန်ဘိုးဟူသည်ကို အသုံးဝင်မှုနှင့်သာ တိုင်းတာလေ့ရှိသည်။

သို့သော် သူမကတော့ ထိုအချက်ကို လက်မခံပါ။

"ကျွန်မကတော့ တန်ဘိုးထားတယ်ဆိုတာ အသုံးဝင်ခြင်း မဝင်ခြင်းနဲ့ မဆိုင်ဘူးထင်တယ်ဆရာ။ ဥပမာ ကျွန်မဆိုရင် ဆရာလက်ဆောင်ပေးတဲ့စာအုပ်တွေ၊ ဆရာ့ဝတ္ထုတိုပါလို့ဝယ်ထားတဲ့ မဂ္ဂဇင်းတွေကို ခုချိန်ထိ သိမ်းထားတုန်းပဲ"

"ဒါကတော့. . . မာရီယာ့အတွက် တစုံတရာ အသုံးဝင်နေသေးလို့ ဖြစ်မှာပေါ့"

"ထားပါတော့. . . ဒါဖြင့် ကျွန်မသူငယ်ချင်းတစ်ယောက်ဆို ဘယ်လိုပြောမလဲ သူဆို ဟိုးငယ်ငယ်လေးကတည်းက ကြည့်ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင်လက်မှတ်တွေ၊ စီးခဲ့ဖူးတဲ့ ဘတ်စ်ကားလက်မှတ်တွေ ခုချိန်ထိ သိမ်းထားတုန်းပဲ။ အဲဒါကျတော့ကော. . .”

“ဒါကတော့. . . နောင်တစ်ချိန် အဲဒီလက်မှတ်တွေ သူပြန်ကြည့်ရင် သူ့ရဲ့ငယ်ဘဝကို အမှတ်တရဖြစ်လိမ့်မယ်လို့ ရည်ရွယ်မျှော်လင့်ထားလို့ ဖြစ်မှာပေါ့”

“ကဲ. . . ဒါဆို အဲဒီ ကျွန်မရဲ့လက်ဆောင် သော့ချိတ်လေးကရော နောင်တစ်ချိန် ကျွန်မနဲ့ပတ်သက်ပြီး ဆရာ့အတွက် အမှတ်ရစရာပစ္စည်းလေး မဖြစ်နိုင်ဘူးလား”

“သိပ်ဖြစ်နိုင်တာပေါ့”

“ဒါဆို ဘာဖြစ်လို့ သေချာသိမ်းမထားသလဲ။ ကဲ. . .”

“အဲဒီသော့ချိတ်ထက် ပိုပြီးအမှတ်တရဖြစ်ရမယ့်အရာတွေ မာရီယာဆီက ထပ်ရဦးမယ်ဆိုတာ ကိုယ်သိနေလို့ပေါ့”

“ဆရာ သိပ်လည်တာပဲ”

• • •



# [ ၄ ]

သို့သော် အမှန်တကယ်လည်သူမှာ ကျွန်တော်မဟုတ်ဘဲ မာရီယာသာ ဖြစ်လေသည်။

မာရီယာသည် ကျွန်တော်သွေးအေး လက်လျှော့ နောက်ဆုတ်မည် ကြံသောအခါ ရှေ့တိုးလာအောင် မြှူဆွယ်တတ်ပြီး ကျွန်တော်က ရှေ့ဆက်တိုးမည်ဆိုသောအခါ ထိုနေရာ၌ပင် ရပ်တန့်နေစေရန် ကျွမ်းကျင်လိမ္မာစွာ ဟန့်တားတတ်သောကြောင့် ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



မာရီယာ၏မွေးနေ့ပွဲသို့ ကျွန်တော်ရောက်ရှိခဲ့ပြီး တစ်ပတ်ခန့်အကြာ သူမနှင့်ကျွန်တော် ကျောက်မြောင်းထဲ၌ ထပ်မံဆုံဆည်းခဲ့သည်။

ထိုသို့ ဆုံဆည်းဖြစ်စေရန် လုံလောက်သောအကြောင်းကတော့ ကျွန်တော်က နေ့လယ်နေ့ခင်းတိုင်း လဘက်ရည်ထွက်သောက်တတ်ပြီး၊ ကျွန်တော်သောက်သော လဘက်ရည်ဆိုင်နှင့် မလှမ်းမကမ်းတွင် မာရီယာ၏သူငယ်ချင်းတစ်ယောက်ရှိကာ. . .

သူမက ထိုသူငယ်ချင်းထံ အလည်လာတတ်သောကြောင့်ဖြစ်သည်။ ထိုအချက်အလက်များကြောင့် သူမနှင့်ကျွန်တော် တစ်ကြိမ်မဟုတ် တစ်ကြိမ် ဆုံဆည်းကြုံကြိုက်နိုင်သည်ဟု လက်ခံရပါမည်။

ထိုနေ့က ကျွန်တော်မှာထားသော လဘက်ရည်တစ်ခွက်ကောင်းစွာမအေးစက်ခင်မှာပင် အဖြူရောင်ဆူပါရုဖ်ကားလေးဖြင့် ကျွန်တော့်ထံသို့ သူမ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ကားပေါ်မှဆင်း၍ ကျွန်တော်ရှိရာစားပွဲသို့ ဆံပင်ရှည်ရှည်များနှင့်အတူ ယိမ်းနွဲ့ညင်သာစွာ လျှောက်လှမ်းလာပြီး၊ ကျွန်တော့်ရှေ့၌ ခပ်တည်တည်ဝင်ထိုင်ကာ မေးသည်။





"ကျွန်မ ခုလိုရောက်လာလို့ အံ့ဩမသွားဘူးလား ဆရာ"

"ဘွားကနဲ ကိုယ်ထင်ပြသလို ရောက်လာတာမှမဟုတ်ဘဲ၊ ကားပေါ်ကဆင်းပြီး လမ်းလျှောက်လာတာတဲ့ဥစ္စာ မအံ့ဩပါဘူး၊ ပြီးတော့ ဒီနားမှာ မာရီယာ့သူငယ်ချင်းတစ်ယောက်ရှိတယ်လို့ ကိုယ့်ကို ကြိုပြောထားသားပဲ။ ဒါပေမယ့် . . . မရှင်းတာတစ်ခုတော့ မေးချင်တယ်"

"မေးလေ"

"ကိုယ်က ဒီဆိုင်ကို ခုပဲရောက်တာ၊ ကိုယ်ရောက်ပြီး ဘာမှမကြာဘူး မာရီယာရောက်လာတာ နည်းနည်းထူးဆန်းသလိုပဲ"

ကျွန်တော့်ထက်လည်သော မာရီယာသည် ထိုမေးခွန်းအားသိမှာပါးနပ်စွာ လှီးလွှဲဖြေလိမ့်မည်ဟုထင်လျှင် မှားသွားနိုင်ပါသည်။ သူက သူငယ်ချင်းတိုက်၏ဝရံတာမှ ကျွန်တော့်အား စောင့်ကြည့်နေပြီး ကျွန်တော်လာတာမြင်တာနှင့် တိုက်ပေါ်မှ ဆင်းလာခြင်းဖြစ်ကြောင်း ရှင်းရှင်းစွာ အဖြေပေးလေသည်။

"ဒါဖြင့် မာရီယာ ကိုယ့်ကိုစောင့်နေတာပေါ့"

"ဆရာ့ကလည်း စာရေးဆရာဖြစ်ပြီး အသုံးအနှုန်းတွေကညံ့လိုက်တာ။ စောင့်တယ်ဆိုတာ လာမှာသေချာတဲ့လူကိုမှ စောင့်လို့



www.burmeseclassic.com

www.burmeseclassic.com



ရတာလေ။ လာမယ်မလာဘူး မသေချာတဲ့လူကို ဘယ်လိုလုပ် စောင့်လို့ရမှာလဲ"

"ဒါဆို. . ."

"မျှော်နေတာ။ ဟုတ်တယ်. . . ဆရာများ ဒီဆိုင်ကိုလာ မလားဆိုပြီး ကျွန်မ မျှော်နေတာ"

မာရီယာသည် ထိုသို့သောမိန်းကလေး ဖြစ်၏။

သူမ ပွင့်လင်းချင်သည့်အခါများ၌ လွတ်လပ်စွာ ပွင့်လင်း ရဲသလောက်၊ မြိုသိပ်ဟန်ဆောင်ပြီဆိုလျှင်လည်း နားလည်ရခက် လောက်အောင် ဟန်ဆောင်ကောင်းသူ ဖြစ်သည်။

ထိုနေ့က. . ."ဆရာသောက်သလို လဘက်ရည်ပဲ သောက် မယ်"ဟု ဆိုသဖြင့် ကျွန်တော် သူမအား လဘက်ရည်တစ်ခွက် မှာတိုက်လိုက်ရပြီး သူမကတော့ ကျွန်တော့်အား စကားလုံးဆယ်လုံး လက်ဆောင်အဖြစ် ပြန်ပေးသွားပါသည်။

"ဆရာ့ကို ကျွန်မ သိပ်ခင်တယ်ဆရာ". . . တဲ့။





သူမ၏စကားလုံးလက်ဆောင်တို့ကို တနင့်တပိုး ရင်ခွင်ထဲ ပွေ့ပိုက်၍ အိမ်ပြန်သွားခဲ့သော ကျွန်တော်သည် ထိုညက ကောင်းစွာ အိပ်မပျော်ခဲ့ပါဟုဆိုလျှင် မည်သူမှ အံ့ဩကြလိမ့်မည်မဟုတ်သော် လည်း. . .

သူမကတော့ အံ့ဩပါသတဲ့. . .။

"ဆရာ့လို စာရေးဆရာတစ်ယောက်က ကျွန်မရဲ့စကား တစ်ခွန်းကြောင့် အိပ်မပျော်ဘူးဆိုတော့ အံ့ဩစရာကြီး။ မလုပ်ပါနဲ့ ဆရာရယ်. . .။ ကျွန်မ ဘဝင်တွေဘာတွေ မြင့်သွားပါဦးမယ်"

နောက်တစ်ကြိမ် ထိုဆိုင်လေး၌ထိုင်စဉ် သူမက ရယ်ကျဲကျဲ နှင့် ထိုအတိုင်း တုံ့ပြန်ခဲ့လေသည်။

"အဲဒီစကားလုံးတွေထဲမှာ ဘာတွေပါသလဲ မာရီယာ သိရဲ့ လား"

"ဟင့်အင်း . . . ဘာတွေများ ပါသွားလို့လဲဆရာရဲ့။ ပြောပါဦး"

"ဆူးတွေပါတယ်။ ဆူးဆိုတာမျိုးက ဟိုစူး၊ ဒီစိုက်၊ ဟိုငြိ၊ ဒီငြိ ဖြစ်တတ်တယ် မာရီယာရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အိုး. . . အဲဒီဆူးတွေကြောင့် ဆရာ အိပ်မပျော်ဘူး ဖြစ်သွားတာပေါ့နော်။ ကျွန်မ စိတ်တောင်မကောင်းဘူး။ ဒီလိုမှန်းသိရင် အဲဒီစကားကို ကျွန်မ မပြောခဲ့ပါဘူး"

"ကိစ္စမရှိပါဘူး မာရီယာရဲ့။ ကိုယ်က ဒီထက်မကတဲ့ စကားမျိုးတွေတောင် ကြားချင်နေတာ"

"ဘယ်လိုစကားမျိုးပါလိမ့်"

"ဥပမာ. . ."

"ကြည့်စမ်း. . . ခုမှသတိရတယ်။ ဒီနေ့ ကျွန်မကား ဆီထုတ်ရက် ဆရာရဲ့"

"မာရီယာ. . ."

"ဘာလဲဟင်. . . ဆရာ ဓါတ်ဆီလိုက်ထုတ်ပေးမလို့လား"

"မဟုတ်ပါဘူး"

"ဒါဆို. . . ကျွန်မ လဘက်ရည်ဘိုး ရှင်းလိုက်တော့မယ်နော်"

". . ."

သေချာသည်မှာ. . . ကျွန်တော့်ထက်လည်သော မာရီယာသည် ကျွန်တော့်ထက်လည်း ပိုမိုပါးနပ်လိမ္မာသူ ဖြစ်လေသည်။

❒ ❒ ❒



# [ ၅ ]

'အချစ်'ဟူသော စကားလုံးအား ဝတ္ထုရေးရန်မှအပ၊ ဘယ်တုန်းကမှ ကိုယ်ကျိုးအတွက် မစဉ်းစားခဲ့ဘူးသော ကျွန်တော်သည် မာရီယာနှင့်ဆုံဆည်းခဲ့ပြီး နောက်ပိုင်းမှာတော့ အချစ်အကြောင်းကို တလေးတနက် စဉ်းစားတတ်လာသည်ဟု ဆိုလျှင်. . .



www.burmeseclassic.com

www.burmeseclassic.com



ရယ်စရာဖြစ်ကောင်းဖြစ်နိုင်ပါလိမ့်မည်။ သို့သော် ထိုကိစ္စအား လှောင်ပြောင်ရယ်မောရန်အထိတော့ မဖြစ်သင့်ပါ။

ကျွန်တော်၏ လက်တစ်ဆုပ်စာသူငယ်ချင်းများထဲမှ ရင်ဘတ်ချင်းနီးစပ်သော ပန်းချီဆရာနှင့် မဂ္ဂဇင်း အယ်ဒီတာအား ထိုအကြောင်းရင်ဖွင့်တော့ ၄င်းတို့က ကျွန်တော့်အား လှောင်ပြောင်ရယ်မောခဲ့ကြ၏။

"မောင်ရင့်အရွယ်က အဲဒီအကြောင်းတွေ ရှုးရှုးမိုက်မိုက်စဉ်းစားရတော့မယ့် အရွယ်မဟုတ်ဘူး။ လေးနက်ရတော့မယ့် အရွယ်ဖြစ်နေပြီ"

"ဟုတ်တယ်၊ အသက်နှစ်ဆယ်အရွယ်တုန်းကတောင် မစဉ်းစားခဲ့ဘဲနဲ့ အသက်သုံးဆယ်နီးမှတော့ မစဉ်းစားချင်ပါနဲ့တော့ စာရေးဆရာရယ်။ နောက်ကျသွားခဲ့ပါပြီ"

၄င်းတို့၏စကားကြောင့် ကျွန်တော့်မျက်နှာ နွေးကနဲဖြစ်သွားရ၏။ တကယ်လား. . .။ ကျွန်တော် တကယ်ပဲ နောက်ကျသွားခဲ့ပြီလား။

"ဒီအရွယ်ကြီးကျမှ အချစ်အကြောင်း စဉ်းစားချင်လာအောင် မောင်ရင့်ကို တစ်ယောက်ယောက်က ပြုစားလိုက်တာများလား"





ကျွန်တော့်အား စိတ်ဝင်တစား ဝိုင်းဝန်းမေးမြန်းကြသော်လည်း အချစ်အကြောင်းစဉ်းစားရန် အားမပေးသော သူငယ်ချင်းနှစ်ယောက်အား မာရီယာ့အကြောင်းကျွန်တော်ပြောမပြဖြစ်တော့ပါ။

သို့သော် ထုတ်ဝေသူ သူငယ်ချင်းကတော့ ကျွန်တော်မပြောဘဲ မာရီယာနှင့်ကျွန်တော့်အကြောင်းကို ကင်ကြိုရိပ်မိနေခဲ့သည်။

"ကျောက်မြောင်းက ကျဉ်းကျဉ်းလေးနော်"

တစ်ရက် ကျွန်တော်တို့နှစ်ယောက် လဘက်ရည်ဆိုင်ထိုင်စဉ်၄င်းက အထက်ပါအတိုင်း မဆီမဆိုင် စကားစ,လာခဲ့သည်။

"ကျဉ်းတော့ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ။ မောင်ရင်တို့နှစ်ယောက်ကို တိုယ် ခဏခဏတွေ့နေရတာပေါ့။ မမြင်ချင်မှအဆုံးပဲ"

သည်တော့မှ မာရီယာနှင့်ကျွန်တော့်ကို ရည်ရွယ်ပြောခြင်းဖြစ်ကြောင်း ကျွန်တော် သဘောပေါက်လိုက်သည်။

"ပြောစမ်းပါဦး. . . မောင်ရင်တို့အခြေအနေက ဘယ်လိုလဲ"

"ဒီလိုပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဟ. . . ဒီလိုပါပဲဆိုတာ"

"တစ်ပတ်မှာ သုံးလေးခါလောက်ဆုံဖြစ်တယ်။ လဘက်ရည်ဆိုင်ထိုင်ပြီး စကားပြောတယ်။ ဒီလောက်ပါပဲ"

"ဇာတ်လမ်းက အခုမှအစပျိုးတုန်း ဆိုပါတော့။ ကိုယ်တို့လင်မယား ကူညီဖို့လိုရင် ပြောလေ။ ဇာတ်ရံအဖြစ် ပါဝင်ဖို့လိုရင်လည်း ဝင်ပါပေးမယ်"

"လောလောဆယ်တော့ မလိုသေးဘူး ထင်တာပဲ"

ထိုနေ့က ကျွန်တော်တို့နှစ်ယောက် လမ်းခွဲတော့ သူငယ်ချင်းထုတ်ဝေသူက ကျွန်တော့်အား စကားတစ်ခွန်းပြောသည်။

"ဇာတ်မြောကြီးတော့ မဖြစ်စေနဲ့ကွာ" တဲ့။

(၄င်း၏သတိပေးစကားက နောင်အခါ ကျွန်တော့်အတွက် နိမိတ်စကားတစ်ခုဖြစ်လာလိမ့်မည်ဟု ထိုစဉ်က ကျွန်တော် မစဉ်းစားမိခဲ့. . .။)

တကယ်တော့ သူငယ်ချင်းဖြစ်သူ စိုးရိမ်မည်ဆိုလျှင်လည်း စိုးရိမ်ရလောက်အောင်ပင် မာရီယာနှင့်ကျွန်တော့်အကြား ကွာဟချက်တွေက များပြားလွန်းလှသည်။





မာရီယာတို့မိသားစုက ငွေကြေးချမ်းသာသလို ဆွေမျိုးအရှိန်အဝါကလည်း ကြီးမားလှ၏။ ရာထူးကြီးကြီးတစ်ခုမှ အငြိမ်းစားယူထားသော မာရီယာ့ဖခင်သည် လောလောဆယ် ကုမ္ပဏီကြီးတစ်ခုကို ဦးဆောင်နေသူဖြစ်သည်။

ကျွန်တော်၏မိဘများကတော့ နယ်မြို့လေးတစ်မြို့မှသာမန်လူလတ်တန်းစား ကုန်သည်ပွဲစားမျှသာ ဖြစ်လေသည်။ သူလိုကိုယ်လိုဘွဲ့တစ်ခုကိုရရှိပြီး ဝါသနာပါရာ အနုပညာနယ်ပယ်ထဲသို့ ခြေစုံပစ်ဝင်ကာ ရန်ကုန်မြို့၌ ကျွန်တော်တစ်ယောက်တည်း ရပ်တည်နိုင်ရန် ကျားကုတ်ကျားခဲ ကြိုးစားခဲ့ရသည်။

မာရီယာကတော့ ဓါတုဗေဒအဓိကဖြင့် ကျောင်းပြီးကတည်းက မည်သည့်အလုပ်မှမဝင်ဘဲ ကားတစ်စီးနှင့် သူငယ်ချင်းတွေဆီအလည်သွားလိုက်. . .၊ ဈေးဝယ်ထွက်လိုက်. . .။

တခါတရံ စိတ်လိုလက်ရရှိသည့်အခါများ၌ ဖခင်၏ကုမ္ပဏီအလုပ်ကို ဟန်ပြကူညီလိုက်နှင့်ပင် သူမ၏အချိန်ပိုများအား ပေါ့ပေါ့ပါးပါး ဖြတ်သန်းခဲ့သည်ဟု ကျွန်တော် အကြမ်းဖျင်း နားလည်ခဲ့ရသည်။

သူငယ်ချင်းဖြစ်သူ စိုးရိမ်မည်ဆိုလည်း စိုးရိမ်စရာပါပဲ။ မာရီယာနှင့်ကျွန်တော့်အကြား မတူညီမှုတွေက များပြားလွန်းလှ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုထဲမှ အကြီးမားဆုံးတစ်ချက်ကတော့ ကျွန်တော်တို့နှစ်ယောက်၏ ယုံကြည်ကိုးကွယ်မှု မတူညီကြခြင်းပဲ ဖြစ်သည်။

ကျွန်တော်က ဗုဒ္ဓဘာသာကို ယုံကြည်ပြီး မာရီယာကတော့ ခရစ်ယာန်ဘာသာကို ကိုးကွယ်ပါသတဲ့။ သို့သော် ကျွန်တော့်အတွက် တစ်ခု စိတ်ဖြေစရာဖြစ်ရသည်မှာ မာရီယာသည် ထိုအကြောင်းနှင့်ပတ်သက်၍ တစ်ခါမှ စကားမစခဲ့ခြင်း ဖြစ်သည်။

ကျွန်တော်ကသာ မနေနိုင်မထိုင်နိုင် "မာရီယာနဲ့ ကိုယ် ဘာသာချင်း မတူကြဖူးနော်"ဟု တစ်ကြိမ် စကားစခဲ့မိသည်။ သည်တုန်းက မာရီယာ ကျွန်တော့်အား ခပ်ဆန်းဆန်းအကြည့်ဖြင့် တစ်ချက်ကြည့်ကာ. . .

"အဲဒါ ဘာဖြစ်လဲဆရာရဲ့။ တစ်ယောက်နဲ့တစ်ယောက် ခင်မင်တဲ့ကိစ္စမှာ ဘာသာတူစရာ လိုလို့လား"

မာရီယာ့တုံ့ပြန်မှုကြောင့် ကျွန်တော် အနည်းငယ် စိတ်လက်ပေါ့ပါးသွားခဲ့ရပြီး ထို့နောက်ပိုင်းတော့ ဘာသာရေးနှင့်ပတ်သက်၍ စကားဦးမတည်မိအောင် ကျွန်တော် ရှောင်ရှားနိုင်ခဲ့သည်။

သို့သော်. . . ကျွန်တော်ကသာ အစိုးရိမ်ကြီးနေသော်လည်း မာရီယာကတော့ မည်သည့်အကြောင်းအရာကိုမှ တကူးတက





ရှောင်ရှားခြင်းမျိုးမရှိသလို အထူးတလည် ဦးတည်ခြင်းမျိုးလည်း မရှိပါ။

ပြောချင်စိတ်ပေါ်လျှင် အလွယ်တကူပြောတတ်ပြီး၊ ပြောချင်စိတ်မရှိလျှင်တော့ ချက်ချင်းပင် စကားလမ်းကြောင်း ပြောင်းလဲပစ်တတ်သည်။ များသောအားဖြင့် ကျွန်တော်တို့နှစ်ယောက်၏ စိတ်ခံစားမှုနှင့်ပတ်သက်သော အကြောင်းအရာမျိုးတွေမှာ ဖြစ်သည်။

ထိုသို့. . . မာရီယာ၏ စကားလမ်းကြောင်းပြောင်းတတ်သောအကျင့်က ကျွန်တော့်အား မကြာခဏဆိုသလို စိတ်အနှောင့်အယှက် ဖြစ်စေခဲ့ပါသည်။

❒ ❒ ❒



www.burmeseclassic.com

www.burmeseclassic.com

# [ ၆ ]

ထိုအချက်မှအပ ကျွန်တော်တို့နှစ်ယောက်၏ ဆက်ဆံရေးကတော့ မြန်မြန်ဆန်ဆန်ပင် တိုးတက်နေခဲ့သည်။ နေ့စဉ်ရက်ဆက်မဟုတ်သည့်တိုင် တစ်ပတ်လျှင် အကြိမ်အတော်များများ ကျွန်တော်တို့ ဆုံဆည်းဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်နေ့ခင်း လဘက်ရည်သောက်ချိန်များ၌ ကျွန်တော် ရှိသောဆိုင်ရှေ့သို့ နတ်သမီးတစ်ပါး ကိုယ်ထင်ပြသလို သူမ ဘွားကနဲ ရောက်ရှိလာတတ်မြဲ ဖြစ်သည်။

ကျွန်တော် လဘက်ရည်ထွက်မသောက်သည့် အချိန်မျိုး ဆိုလျှင်တော့ ကျွန်တော်နေထိုင်ရာ တိုက်ရှေ့သို့ သူမကား ထိုးရပ်ကာ ဟွန်းသံပေးတတ်သည်။ သူမ ဟွန်းတီးပုံက အသံတို၊ အသံရှည် ထို့နောက် အသံတို. . . ဟွန်းသုံးချက်ကို ခပ်စိပ်စိပ် တွဲတီးတတ်၏။

သူမ၏ကားဟွန်းသံကို အလွတ်ရနေသော ကျွန်တော်က သူမကားရောက်ပြီဆိုလျှင် ရေးလက်စစာမူကိုရပ်ကာ တိုက်ပေါ်မှ ဆင်းရသည်။

သူမ ကျွန်တော့်ထံသို့ ရောက်ရှိမလာသောနေ့ရက်များမှာ တော့. . . တစ်ခေါက်တစ်လေ စိတ်လိုလက်ရရှိသည့်အခါများ၌ အက်ရှရှအသံလေးနှင့် ဖုန်းလှမ်းဆက်တတ်ပါသေးသည်။

"ဒီနေ့ ဆရာ ကျွန်မကို မျှော်နေသေးလား"

"အသေအချာကို မျှော်နေတာပေါ့ မာရီယာရဲ့"

"ကျွန်မ လာမလို့ပဲ၊ အိမ်အလုပ်တွေ နည်းနည်းရှုပ်နေတာနဲ့"

"ကိုယ် နားလည်ပါတယ်"





"သန်ဘက်ခါ လာခဲ့မယ်လေ။ အဲဒီနေ့ကျရင် ဆရာ့ရေးလက်စ ဝတ္ထုတွေကိုလည်း ဖတ်ကြည့်ပြီး ဝေဖန်ပေးမယ်။ ဘယ့်နှယ့်လဲ"

"အိုကေတာပေါ့"

အချိန်တိုတိုအတွင်းမှာပင် အရှိန်အဟုန်ပြင်းပြင်းနှင့် နှောင်ဖွဲ့လာသော ကျွန်တော်တို့နှစ်ယောက်အကြားရှိ သံယောဇဉ်ပမာဏ ကို ကျွန်တော့်နည်းတူ သူမလည်း သတိပြုမိလိမ့်မည်ဖြစ်ကြောင်း သံသယရှိစရာ မလိုပါ။

သို့သော် ထိုကိစ္စနှင့်ပတ်သက်သည့် မာရီယာ့သဘောထား တို့ကတော့ ဝေ့လည်လည်နိုင်လွန်းလှပါသည်။

■ ■ ■

"ဒယ်ဒီကတောင် မေးနေသေးတယ်"

"ဘာကိုလဲ မာရီယာ"

မာရီယာ ချက်ချင်းမဖြေသေးဘဲ ဒိုမိနိုခွက်ကို ငွန်းဖြင့် ဖြည်းညင်းစွာ မွှေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ လဘက်ရည်ဆိုင်ထိုင်ရတာ ငြီးငွေ့သောအခါများ၌ အပြောင်းအလဲသဘောနှင့် အခြားဆိုင်များသို့ ပြောင်းရွှေ့ထိုင်တတ်သည့်နည်းတူ ထိုနေ့က ပလာဇာနားမှ အအေးဆိုင်တစ်ခုမှာ ထိုင်ဖြစ်ခဲ့ကြသည်။

"ဒယ်ဒီမေးတာက မာရီယာ ကျောက်မြောင်းက စာရေးဆရာတစ်ယောက်နဲ့ မိတ်ဆွေတွေဖြစ်နေတယ်ဆို. . . တဲ့။"

"တကယ်လား မာရီယာ. . . သူ ဘယ်လိုလုပ်သိသလဲ"

မာရီယာ ကျွန်တော့်အား ပြုံးထေ့ထေ့ကြည့်ရင်း ပခုံးတစ်ချက်တွန့်ပြသည်။

(မာရီယာ၏ ချစ်စရာကောင်းသော အပြုအမူများထဲမှ ကျွန်တော် ရင်အခုန်ဆုံးက ပခုံးတွန့်ခြင်းနှင့် နှာခေါင်းရှုံ့ခြင်းဖြစ်သည်။) သို့သော် ထိုနေ့ကတော့ သူမ၏စကားက သူမ၏ပခုံတွန့်ခြင်းထက် ပိုမိုရင်ခုန်စရာကောင်းနေပါသည်။

"ဆိုစမ်းပါဦး. . . အဲဒီတော့ မာရီယာ ဘယ်လိုပြန်ပြောလိုက်သလဲ"

"မိတ်ဆွေတွေမဟုတ်ပါဘူး၊ သူငယ်ချင်းတွေပါလို့ ပြန်ပြောလိုက်တာပေါ့"





"ဒီတော့. . . မာရီယာ့ဒယ်ဒီက ယုံရောတဲ့လား"

"ဘာမယုံစရာရှိသလဲ ဆရာရဲ့။ ကျွန်မ မဟုတ်တာမပြောတတ်မှန်း ဒယ်ဒီတို့သိနေတာပဲ ဥစ္စာ"

မာရီယာက သူမ၏စကားအပေါ် ယုံကြည်စိတ်ချဟန်အပြည့်နှင့် ခပ်အေးအေးပြန်ပြောသည်။ သူမ၏အဖေ အမှန်တကယ်ယုံမယုံ မသိသော်လည်း ကျွန်တော်ကတော့ မယုံချင်ပါ။

မဟုတ်တာမပြောတတ်သော မာရီယာသည် ဟုတ်တာတွေကိုရော အမှန်အတိုင်း ဝန်ခံရဲပါရဲ့လား။ ဆိုပါစို့. . . ။ ကျွန်တော်တို့နှစ်ယောက်ကြားက သံယောဇဉ်နဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ်ပေါ့. . . ။

"ဆရာ ဘာတွေတွေးနေတာလဲ"

ရုတ်တရက် နှုတ်ဆိတ်သွားသော ကျွန်တော့်အား အကဲခတ်သလိုကြည့်ရင်း သူမလှမ်းမေးတော့. . . ၊ မပြောတော့ရန် ရည်ရွယ်ထားလျက်နှင့် ကျွန်တော် လွှတ်ကနဲ ပြန်ပြောဖြစ်သွားသည်။

"ဪ. . . မဟုတ်တာမပြောတတ်တဲ့လူတွေဟာ ဟုတ်တာတွေကိုရော အမှန်အတိုင်းပြောတတ်ရဲ့လားလို့ စဉ်းစားကြည့်နေတာ"

ကျွန်တော့်စကားကြောင့် သူမမျက်နှာလှလှလေး ကွက်ကနဲတစ်ချက်ပျက်သွား၏။ သို့သော် ချက်ချင်းပင် အိန္ဒြေဆယ်ကာ မပြုံးချင်ပြုံးချင် ပြုံးလျက်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့စကားကြီးကလည်း တစ်မျိုးကြီးပဲ။ ဘာလဲ. . . ဆရာ ကျွန်မကို ရိနေတာလားဟင်"

"ဟင့်အင်း. . . စဉ်းစားကြည့်နေတာပါ"

"တော်ပြီကွာ။ တခြားအကြောင်းအရာ ပြောင်းရအောင်။ ကျွန်မ ဒီနေ့ ဆရာနဲ့ ရန်မဖြစ်ချင်ဘူး"

"သဘောလေ။ ကဲ . . . မာရီယာ ဘယ်အကြောင်းအရာ ပြောင်းပြီး ပြောချင်လဲ"

သူမ မေးစေ့ကို လက်ဖြင့်ထောက်လျက် စဉ်းစားဟန်ပြုပြီးမှ. . ."ကျွန်မ ငယ်ငယ်တုန်းကအကြောင်း ပြောမယ်"ဟု စကားစ,သည်။

"ကျွန်မက ငယ်ငယ်တုန်းက အရမ်းချူချာတာ ဆရာရဲ့ သိလား၊ နေမကောင်းဖြစ်ပြီး ခဏခဏ ဆေးရုံတက်ရတယ်။ ဆေးရုံတက်ရတော့မယ်ဆိုရင် အရမ်းကြောက်တာပဲ။ လဲတောင်သေချင်တယ်၊ မာမီကတော့ အားပေးပါတယ်။ ဆေးရုံပို့ခါနီးတိုင်း မာရီယာ ဆေးရုံတက်ချင်ရဲ့လား။ မတက်ချင်ရင် ပြောနော်။ သမီးမတက်ချင်ဘဲ မာမီတို့ အတင်းအကျပ်မပို့ဘူး။ အဲဒီလိုမျိုးပေါ့"

"အဲဒီတော့ မာရီယာ ဘာပြန်ပြောလိုက်သလဲ"





"ဟင့်အင်း. . . ဘာမှမပြောဘူး"

"ဘာဖြစ်လို့လဲ"

ကျွန်တော့်အမေးကြောင့် သူမ ကျွန်တော့်အား ဖြတ်ကနဲ တစ်ချက်စိုက်ကြည့်ပြီးမှ လှပစွာပြုံးလိုက်သည်။

"ဆရာ့စကားနဲ့ပြောရရင် ဟုတ်တာကို ဟုတ်တဲ့အတိုင်း ဝန်မခံတာပေါ့ ဆရာ။ ဘာဖြစ်လို့ဝန်မခံတာလဲ ဆိုတော့ အဲဒီလို ဝန်ခံလိုက်ရင် မာမီတို့ စိတ်ညစ်ရမယ်လေ။ ပြီးတော့. . . မာရီယာ့ ရောဂါလည်း ပျောက်မှာမဟုတ်ဘူး။ ဒါကြောင့် ဆေးရုံမတက်ချင်သေမယ့် မတက်ချင်ဘူးလို့ ဝန်မခံလိုက်တာ"

ကျွန်တော့်၌ ပြန်ပြောစရာစကား ပါးရှားစွာ သက်ပြင်းငွေ့ငွေ့ ချလိုက်မိ၏။ မာရီယာက တစ်လုံးချင်း ဆက်ပြောသည်။

"အမှန်ကို အမှန်အတိုင်းဝန်ခံလို့ အကျိုးမထူးတဲ့ကိစ္စမျိုးမှာ ဘာမှ ဝန်မခံဘဲနေတာက ပိုပြီးကောင်းပါတယ် ဆရာ"

ကျွန်တော်တို့နှစ်ယောက်အနက် အမှန်တကယ် စာရေးဆရာဖြစ်သင့်သူမှာ ကျွန်တော်မဟုတ်ဘဲ မာရီယာသာ ဖြစ်လေသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

# [ ၇ ]

ခပ်ဖြည်းဖြည်းနင်းလာသော စက်ဘီးတစ်စီးကို ဘရိတ်အုပ်လိုက်ပါက ရုတ်တရက် တုံ့ကနဲ ရပ်ဆိုင်းသွားနိုင်သော်လည်း၊ အရှိန်ပြင်းပြင်းမောင်းနှင်လာသော ကားတစ်စီးအား ထိုသို့ရပ်ဆိုင်းရန် ခက်ခဲနိုင်ပါသည်။

မြားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လောက၌ ထုထည်ပမာဏနှင့် အရှိန်အဟုန်ကြီးမားလေ တွံ့ကနဲရပ်တန့်ဖို့ ခက်ခဲလေပဲ ဖြစ်၏။ ကျွန်တော်နှင့်မာရီယာ၏ အဖြစ်ကလည်း အဲဒီအတိုင်းပါပဲ. . .။

အချိန်တိုတိုအတွင်းမှာပင် ကျွန်တော်တို့နှစ်ယောက်အကြား ရှိ သံယောဇဉ်အနှောင်အဖွဲ့က ကြီးမားလာခဲ့၏။ ထိုသို့ အရှိန်အဟုန် ပြင်းပြင်းနှင့် တိုးတက်ကြီးမားလာသော သံယောဇဉ်အား. . .

အလွယ်တကူ မေ့ဖျောက် ရပ်တန့်ပစ်ဖို့ဆိုသည်မှာ စိတ်ကူး နှင့်ပင် မစဉ်းစားသင့်သောကိစ္စ ဖြစ်သည်။

သို့သော် မာရီယာသည် တခါတရံ သူများမစဉ်းစားသော ကိစ္စမျိုးကိုမှ ရွေးချယ်စဉ်းစားတတ်သူ ဖြစ်၏။ (ကျွန်တော်တို့ နှစ်ယောက်အကြားရှိ သံယောဇဉ်အား ရပ်တန့်ရန် မာရီယာ ကြိုးစား ခဲ့ဖူးသည်။)

ဘာဖြစ်လို့ အဲဒီလိုရပ်တန့်ပစ်ချင်ရတာလဲ။ ကြာလေ ရုန်း ထွက်ဖို့ခက်လေ ဖြစ်လာမည့်သံယောဇဉ်အား စောစောစီးစီး ဖြတ် တောက်ပစ်ချင်တဲ့ သဘောများလား။

“ကျွန်မတို့ တစ်ယောက်နဲ့တစ်ယောက် ဆက်မခင်ကြရင် မကောင်းဘူးလား ဆရာ”





သူမ ထိုစကားကိုပြောလာသောအချိန်သည် ကျွန်တော်၏ ပထမဦးဆုံးဘီယာခွက်ကို စတင်သောက်သုံးရန် ကြိုးစားနေချိန် ဖြစ်သည်။

ထိုနေ့က. . . “ဆရာ ဘီယာသောက်တတ်တယ် ဟုတ်လား၊ ကျွန်မတို့ တရုတ်ကြီးဆိုင် သွားထိုင်ကြရအောင်။ ဆရာက ဘီယာ သောက်၊ ကျွန်မက ကန်စွန်းရွက်သုတ်နဲ့ ကော်ရည်ခေါက်ဆွဲ စားမယ်” ဟူသော သူမ၏စကားကြောင့် ကျွန်တော်တို့နှစ်ယောက် တရုတ်ကြီး ဆိုင်သို့ ရောက်ဖြစ်ခဲ့ကြသည်။

ထိုဆိုင်ရောက်ပြီး ကျွန်တော် ဘီယာတစ်ခွက်မှမသောက်ရ သေးခင်မှာပင် ဘီယာထက် ပိုမူးစေသောစကားကို သူမ ပြောလာခဲ့ ခြင်း ဖြစ်သည်။ ထိုစကားမပြောခင် အနည်းငယ် ထူးဆန်းသော တိုက်ဆိုင်မှုဆို၍. . .

ပိုက်ဆံအလှူခံသော အဘိုးအိုတစ်ယောက် ကျွန်တော်တို့ ဝိုင်းရှေ့သို့ရောက်လာသဖြင့် သူမရော ကျွန်တော်ပါ အလှူငွေ ထည့် လိုက်သည့်အခါ. . .

“ဘဝတစ်လျှောက်လုံး ချစ်ချစ်ခင်ခင်နဲ့ လက်တွဲနိုင်ပါစေ” ဟု ဆုတောင်းပေးသွားခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအိုး၏ဆုတောင်းစကားကြောင့် သူမ မျက်နှာညိုလျက် အတန်ကြာ နှုတ်ဆိတ်ငြိမ်သက်သွားပြီးမှ အထက်ပါစကားကို စတင်လာခဲ့ခြင်း ဖြစ်သည်။ ဆက်မခင်ကြရင် မကောင်းဘူးလား ဆရာ. . တဲ့။

မထင်မှတ်သောစကားက ကျွန်တော့်အား အတန်ကြာအောင် နှုတ်ဆွံ့ကာ ကြက်သေ သေသွားစေခဲ့သည်။ မာရီယာက ကားသော့ကို အမိပွာယ်မဲ့စွာ ဆော့ကစားရင်း ငြိမ်သက်နေသည်။

"ဘာဖြစ်လို့လဲ မာရီယာ။ ဘာကြောင့် ဆက်မခင်ကြရမှာလဲ"

ကျွန်တော် တအံ့တသြအမေးကို သူမက တစုံတရာမတုံ့ပြန်ဘဲ သက်ပြင်းကိုသာ ဖွဖွရှိုက်၏။

"ပြောပါဦး မာရီယာရဲ့။ ကိုယ်တို့ ဆက်မခင်ကြဖို့ အကြောင်းပြချက်တစ်ခုခုများ ရှိနေလို့လား"

သူမ ဖြတ်ကနဲ တစ်ချက်မော့ကြည့်လျက်. . .

"တချို့ကိစ္စတွေမှာ အကြောင်းပြချက်မလိုဘူးလေ ဆရာ"

"သေချာတာပေါ့ မာရီယာရဲ့။ ကိုယ်တို့ ခုလိုခင်မင်ကြတဲ့ကိစ္စမှာ ဘာအကြောင်းပြချက်မှ မလိုဘူး။ နောက်ပြီး. . . ကိုယ် မာရီယာ့အပေါ်မှာထားတဲ့. . ."





"ပြာခွေလိုက်ဦး ဆရာ"

"ဟင်"

"ဆရာ့ စီးကရက်ပြာတွေ ရှည်နေပြီ။ ခွေချလိုက်ဦး၊ တော်ကြာ လုံချည်မီးပေါက်နေဦးမယ်"

". . ."

သေချာပါတယ်။

မာရီယာဟာ ကျွန်တော်နားလည်အောင် ရေးသားထားတဲ့ စာအုပ်တစ်အုပ် မဟုတ်သလို ကျွန်တော်သဘောပေါက်အောင် ပြုစုထားတဲ့ အဘိဓါန်တစ်ခုလည်း မဟုတ်ဘူး။

ဒါပေမယ့် ကျွန်တော်ကိုယ်တိုင်က အဲဒီ စာအုပ်၊ အဲဒီ အဘိဓါန်ကိုမှ ဖတ်ချင်နေတာကတော့ ဝမ်းနည်းစရာကောင်းလှပါသည်။

"ကျွန်မတို့နှစ်ယောက် လုံးဝမတွေ့ဖြစ်ခဲ့ကြရင် ကောင်းမယ် ဆရာ။ ဒါမှမဟုတ်လည်း ခုထက်ပိုပြီး စောစောတွေ့ဖြစ်ခဲ့ကြရင် ကောင်းမယ်"

ဘာဖြစ်လို့လဲ မာရီယာ. . .။

ဘာဖြစ်လို့လဲ. . .။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့များလဲ. . . ။

မာရီယာ့စကားတွေကို ကျွန်တော် ဘယ်လိုမှ နားလည်အောင် ကြိုးစားကြည့်၍မရပါ။

"မင်း ဘာဖြစ်နေတာလဲ မာရီယာ။ ဘာကိုဆိုလိုချင်တာလဲ။ ကိုယ် နားလည်အောင် ဒီ့ထက်ပိုပြီး ရှင်းရှင်းလင်းလင်းပြောပြစမ်းပါ"

သူမ ခေါင်းကိုင့်ထားလျက်မှ ပင့်သက်တစ်ချက်ကို ဖွဖွရှိုက်၏။ ထို့နောက် ဝေ့ဝေမှိုင်းမှိုင်းအကြည့်တို့ဖြင့် ကျွန်တော့်အား ဖြတ်ကနဲ မျက်လုံးလှန်လျှက်ကြည့်ရင်း. . .

"ကျွန်မ. . . ပြန်တော့မယ်ဆရာ"

ကျွန်တော် တစုံတရာမတားဆီးနိုင်ခင်မှာပင် သူမ ထိုင်ရာမှထကာ ဆိုင်ပြင်သို့ ထွက်ခွာသွားသည်။

ယခင်က ကျွန်တော့်အား တိုက်ရွှေ့သို့လိုက်ပို့ပြီးမှ သူမပြန်လေ့ရှိသော်လည်း ထိုနေ့ကတော့ ကျွန်တော့်အား ခေါက်ဆွဲဆိုင်လေးထဲမှာ ကန်စွန်းရွက်သုတ်တစ်ပွဲ၊ ကော်ရည်ခေါက်ဆွဲတစ်ခွက်၊ မသောက်ရသေးသည့် ဘီယာတစ်လုံးနှင့်အတူ သူမ ချန်ထားရစ်ခဲ့ခြင်း ဖြစ်သည်။

■ ■ ■





အဲဒီလိုနဲ့ပဲ. . .
စကားလုံးတွေရဲ့
ထောင်ချောက်ထဲမှာ
ငါဟာ . . .
အကြိမ်ကြိမ်အခါခါ
ခြေချော်လက်ချော်
ဖြစ်ခဲ့ရ . . . ။

အေးမြမြ နှင်းတွေနဲ့
ဝေးခဲ့ . . . ။

အရုဏ်ဦးမိုးသောက်ယံနဲ့
လွဲခဲ့ . . . ။

ရွှေရည်စိမ်အိပ်မက်တွေနဲ့
ခွာပြဲခဲ့ . . . ။

အဲဒီလိုနဲ့ပါပဲ . . . ။
ငါ့အလွမ်းကို ငါထမ်းလို့
ငါ့လမ်းကို ငါဆက်လျှောက်ခဲ့တယ် . . . ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## [ ၈ ]

ခေါက်ဆွဲဆိုင်လေးထဲမှ ကျွန်တော့်အခန်းကို ပြန်ရောက်တော့ မှောင်ရီဖြိုးဖျ မီးထွန်းစအချိန်သို့ ရောက်နေပြီ ဖြစ်၏။

တစ်ယောက်နဲ့တစ်ယောက် ဆက်ပြီးမခင်ကြရင် မကောင်းဘူးလား ဆရာ. . . ဟူသည့် စကားသံကတော့ တရစ်ဝဲဝဲ ကြားယောင်နေဆဲပါပဲ. . .။



www.burmeseclassic.com

www.burmeseclassic.com



ဂစ်တာတစ်လက်ကို ဆွဲယူကာ သီချင်းတစ်ပုဒ်ကို အော်ဟစ်ဆိုငြီးရင်း တစ်စစီဖွာလန်ကြဲနေသော စိတ်ဓာတ်တို့ကို စုဆည်းတည်ဆောက်နိုင်ရန် ကျွန်တော် အပြင်းအထန် ကြိုးစားခဲ့ရသည်။

သို့သော် ကျွန်တော်၏ကြိုးစားမှုတို့က မအောင်မြင်ပါ။ ထို့ကြောင့် စိတ်ပျက်လက်ပျက်နှင့် ဘီယာဆိုင်လေးသို့ ပြန်ထွက်ရန် ကျွန်တော် ဆုံးဖြတ်လိုက်သည်။

ထိုအချိန်မှာပင် ဓါတ်တိုင်ပေါင်းများစွာ ဝေးကွာသောအရပ်ရှိ သူမ၏တယ်လီဖုန်းခေါ် သံက သတ္တုဝါယာကြိုးတန်းတစ်လျှောက်ဖြတ်သန်းစီးဆင်းလျက် ကျွန်တော်နေထိုင်ရာ ကန်ထရိုက်တိုက်ကြီး၏အောက်ဆုံးထပ်ဆီသို့ ရောက်ရှိလာခဲ့သည်။

ကျွန်တော် တယ်လီဖုန်းသွားကိုင်တော့ သူမ၏အသံတိုးတိုးလေးက ဖုန်းခွက်ထဲမှတစ်ဆင့် ကျွန်တော့်နားစည်သို့ ညင်သာစွာတိုးဝင်လာသည်။

"ကျွန်မ ဆုံးဖြတ်လိုက်ပြီဆရာ"

"ဘာကိုလဲ မာရီယာ"

ကျွန်တော် စိုးရိမ်တကြီးမေးတော့ သူမ ချက်ချင်းမဖြေဘဲ အနည်းငယ် တုံ့ဆိုင်းနေပြီးမှ. . .

"ကျွန်မတို့ ဆက်ခင်ကြရအောင်ပါ ဆရာ"





(ဘယ်လောက်များ နားလည်ရခက်လိုက်တဲ့မာရီယာလဲ။)

သူမသည် အပြောင်းအလဲမြန်သူမဟုတ်ပါက၊ မပြောင်းလဲချင်သူသာ ဖြစ်ရပါလိမ့်မည်။ မာရီယာ့စကားအဆုံး ကျွန်တော့်ရင်ထဲ၌ အုံ့ဆိုင်းနေသော တိမ်ညိုမဲများ ရုတ်ချည်းပင် လွင့်စင်သွားကြသည်။

ထို့နောက်တော့ ကျွန်တော် စိတ်ပျက်သဘောကျစွာ အသံထွက်၍ ရယ်မောလိုက်မိသည်။

"ဆရာ ဘာရယ်တာလဲ"

"သဘောကျလို့ပါ။ မာရီယာ့ကြည့်ရတာ ရှေ့တိုးလိုက်၊ နောက်ဆုတ်လိုက်နဲ့ တစ်ယောက်တည်း ထုတ်စည်းတိုးနေသလိုပဲ။ ပြောစမ်းပါဦး၊ ခုတော့ ဘယ်လိုကြောင့် ဆက်ခင်ဖို့ဆုံးဖြတ်ဖြစ်သွားတာလဲ"

"တချို့ကိစ္စတွေမှာ အကြောင်းပြချက်မလိုဘူးလေ ဆရာရဲ့"

မာရီယာ့အဖြေက လွယ်ကူရှင်းလင်းတဲ့ အဖြေလား၊ ရှုပ်ထွေးနက်နဲတဲ့ အဖြေလား။ ကျွန်တော် ဝေခွဲ၍မရ။ ဘာပဲဖြစ်ဖြစ် သံယောဇဉ်ကို ရပ်တန့်ဘို့ မကြိုးစားတော့သည့်အတွက် စိတ်ဖြေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ။ မာရီယာ့အဖြေကို ကိုယ် ကျေကျေနပ်နပ်ကြီး လက်ခံလိုက်ပါပြီ"

"ဒါဆို. . . မနက်စောစော စိန်လျှံမှာ ရှမ်းခေါက်ဆွဲသွားစားဖို့ ဆရာ့ကို လာခေါ်ရင်ကော အကြောင်းပြချက်လိုဦးမလားဆရာ"

"ဟင့်အင်း. . . မလိုပါဘူး မာရီယာ"

"အိုကေ. . . ဒါဖြင့် ရှစ်နာရီ"

"အသေအချာပေါ့။ ကိုယ် စောင့်နေပါ့မယ်"

✣ ✣ ✣





ပြောခဲ့ဖူးသလိုပါပဲ မာရီယာသည် ကျွန်တော်နားလည်အောင်ရေးသားထားသည့် စာအုပ်တစ်အုပ် မဟုတ်မှန်းသိလျက်နှင့် ထိုစာအုပ်ကို ဖတ်ရှုရန် မိုက်မဲစွာ ကျွန်တော် ဆက်လက်ကြိုးစားဖြစ်ခဲ့သည်။

သို့သော် ကျွန်တော်၏ကြိုးစားမှုတို့က ဝေဝါးဝါးနိုင်လွန်းလှပါသည်။ မဝံ့ရဲသော ကျွန်တော်နှင့် မပွင့်လင်းသော မာရီယာတို့၏ဆက်ဆံရေးက စိတ်မောရင်ဖိုဖွယ် အနေအထားနှင့်ပင် ဆက်လက်စီးမြောနေခဲ့လေသည်။

မာရီယာသည် သူမ ပြတ်သားချင်သောအခြေအနေမျိုးကျတော့လည်း ပြတ်သားရဲသူ ဖြစ်သည်။

"ကျွန်မ ညက အိပ်လို့မပျော်ဘူး။ ဆရာနဲ့ ဖုန်းပြောပြီးတာတည်းက အိပ်ဖို့ကြိုးစားတာ။ ဒါပေမယ့် တစ်ညလုံး အိပ်လို့မရဘူး"

"မှ ကာ်စေ့ကြောင်တာ ဖြစ်မှာပေါ့"

"ဟင့်အင်း. . . မျက်စေ့မကြောင်ဘဲနဲ့ကို အိပ်လို့မပျော်တာ"

"တခါတလေ ဖြစ်တတ်ပါတယ်"

"ဘာ့ကြောင့် အိပ်လို့မပျော်တာလဲ။ ဆရာ မမေးတော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



“ကိုယ် မေးလည်း မာရီယာက အမှန်အတိုင်းဖြေမှာမှ မဟုတ်တာ”

“ဘာလို့ အဲလိုထင်ရတာလဲ။ ကျွန်မ အိပ်မပျော်တာ ဆရာ့ကြောင့် ဆရာရဲ့”

“ကိုယ့်ကြောင့်”

“ဟုတ်တယ်. . . ဆရာ့အကြောင်းတွေ တွေးနေလို့ အိပ်မပျော်တာ”

တခါတရံ မာရီယာက ထိုကဲ့သို့ ပွင့်လင်းပြတ်သားတတ်သူဖြစ်၏။ ကျွန်တော်ကတော့ ပြတ်သားချင်လျက်နှင့် မပြတ်သားနိုင်သူသာ ဖြစ်သည်။

အထူးသဖြင့်. . . မာရီယာ့တွင် လူကြီးချင်းသဘောတူထားသူ ရှိနေပြီး ထိုသူသည် နောက်ထပ်လအနည်းငယ်အကြာ၌ နိုင်ငံခြားမှ မြန်မာပြည်သို့ ပြန်ရောက်လာမည်မှန်း သိလိုက်ရသောအခါ ပို၍ပင် မပြတ်သားနိုင်ပါ။

မာရီယာ ဖုံးကွယ်ထားခဲ့သော ထိုအကြောင်းအရာအား ထုတ်ဝေသူ သူငယ်ချင်းမှတစ်ဆင့် အံ့ဩဖွယ်ကောင်းစွာ ကျွန်တော် သိခွင့်ရခဲ့ခြင်း ဖြစ်သည်။

•





မာရီယာ့မှာ. . .

လူကြီးချင်း. . .

သဘောတူထားသူ ရှိသတဲ့. . .။

ကြားကြားချင်း. . . ကျွန်တော့်တစ်ကိုယ်လုံး ကျဉ်စက်နှင့်အတို့ခံလိုက်ရသည့်ပမာ ခံစားလိုက်ရသည်။ ကိုယ့်နားကိုယ် မယုံသလို၊ ပြောလာသည့် သူငယ်ချင်းကိုလည်း မယုံသင်္ကာစိတ်ဖြင့် ဇဝေဇဝါ မော့ကြည့်မိ၏။

“ဟုတ်ရဲ့လားဗျာ။ သေကောသေချာရဲ့လား”

“ဟ. . . ဒီအကြောင်းတွေ မောင်ရင်မသိသေးဘူးလား”

“ဟင့်အင်း”

“ကိုယ်က. . . မောင်ရင်သိပြီးသားထင်လို့ ဘာမှမပြောခဲ့တာ၊ ခုတောင် စကားစပ်မိလို့ ပြောဖြစ်သွားတာ။ နေစမ်းပါဦး။ မာရီယာက ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှပြောမပြခဲ့ဘူးလား”

ကျွန်တော် ခေါင်းခါပြလိုက်၏။

တကယ်ဆို မာရီယာက ကျွန်တော့်အား ပြောပြဘို့ကောင်းပါသည်။ သို့သော်. . . စိုးစေ့မျှမပြောခဲ့။ ဖွင့်ဟဝန်ခံသင့်ပါလျက် အဘယ်ကြောင့် ဤကိစ္စကို ဘာဖြစ်လို့များ ထိန်ချန်ထားခဲ့ရပါသလဲ။



www.burmeseclassic.com

www.burmeseclassic.com



ခံပြင်း ကြေကွဲစိတ်နှင့်အတူ နာကျင်စွာ ကျွန်တော်ဝမ်းနည်းသွားမိသည်။

"မာရီယာ့မှာ လူကြီးချင်းသဘောတူထားတဲ့လူရှိမှန်း၊ သူနဲ့ ပတ်သက်တဲ့လူတိုင်း သိနေကြတာပဲ။ တစ်ချိန်မဟုတ်တစ်ချိန် ဒီ အကြောင်းတွေ မောင်ရင်သိသွားနိုင်တယ်ဆိုတာ သူ စဉ်းစားမိဖို့ ကောင်းတယ်"

"မစဉ်းစားမိတာကော မဖြစ်နိုင်ဘူးလား"

"ကိုယ်တော့မထင်ဘူး။ အကြောင်းတစ်ခုခုကြောင့် တမင် ဖွင့်မပြောတာဖြစ်လိမ့်မယ်"

"ဘာအကြောင်းလဲ"

ထုတ်ဝေသူက ကျွန်တော့်အား ရှုသိုးသိုးတစ်ချက်ကြည့်လျက်. . .

"အဲဒါကို မောင်ရင်က ပိုပြီးသိဖို့ကောင်းတာပေါ့"

ကျွန်တော်သိဖို့ကောင်းသတဲ့. . .။ ထိုစကားသည် ဘာကြောင့်ဦးတည်ကြောင်း ကျွန်တော်ကောင်းစွာ နားလည်ပါသည်။





ကျွန်တော်သိဖို့သင့်သည် မှန်သော်လည်း ကျွန်တော်ကိုယ်တိုင်က သိဖို့ရန်အတွက် မဝံ့မရဲဖြစ်နေခဲ့သည် မဟုတ်ပါလား။ သက်ပြင်းတွေကိုပဲ အကြိမ်ပေါင်းများစွာ ပြန်ပြန်ပြီး မျိုချနေခဲ့ရတာ မဟုတ်ပါလား. . .။

"ဒီလိုလုပ်ကွာ. . .။ သူကိုယ်တိုင်က ဖွင့်ပြောသင့်လျက်နဲ့ တမင်မပြောဘဲထားခဲ့တာဆိုတော့ မောင်ရင်လည်း သူ့ကို ဘာမှမမေးမနေနဲ့ အသာငြိမ်နေကြည့်လိုက်။ ဒါမှ သူ့ခြေလှမ်းကို တို့တွေ အကဲခတ်လို့ရမှာ"

ထုတ်ဝေသူက အားတက်သရော အကြံပေးလာသော်လည်း ကျွန်တော်၏စိတ်တို့ နောက်ကျိရှုတ်ထွေးလျက် ဘာကိုမှ ဝေခွဲ၍မရ. . .

ရင်အစုံသည် ရေးပြီးသမျှ ပြန်ဖျက်ခံလိုက်ရသော ကျောက်သင်ပုန်းတစ်ခုပမာ ဟာလာဟင်းလင်းဖြစ်လျက်. . .။

ဦးခေါင်းထဲမှာတော့. . . "ဘာကြောင့်လဲ မာရီယာရယ်"ဟူသော မေးခွန်းတစ်ခုသာ ဆူညံစွာဖြင့် တဝုန်းဝုန်းပေါက်ကွဲနေခဲ့သည်။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com

# [ ၉ ]

သူငယ်ချင်းအကြံပေးသည့်အတိုင်း မာရိယာ့အား သူမဖုံးကွယ်ထားသည့်ကိစ္စနှင့် ပတ်သက်၍ ဘာမှမမေးဘဲ ရှေ့ဆက်နေသင့်သလားဆိုသည်ကို ကျွန်တော် ဝေခွဲမရစွာ ဇဝေဇဝါဖြစ်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ညနှင့်သုံးရက်တိုင်တိုင် ကျွန်တော်၏စိတ်တို့ လေးလံရှုပ်ထွေးစွာ၊ တနုံ့နုံ့ နာကျင်ခံပြင်းစွာ။ ပြီးတော့ ဝေခွဲမရစွာ ပင်ပန်းတကြီး ဖြတ်သန်းခဲ့ရသည်။ သူမနှင့် ပြန်လည်ဆုံတွေ့ချိန်အထိ ကျွန်တော်၏စိတ်တို့ ဇဝေဇဝါဖြစ်ဆဲ. . .။

"ဆရာနဲ့ကျွန်မ လမ်းမလျှောက်ဖူးဘူးနော်. . .။ ကျွန်မတို့ လမ်းလျှောက်ကြရအောင် ဆရာ"

ထိုနေ့က. . . မာရီယာ၏ ထူးဆန်းသောတောင်းဆိုမှုကြောင့်၊ သူမ၏ကားကို ကျောက်မြောင်းထဲမှာထား၍ ကရဝိက်အထိ ကျွန်တော်တို့ လမ်းလျှောက်ဖြစ်ကြသည်။

သူမ၏အဆိုအရ ကျွန်တော့်ဆီမလာခင် ဗြူတီပါလာတစ်ခု၌ ခေါင်းဝင်လျှော်ခဲ့သဖြင့် ပါးပါးပျော့ပျော့ဆံပင်ရှည်များက (ရင်ခုန်ဖွယ်ရှန်ပူနံ့တို့ သင်းပျံ့လျက်) သူမ ခြေတစ်လှမ်းလှမ်းလိုက်တိုင်း ဘယ်ညာယိမ်းနွဲ့၍ နေကြ၏။

အဖြူရောင်တီရှပ်ပွပွ၊ လုံချည်တိုတိုနှင့် သူမ၏ဟန်ပန်က ကျွန်တော့်အပေါ် တစုံတရာဖုံးကွယ်ခဲ့ပါလားဟု အပြစ်ဖွဲ့အတွေးတို့ မတွေးရက်လောက်အောင်ပင် ကလေးဆန်လှပ၍ နေသည်။

"လျှောက်နိုင်ရဲ့လား မာရီယာ"





"ဖြစ်ပါတယ်။ ဒါပေမယ့် ရှေ့နားကျရင် ခဏနားမယ်"

လျှောက်လာသည့်ခရီးက သိပ်အဝေးကြီးမဟုတ်သော်လည်း လမ်းလျှောက်လေ့လျှောက်ထ ရှိပုံမရသော မာရီယာမှာ အနည်းငယ် မောပန်း၍နေသည်။

အထက်တန်းကျောင်းရှေ့ ဘုတ်ခုံ၌ ကျွန်တော်တို့ ခဏနားကြသည်။ သူမ အမောပြေ၍ ထိုမှပြန်အထွက် အရှိန်ပြင်းပြင်းနှင့် လမ်းဘေးနားကပ်မောင်းသွားသော ကားတစ်စီးကြောင့် မာရီယာ လန့်သွားပြီး ကျွန်တော့်ဘယ်လက်မောင်းကို ဖြတ်ကနဲလှမ်းကိုင်သည်။

အားကိုးတကြီးလှမ်းကိုင်လာသော သူမ၏လက်ကလေးကို အားပေးသည့်သဘောဖြင့် ကျွန်တော့်ညာလက်နှင့် ပြန်လည်ဆုပ်ကိုင်လိုက်မိသည်။ ခဏလေးမှ တကယ့်ကို ခဏလေးပါပဲ။

သို့သော် ထိုတဒင်္ဂအချိန်လေးမှာပင် စကားလုံးတို့က ကျွန်တော့်နှုတ်ဖျားမှ ရုတ်တရက်ထွက်ကျသွားလေသည်။

"မင်း ဘာဖြစ်လို့ ကိုယ့်ကိုဖုံးကွယ်ထားခဲ့ရတာလဲ မာရီယာ"

"ရှင်"

ကျွန်တော့်စကားကို အဓိပ္ပာယ်မပေါက်စွာ သူမ မော့ကြည့်သည်။ ကျွန်တော် သူမ၏မျက်လုံးတွေကို တည့်တည့်စိုက်ကြည့်ရင်း ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နိုင်ငံခြားက မင်းရဲ့လူအကြောင်းလေ"

သည်တော့မှ ကျွန်တော်ဘာကိုဆိုကြောင်း သဘောပေါက်သွားဟန်ဖြင့် သူမ ခေါင်းငြိမ့်သွားသည်။ ခေါင်းမငုံ့ခင် သူမမျက်နှာပေါ်မှ ရှက်လန့်အံ့ဩမှုနှင့် ကြေကွဲအားငယ်မှုတို့ကို ကျွန်တော် ရိပ်ကနဲတွေ့မြင်လိုက်ရ၏။

"ကျွန်မရဲ့လူ မဟုတ်ပါဘူး ဆရာ"

"ဒါဖြင့်. . ."

"မိဘတွေ သဘောတူထားတဲ့လူပါ"

"ဩော်"

"ကြာပါပြီဆရာ၊ ကျွန်မ တက္ကသိုလ်မတက်ခင် ဟိုးငယ်ငယ်လေးကတည်းက သဘောတူထားခဲ့ကြတာ။ သူ နိုင်ငံခြားကပြန်လာရင် ကျွန်မတို့နှစ်ယောက်ကို လူကြီးတွေက လက်ထပ်စေချင်တယ်"

"မာရီယာ. . . အဲဒီအကြောင်းတွေ စောစောကတည်းက ကိုယ့်ကို ဘာဖြစ်လို့ဖွင့်မပြောခဲ့တာလဲ"

တစုံတရာစွပ်စွဲချင်သော လေသံမျိုးဖြင့် ကျွန်တော် ချောင်ပိတ်မေးလိုက်တော့ မာရီယာ့ကိုယ်လေး ဆတ်ကနဲတုန်သွားပြီး လမ်းပေါ်မှကားတွေကို အစိမ့်ပွာယ်မှဲ့စွာငေးလျက် နှုတ်ဆိတ်သွားလေသည်။





အတော်ကြီးကြာမှ မှိန်ဖျော့ဖျော့လေသံလေးနှင့် တိုးတိုးလေး အဖြေပေးသည်။

"ဖွင့်မပြောရဲလို့ပေါ့ ဆရာ။ ဆရာ့ကို ဖွင့်မပြောရက်လို့ပေါ့"

မျှော်လင့်မထားသော အဖြေစကားကြောင့် ကျွန်တော် လှိုက်ကနဲ ခံစားလိုက်ရ၏။ ထိုအချိန်မှာပင် မာရီယာက တစ်လုံးချင်း ဆက်ပြောလေသည်။

"ကျွန်မ. . . သူ့ကိုမချစ်ဘူးဆရာ"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်တို့က အတော့်ကို ရိုးစင်းလှပါသည်။

ကြားဖူးနေကျ ပုံပြင်လေးတစ်ပုဒ်ကို ပြန်ပြောသလိုပင် မာရီယာက ကျွန်တော့်အား ပြောပြခဲ့သည်။

"မြန်မာဗီဒီယိုကားတွေထဲက အတိုင်းပဲ။ သူ့မိဘတွေနဲ့ ကျွန်မမိဘတွေက ကျွန်မတို့မမွေးခင်ကတည်းက ရင်းနှီးခဲ့ကြတယ် ဆရာ။ နှစ်အိမ့်တစ်အိမ် ရွှေလမ်းငွေလမ်းဖောက်ပြီး နေခဲ့ကြတာ. . နှစ်ဖက်စလုံးက ဆွေကြီးမျိုးကြီး လူချမ်းသာတွေဆိုတော့ သားသမီးတွေ အရွယ်ရောက်လာတဲ့အခါ ဖိတ်ချင်းဖိတ်၊ ကိုယ့်အချင်းချင်း အိတ်ထဲပဲ ဖိတ်ချင်ကြတယ်လေ။ ဒါပါပဲဆရာ. . .။ တကယ့်ကို ရိုးရိုးလေးပါပဲ"

"မင်းမေမေရဲ့ နှလုံးရောဂါနဲ့ ခြိမ်းခြောက်ခံရတာမျိုးတော့ မဟုတ်ပါဘူးနော်"

"အဲဒီလောက်လည်း ရုပ်ရှင်မဆန်ပါဘူး ဆရာရဲ့။ မာမီ့မှာ ဘာနှလုံးရောဂါမှ မရှိပါဘူး"

"ဒါဆို. . . တော်သေးတာပေါ့"

"မထင်နဲ့ဆရာရေ။ မာမီ့မှာ နှလုံးရောဂါမရှိပေမယ့် ဒယ်ဒီ့မှာတော့ ဆီးချိုရော သွေးတိုးပါ ရှိတယ်"





မာရီယာ့စကားတွေက ကျွန်တော့်အတွက် မည်သည့်ထွက်ပေါက်ကိုမှ ဖန်တီးမပေးကြပါ။

"တကယ်တော့ အိမ်ထောင်ရေးဆိုတာကို ကျွန်မ ဘယ်တုန်းကမှ မစဉ်းစားခဲ့ဘူး ဆရာ။ စဉ်းလည်းမစဉ်းစားချင်ဘူး"

"ဒါနဲ့များ မာရီယာရယ်"

"အို. . . ဆရာ့စကားကြီးကလည်း. . .၊ ဘာလဲဟင့်·ကျွန်မမှာ အိမ်ကသဘောတူထားတဲ့လူရှိနေလို့ ဆရာ မကျေမနပ်ဖြစ်နေတာလား"

"ဟင့်အင်း. . . မဖြစ်ရပါဘူး မာရီယာရဲ့။ ဖြစ်ချင်းဖြစ် မချင့်မရဲဖြစ်တာလောက်ပဲ နေမှာပါ"

"ကျွန်မမှာ. . . အိမ်ကသဘောတူထားတဲ့လူ ရှိတယ်ဆိုပေမယ့် အဲ့ဒီလူကို လက်ထပ်ပါ့မယ်လို့ ကတိပေးထားတာမှ မဟုတ်ဘဲ ဆရာရဲ့"

"ဒါပေမယ့်. . . မာရီယာက ပြတ်ပြတ်သားသားမှ မငြင်းခဲ့တာပဲ"

"ဒါကတော့ ဆရာရယ်. . ."

မာရီယာ ဘာပြောမလဲ။

ဘာများ ဆက်ပြောမလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဂရုတစိုက် နားစွင့်ထားသော်လည်း မာရီယာကတော့ နှုတ်ဆိတ်ငြိမ်သက်ဆဲပင်. . .။

(တခါတလေတော့လည်း မာရီယာ့ထံမှ စိတ်ဖြေခွင့်တို့က ရင်ခုန်ဖွယ်ကောင်းလွန်းလှသဖြင့် မတော်တဆလား။ တမင်သက်သက် ဖန်တီးတာလား။ ဝေခွဲ၍မရနိုင်အောင် ဖြစ်ခဲ့ရသည်။)

"ကျွန်မ သူ့ကို ဘယ်တုန်းကမှ ရင်မခုန်ခဲ့ဘူး ဆရာ"

ထိုစကားကို အလွန်တည်ငြိမ်သောလေသံဖြင့် မာရီယာ ပြောလာခဲ့ခြင်း ဖြစ်သည်။

"ကျွန်မ သူ့ကို မချစ်ဘူး"

"ကိုယ် သိပါတယ်မာရီယာ"

"ဒါပေမယ့် အိမ်ကတော့ သူနဲ့ပဲလက်ထပ်စေချင်တယ်လေ"

"ဒါလည်း. . . ကိုယ်သိပါတယ်"

"အခု. . . ဆရာမသိသေးတာတစ်ခု ပြောပြမယ်နော်"

"ဘာလဲ. . . မာရီယာ"





"ကျွန်မ ဆရာ့မျက်ခုံးတွေကို ကိုင်ကြည့်ချင်တယ်ကွယ်"

ဘယ်လောက်များ ညင်သာ နူးညံ့လိုက်ပါသလဲ။

ကျွန်တော့်ဝတ္ထုတွေထဲမှ ဇာတ်လိုက်မင်းသမီးများပင် ထိုမျှကဗျာဆန်သောစိတ်ကူးမျိုးကို စဉ်းစားမိကြလိမ့်မည်မဟုတ်ပါ။ ကိုယ့်ကို ငုံ့ကိုင်းပေးလိုက်တော့ သူမက ကျွန်တော့်မျက်ခုံးထူထူများကို လှမ်း၍ ထိကိုင်ကြည့်လေသည်။

ထိုနေ့သည် ကျွန်တော်တို့ စတင်တွေ့ဆုံပြီး ရက်ပေါင်းထစ်ရာ့နှစ်ဆယ်ပြည့်မြောက်သောနေ့ ဖြစ်သလို၊ ကျွန်တော်၏ ရေးလက်စဝတ္ထုတစ်ပုဒ်အား ဖတ်ရှုရန် ကျွန်တော့်အိမ်သို့ အလည်လိုက်လာသောနေ့လည်း ဖြစ်သည်။

ကျွန်တော့်အခန်းသို့ အလည်ရောက်ရန် လှေခါးထစ်ပေါင်းခြောက်ဆယ်ကျော်ကို သူမ နုဖူးမှချွေးကလေးများ စို့လာသည်အထိ နင်းတက်ရ၏။ ခပ်ညှီညှီသော့တစ်လုံးခတ်ထားသော တံခါးပေါက်တစ်ခုအား ဖြတ်သန်းရ၏။ အစဉ်အမြဲရှုပ်ပွနေတတ်ပြီး ဆက်ဓာတစုံတရာမရှိသော ညှိုခန်းကြမ်းပြင်တွင် ဖြဲသလိုထိုင်ရ၏။

သို့သော်. . . ထိုအချက်များကြောင့်တော့ ကျွန်တော့်မျက်ခုံးတွေကို ထိကိုင်ကြည့်ချင်စိတ်မျိုး ပေါ်ပေါက်မလာသင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့မျက်ခုံးတွေကို ကိုင်ကြည့်တာနဲ့ပတ်သက်ပြီး ဆရာ ဘယ်လိုထင်သလဲ. . . ဟင်"

ကျွန်တော့်ရင်ထဲမှအတွေးတို့ကို သိနေသည့်အလား၊ သူမ မေးလာသောအခါ ကျွန်တော် ပခုံးကိုသာ တွန့်ပြလိုက်သည်။

"ကိုယ် မထင်တတ်ဘူး မာရီယာ"

"ဒါဖြင့်လည်း ထင်တတ်သွားအောင် ကျွန်မမျက်ခုံးတွေကို ပြန်ကိုင်ကြည့်ပါလား။ ဒါမှမဟုတ်လည်း ဆံပင်တွေကိုဖြစ်ဖြစ်လေ"

သူမ၏ဆံပင်များသည် နူးညံ့ရှုမှုမကာ အလွန်မွှေးပျံ့ကြောင်း ထိုနေ့က ကျွန်တော် သိခွင့်ရခဲ့လေသည်။

• • •



# [ ၁၀ ]

ခန္ဓာကိုယ်အား အနည်းငယ်လှုပ်ယမ်းလိုက်ရုံနှင့် ကျွန်တော့် ပခုံးထက်၌ မှေးမှိုအိပ်စက်နေသော မာရီယာ လန့်နိုးသွားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇစ်ပိုအဖုံးဖွင့်သံတစ်ခုကြောင့် မာရီယာ အိပ်ရာမှလန့်နိုးနိုင်သလို သက်ပြင်းချသံတစ်ခုကြောင့်လည်း လန့်နိုးနိုင်ပါသေးသည်။ ယုတ်စအဆုံး သူမနဖူးပေါ်မှ ဆံနွယ်စများအား လေနှင့်မှုတ်လိုက်မည်ဆိုလျှင်ပင် သူမ၏မျက်လုံးတို့ ဖြတ်ကနဲပွင့်အာလာကြပေလိမ့်မည်။

မာရီယာသည် အအိပ်ဆတ်သူ ဖြစ်၏။

"အအိပ်ဆတ်တဲ့လူတွေဟာ အကင်းပါးတယ်ဆိုတာ ဟုတ်လား ဆရာ"

တစ်ခါတုန်းက မာရီယာ ကျွန်တော့်အား ထိုသို့မေးမြန်းခဲ့ဖူးသည်။ အအိပ်ဆတ်ခြင်း၊ အအိပ်မက်ခြင်းနှင့် အကင်းပါးခြင်း မပါးခြင်းတို့ကို ကျွန်တော် တစ်ခါမှ ဆက်စပ် မစဉ်းစားခဲ့ဖူးပါ။

သို့သော် အအိပ်ဆတ်သည်ဟု ဖွင့်ဟဝန်ခံဖူးသော မာရီယာသည် တစုံတရာအား ထိုးထွင်းသိမြင်ရာ၌ အကင်းပါးတာကတော့ အလွန်သေချာပါသည်။

ကျွန်တော့်ရင်ဘတ်ထဲ၌ သူမ မသိစေချင်သော အကြောင်းတစုံတရာရှိနေသည့်အခါတိုင်း မာရီယာက ထို တစုံတရာကို မြင်ဖြစ်အောင် လှမ်းမြင်တတ်သူ ဖြစ်သည်။





"ဆရာ ကျွန်မကို တစ်ခုခု ဖုံးကွယ်ထားတယ်မဟုတ်လား"

သူမ ထိုသို့မေးလာတိုင်း ကျွန်တော် တအံ့တဩ ငေးနှူပ်သွားရမြဲ ဖြစ်သည်။

"ဘာဖြစ်လို့ အဲလိုထင်ရတာလဲ မာရီယာရဲ့"

"အဲဒါတော့ ကျွန်မ မသိဘူး။ ဒါပေမယ့် ဆရာ တစ်ခုခုကို ဖုံးကွယ်ထားတယ်ဆိုတာကိုတော့ ကျွန်မ အလိုလိုသိနေတယ်။ စောစောက ကျွန်မကို တစ်ခုခုပြောမလို့လုပ်ပြီးမှ မပြောတော့ဘူးလို့ ဆရာ ဆုံးဖြတ်လိုက်တယ်။ အဲဒါကို ကျွန်မ သိတယ်။ ဆရာ့မျက်လုံးတွေထဲက ကျွန်မ မြင်လိုက်ရတယ်"

မာရီယာ၏ သုံးသပ်ချက်တွေက အံ့ဩစရာကောင်းလောက်အောင် မှန်ကန်လှပါသည်။

သူမ၏ရင်ဘတ်အား ဖတ်ရှုရန် ကျွန်တော် အမြဲညံ့ဖျင်းခဲ့သော်လည်း မာရီယာကတော့ ကျွန်တော့်အပေါ် သုံးသပ်ရာ၌ အလွန်ကျွမ်းကျင်လိမ္မာသူ ဖြစ်သည်။

"မင်း ဘာဖြစ်လို့ ဒီလောက်တောင် ပါးနပ်နေရတာလဲ မာရီယာ"

ကျွန်တော် အားမလိုအားမရမေးသောအခါများ၌ သူမက တိုးဖွဖွရယ်မောတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတ နေရာတိုင်းမှာ မပါးနပ်ပါဘူး ဆရာရဲ့။ ကိုယ်ကျွမ်းကျင်တဲ့ဘာသာရပ်တွေကျမှသာ ပါးနပ်တာပါ"

"မင်း ကျွမ်းကျင်တာဟာ ဘယ်လိုဘာသာရပ်တွေလဲ မာရီယာ"

ကျွန်တော်စိတ်ဝင်တစား မေးသောအခါ သူမက မေးစေ့ကို လက်နှင့်ထောက်ကာ အိုက်တင်ခံလိုက်သေးသည်။ ပြီးမှ. . .

"ဥပမာ. . . ဆရာပေါ့။ ဆရာက ကျွန်မအကျွမ်းကျင်ဆုံး ဘာသာရပ်လေ"

ကျွန်တော့်အပေါ် ဘာသာရပ်တစ်ခုပမာ ကျွမ်းကျင်လိမ္မာလွန်းသော မာရီယာသည် ညှုံ့ချင်သောအခါမျိုး၌ တမင် ညှုံ့ဖျင်းချင်ဟန်ဆောင်တတ်ပါသေးသည်။

အထူးသဖြင့် သူမနှင့်ပတ်သက်သော ကျွန်တော်၏စိတ်ခံစားမှုများကိုတော့ မသိလိုက် မသိဘာသာဖြင့် တမင် ညှုံ့ဖျင်းတတ်သူ ဖြစ်လေသည်။

"မာရီယာနဲ့ပတ်သက်ပြီး ကိုယ် ဘာတွေခံစားနေရသလဲ မာရီယာ မစဉ်းစားမိဖူးလား"

"ဟင့်အင်း၊ ကျွန်မ မသိဘူးဆရာ"





"ရိပ်ကော မရိပ်မိဘူးလား"

"နည်းနည်းလေးတောင် မရိပ်မိဘူးဆရာရဲ့။ ကျွန်မက တစ်ခါတစ်ခါ. . . သိပ်ထုံတာ"

ကျွန်တော်၏ မာရီယာသည် ထိုသို့သောမိန်းကလေးဖြစ်၏။ သိချင်သောအကြောင်းအရာတို့၌ ထိုးထွင်းသိမြင်လွယ်သလောက်၊ မသိချင်သောအကြောင်းအရာ၌ ထုံပေပေဟန်ဆောင်တတ်သူ ဖြစ်သည်။

အကင်းပါးသလောက် အအိပ်ဆတ်သော မာရီယာသည် အိပ်ရာမှလန့်နိုးရခြင်းကို သဘောမကျပါဟု ကျွန်တော့်အား ဝန်ခံဖူးသူလည်း ဖြစ်သည်။

ထို့ကြောင့် လက်တကမ်းအကွာမှ စီးကရက်ဗူးကို လှမ်းယူကာ စီးကရက်တစ်လိပ်ကို မီးညှိ ရှိုက်ဖွာလိုက်ချင်သော်လည်း ကျွန်တော်မလုပ်ရဲ။

ယခုအချိန်၌ မာရီယာအား အိပ်ရာမှမနိုးစေချင်သေးပါ။

ကျွန်တော်တို့နှစ်ယောက်အတွက် အချိန်တွေက နည်းပါးလွန်းလှသလို ဆုံနိုင်ခွင့်တို့ကလည်း ပါးရှားလွန်းလှပါသည်။

မနက်ဖြန်ဖြစ်စေ. . .



www.burmeseclassic.com

www.burmeseclassic.com



သန်ဘက်ခါဖြစ်စေ. . .

နောက်ဆုံး. . .

ယနေ့ညနေပင် ဖြစ်စေ. . .

တစ်ကမ္ဘာလုံး၌ ကံအကောင်းဆုံးလူတစ်ယောက် အချိန်မရွေးရောက်ရှိလာနိုင်ပါသည်။ (မာရီယာအား လက်ထပ်ခွင့်ရသူသည် ကံကောင်းသူဖြစ်သည်ဟု ကျွန်တော် ယုံကြည်၏။)

သို့သော် ကျွန်တော့်ကိုယ်တိုင်မဟုတ်သည်ကတော့ ဝမ်းနည်းစရာကောင်းလှပါသည်။ ပို၍ ဝမ်းနည်းဖွယ်ကောင်းသည်မှာ ချစ်သူအဖြစ် ကံကောင်းခွင့်ကိုပင် မာရီယာက လွတ်လပ်စွာ မပေးချင်ခဲ့ခြင်းဖြစ်သည်။

"ဆရာ တစ်ခုစဉ်းစားကြည့်နော်။ ကိုယ်ဆုံးပြီးသား ပန်းတစ်ပွင့်ကို တခြားတစ်ယောက်က ပန်သွားတာနဲ့၊ ကိုယ့်ရှေ့မှာ ဒီအတိုင်းကြွေနေတဲ့ ပန်းတစ်ပွင့်ကို တခြားတစ်ယောက်ပန်သွားတာ ဘယ်ဟာက ကိုယ့်အတွက် ပိုပြီး စိတ်ဖြေဖို့လွယ်ကူမလဲ"

ဓါတုဝေဒအဓိကနှင့် ကျောင်းပြီးသော မာရီယာသည် တခါတရံတော့လည်း စကားလုံးတို့ကို ထိုသို့ပင် လှပစွာ ပေါင်းစပ်တတ်ပြုတတ်သူဖြစ်သည်။





အနည်းငယ် မခံချင်စရာကောင်းသည်မှာ သူမ၏ရွေးသိပ်မှုတိုင်း၌ ကျွန်တော် အလွယ်တကူ မျောပါခဲ့ရခြင်းဖြစ်သည်။

သူမက ခေါ်ပါက ကျွန်တော်လိုက်ပါရန် အဆင်သင့်ဖြစ်နေတတ်ပြီး သူမက ထားခဲ့မည်ဆိုလျှင်လည်း ကျွန်တော် ကျေနပ်စွာကျန်နေရစ်ခဲ့မည်သာ ဖြစ်သည်။

သို့သော် . . . ခပ်သွက်သွက်ဇာတ်ကောင်စရိုက်တို့ကို ရေးဖွဲ့ရန် အားသန်လေ့ရှိသော စာရေးဆရာတစ်ယောက်အနေနှင့် ထိုမျှအထိ တွေဝေပျော့ညံ့ဖို့ မကောင်းပါ။

ရိုးသားစွာ ဝန်ခံရလျှင်တော့ ကျွန်တော် တခါတရံ မိုက်ရူးရဲဆန်ကြည့်ချင်ပါသေးသည်။

"မိုက်တယ်ဆိုတာ မကောင်းဘူးဆရာရဲ့။ မိုက်မဲမှုတိုင်းရဲ့အဆုံးသတ်ဟာ မှားယွင်းမှုချည်းပဲ. . ."

ရွေးသိပ်စကားတို့ကို ကျွမ်းကျင်ပိုင်နိုင်သော မာရီယာသည် ဝေါဟာရတို့ကိုလည်း ရွေးချယ်တတ်သူဖြစ်သည်။

"ဘဝမှာ အနှစ်သုံးဆယ်လောက် တောက်လျှောက်မှန်လာတဲ့လူ တစ်ယောက်အနေနဲ့ တစ်ခါလေးမှားကြည့်သင့်တယ်လို့ မာရီယာ မထင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



သူမ၏မျက်လုံးတို့ကို တည့်တည့်စိုက်ကြည့်ရင်း ကျွန်တော်မေးလျှင်တော့ သူမ နှုတ်ဆိတ်တွေဝေစွာ ငြိမ်သက်သွားတတ်သည်။

"ဆရာက စွန့်စားရတာကို ဝါသနာပါလို့လား. . . ဟင်"

"ဟင့်အင်း. . . စွန့်လွှတ်ရမှာကို. . . မုန်းတာ. . ."

"အဲဒီအဆင့်အထိ မရောက်သေးပါဘူးနော်"

"ဒါပေမယ့်. . . သိပ်မှမလိုတော့ဘဲ မာရီယာရဲ့"

အမှန်တော့ စစ်ကြေငြာသူမှာ ကျွန်တော်ဖြစ်ပါက၊ လက်နက်ချသူမှာ မာရီယာသာ ဖြစ်သင့်ပါသည်။ သို့သော်. . . မာရီယာက လက်နက်ချရန် တုံ့ဆိုင်း၍နေတတ်သလို ကျွန်တော်ကိုယ်တိုင်ကလည်း စစ်ပွဲတစ်ခုကို စတင်ရန် တွေဝေ၍ နေခဲ့သည်။

ဤသို့အားဖြင့်. . .

ကျွန်တော်တို့နှစ်ယောက်အကြားမှ နံရံပါးပါးမှာ ယိုင်နဲ့စွာ ဆက်လက်ခိုင်မြဲခဲ့ခြင်း ဖြစ်၏။

သို့သော်. . . ထိုနံရံကို ဖြိုချဖို့ ကျွန်တော်မကြိုးစားခဲ့ပါဟု ထင်မြင်လျှင်တော့. . .၊ ထိုထင်မြင်မှုမှာ အလွန်မှားယွင်းသွားနိုင်ပါသည်။ ကျွန်တော် တစ်ကြိမ်မက ကြိုးစားကြည့်ခဲ့၏။

လက်လုပ်မီးသမျှ နည်းလမ်းတို့နှင့် တတ်နိုင်သမျှ ကြိုးစားကြည့်ခဲ့ခြင်း ဖြစ်သည်။

◆ ◆ ◆



# [ ၁၁ ]

"ကိုယ် ခုလိုအနေအထားမျိုးနဲ့ ဆက်မနေချင်တော့ဘူး မာရီယာ"

"ရှင်. . .။ ဘာဖြစ်လို့လဲဆရာ။ ဘာကြောင့်မနေချင်တော့တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟန်နှံချိန်းထူထူဝတ်ထားသော လက်တစ်ဖက်ကိုထောင်၍ မေးစေ့ကို ထောက်ထားလျက် မာရီယာ ကျွန်တော့်အား စာအံ့တသြ စိုက်ကြည့်ရင်း မေးသည်။

ထိုနေ့က ကျွန်တော်တို့နှစ်ယောက် ရုပ်ရှင်အတူကြည့်ရန် ဆုံဖြစ်ကြသည်။ ရုပ်ရှင်လက်မှတ်ဝယ်ယူပြီး အချိန်စောသေးသဖြင့် အအေးဆိုင်တစ်ဆိုင်၌ ထိုင်နေကြခြင်း ဖြစ်သည်။

မာရီယာရှေ့၌ ကိုကာကိုလာ အချိုရည်တစ်ဘူးရှိပြီး ကျွန်တော့်ရှေ့မှာတော့ ကိုရီးယားဇာတ်လမ်းတွဲများထဲမှ ဖျော်ရည်ဘူး တစ်ဘူးရှိသည်။ ကျွန်တော်တို့နှစ်ယောက်ကြား စားပွဲအလယ်မှာတော့ ထိုအရည်နှစ်မျိုးနှင့် ဘယ်လိုမှမပတ်သက်သော မာလကာသီးထုပ် တစ်ထုပ် ရှိနေသည်။

အထမ်းနှင့်လိုက်ရောင်းသော ဈေးသည်ထံမှ ဝယ်ထားသည့် နွယ်ချိုမှုန့် ငြုပ်သီးမှုန့်တို့ဖြူးထားသော မာလကာသီးထုပ် ဖြစ်သည်။

မာရီယာက မာလကာသီးနှင့် ပုရစ်ကြော်ကို အလွန်ကြိုက်သူ ဖြစ်၏။ ကျွန်တော်ကတော့ ရိုးသားပွင့်လင်းမှုကိုသာ နှစ်သက်ပါသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့နှစ်ဦးအကြား ယခုထက် ပိုမိုပွင့်လင်းသော အနေအထားသို့ ရည်ရွယ်ကာ စကားစတင်ခဲ့ခြင်း ဖြစ်သည်။





"ကိုယ် ဘာဖြစ်လို့ ခုလိုအနေအထားမျိုးနဲ့ ဆက်ပြီးမနေချင်တော့တာလဲဆိုတာ. . . မာရီယာ ရိပ်မိမှာပါ"

"ဟင့်အင်း. . . မရိပ်မိဘူးဆရာရဲ့။ ကျွန်မက တခါတခါ သိပ်ထုံပါတယ်လို့ ဆရာ့ကိုပြောဖူးသားပဲ"

တခါတခါ မာရီယာ၏ ဝေ့လည်လည်စကားလုံးများကို သည်းခံစိတ်ရှည်နိုင်ရန် ကျွန်တော် ကြိုးစားရပါသည်။

"ကိုယ် တစ်ခုမေးမယ် မာရီယာ. . ။ မင်းနဲ့ကိုယ်နဲ့ အခု လက်ရှိအနေအထားက ဘာလဲ"

"လက်ရှိအနေအထား၊ ဟုတ်လားဆရာ။ ဘာဖြစ်လို့မေးတာလဲ"

"သိချင်လို့ပါ"

"သူငယ်ချင်းပေါ့ ဆရာရဲ့. . . ကျွန်မတို့အနေအထားက သူငယ်ချင်း အနေအထားပေါ့"

"တစ်ယောက်အပေါ်တစ်ယောက် သိပ်နားလည်ပြီး သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေပေါ့။ ဟုတ်လား မာရီယာ"

"သေချာတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခပ်ငေါ့ငေါ့လေသံကို မသိကျိုးကျွန်ပြုလျှက် မာရီယာ အဖြေပေးသည်။ ကျွန်တော့် ဟက်ကနဲ အသံထွက်ကာ ရယ်မောလိုက်မိသည်။ ကျွန်တော့်ရယ်သံကြောင့် မာရီယာ့မျက်နှာ ရဲကနဲဖြစ်သွားလေသည်။

သူငယ်ချင်းတွေ. . . တဲ့လား။

ကျွန်တော်တို့ရဲ့ စိတ်ခံစားမှုက သူငယ်ချင်းတွေ ဆိုတဲ့ အဆင့်ထက် မကျော်လွန်ခဲ့ကြဘူးလား။ ကျွန်တော်တို့ရဲ့ သံယောဇဉ်က သူငယ်ချင်းတွေဆိုတဲ့ ဘောင်ရဲ့အပြင်ဘက်ကို နည်းနည်းလေးမှ မထွက်မိခဲ့ကြဘူးတဲ့လား. . .။ ဒါဟာ တကယ်ပဲသေချာရဲ့လား. .။

သို့သော်. . . မာရီယာကတော့ သေချာတာပေါ့ဟူသော စကားကို ပေါ့ပေါ့ပါးပါး ရေရွတ်သွားခဲ့ပြီ ဖြစ်သည်။

ကျွန်တော် တစုံတရာ တုံ့ပြန် စောဒကတက်ရန် ပြင်လိုက်စဉ်မှာပင် မာရီယာ ကျွန်တော့်ကိုမကြည့်ဘဲ တစ်လုံးချင်းဆက်ပြောသည်။

"အချစ်ဆုံးသူငယ်ချင်းတွေအဖြစ်နဲ့ပဲ ရှိနေကြတာဟာ နောင်တချိန်အတွက် ပိုကောင်းပါတယ် ဆရာ"

"နောင်တချိန်အတွက်. . ."





"ဟုတ်တယ် ဆရာ။ ထကယ်လို့ ကံကြမ္မာကြောင့် ကိုယ့်လမ်းကိုယ် လျှောက်ဖြစ်ကြရင်တောင် ကျွန်မတို့ဟာ သူငယ်ချင်းတွေပဲလေ။ သူငယ်ချင်း. . . ဆိုတဲ့ ကြိုးက ပိုပြီးရှည်လျားခိုင်မြဲပါတယ် ဆရာရယ်"

မာရီယာ၏ ချွေးသိပ်စကားက ဝတ္ထုဇာတ်လမ်းတစ်ပုဒ်ပုဒ်၌ ထည့်ရေးရန် လှပကောင်းလှပနိုင်သော်လည်း ကျွန်တော့်အတွက်တော့ ဘယ်လိုမှ မလှပနိုင်ပါ။

ပို၍ဆိုးသည်မှာ ကံကြမ္မာကြောင့်ဟု သူမ ရည်ရွယ်သောအိစ္စသည် ဘယ်လိုကိစ္စဖြစ်ကြောင်း ကျွန်တော်သိနေခြင်း ဖြစ်သည်။

"ကံကြမ္မာကြောင့်လို့ မပြောပါနဲ့ မာရီယာ. . .။ ပြီးတော့ ကိုယ့်လမ်းကိုယ်လျှောက်ဖြစ်ကြရင်လို့လည်း မသုံးနှုန်းပါနဲ့။ ဘာဖြစ်လို့လည်းဆိုတော့ မင်းဘယ်လမ်းကိုရွေးပြီး လျှောက်မှာလဲဆိုတာ ကိုယ် ကြိုပြီးသိနေလို့ပါ"

ကျွန်တော့်စကားအဆုံး မာရီယာ့မျက်နှာတစ်ခုလုံး သွေးဆုတ်၊ မှိန်ဖျော့၊ ပျက်ယွင်းသွားပုံက ဖြစ်သင့်တာထက် ပိုလွန်းသည်ဟုပင် ထင်ရလောက်ပါသည်။

အတန်ကြာအောင် မှင်သက်ငေးငိုင်နေပြီးမှ ရုတ်တရက်အသိဝင်လာသလို ပင့်သက်တစ်ချက်ကို အမောတကောရှိုက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ တခြားအကြောင်းအရာတစ်ခုကို ပြောင်းကြရအောင်လား ဆရာ။"

"ဝမ်းနည်းပါတယ် မာရီယာ။ ကိုယ် အခုလိုဆွေးနွေးပြီး အဖြေရှာချင်နေတာ ကြာပြီ။ ကိုယ်တို့ ဆက်ဆွေးနွေးကြမယ်။"

"ဒါပေမယ့် ကျွန်မက မဆွေးနွေးချင်တော့ဘူး ဆရာ"

"ဘာလဲ. . . မာရီယာရွေးမယ့်လမ်းကို ကိုယ်က ကြိုသိနေလို့ မဆွေးနွေးချင်တော့တာလား"

မာရီယာ့မျက်နှာက ဖြတ်အရိုက်ခံလိုက်ရသလို နာကျင်သွားဟန်ဖြင့် ရဲကနဲဖြစ်သွားလေသည်။ ချက်ချင်းပင် ကျွန်တော့်အား ခပ်စူးစူးစိုက်ကြည့်ရင်း ခေါင်းယမ်းသည်။

"မဟုတ်ပါဘူး၊ ကျွန်မရွေးမယ့်လမ်းကို ဆရာလည်း တထစ်ချ ကြိုမသိနိုင်ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်မရဲ့လမ်းကို ကျွန်မရဲ့ကံကြမ္မာက ပြဌာန်းထားပြီးသားမို့လို့ပါ"

မာရီယာ၏စကားကို ကျွန်တော် ဘယ်လိုမှနားလည်အောင် ကြိုးစားကြည့်၍ မရပါ။

"ဘာအဓိပ္ပာယ်လဲ မာရီယာ။ မင်းစကားက ဘာကိုဆိုလိုချင်တာလဲ"





"ဘာကိုဆိုလိုချင်တာလဲ ဆိုတော့. . ."

မာရီယာ့စကားတို့ ရုတ်တရက်ပြတ်တောက် ရပ်ဆိုင်းသွားကြပြီး အိပ်မက်တစ်ခုမှ လန့်နိုးလာသူတစ်ယောက်ပမာ ကျွန်တော့်အား ဖြတ်ကနဲမော့ကြည့်သည်။ ထို့နောက် ချက်ချင်းပင် ခေါင်းပြန်ငုံ့သွားလျက် နှုတ်ခမ်းကို ခပ်တင်းတင်းတစ်ချက်ကိုက်လိုက်၏။

မာရီယာ့စကားတို့ကို နားမလည်သော ကျွန်တော်သည် သူမ၏ အမူအမူတို့ကိုလည်း အဓိပ္ပာယ်မဖော်နိုင်အောင် ဖြစ်နေမိသည်။ ထိုအချိန်မှာပင် သူမ၏နှုတ်ဖျားမှ စကားသံတိုးတိုးလေးတစ်ခု ထွက်ပေါ်လာလေသည်။

"ခုချိန်မှာ အပြောသင့်ဆုံးစကားတစ်ခွန်းကို ကျွန်မပြောရင် ဆရာ နားထောင်မလား"

"သေချာတာပေါ့"

"ဒါဆို အအေးဖိုးရှင်းလိုက်တော့ ဆရာ။ ကျွန်မတို့ ရုပ်ရှင်လက်မှတ်ဝယ်ထားတာ အခုပွဲအတွက်ဆိုရင်. . . သွားကြရအောင်၊ တော်ကြာ ရုပ်ရှင်မမှီဘဲနေလိမ့်မယ်"

သည်တော့မှ အင်္ကျီအိပ်ကပ်ထဲ ဝယ်ယူထားပြီးဖြစ်သော ရုပ်ရှင်လက်မှတ်တို့ကို သတိရလိုက်ပြီး သူမ၏စကားတို့ကို သဘောမတူချင်ဘဲ ကျွန်တော် သဘောတူလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့က ရှပ်ရှင်ရုံထဲရောက်တော့ ကျွန်တော့်လက်ကို ခပ်တင်းတင်းဆုပ်ကိုင်ပြီး နားနားကပ်ကာ သူမ ပြောသည်။

ကျွန်မတို့ဟာ. . . သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေပါ ဆရာရယ်. . . တဲ့။

နောက်ဆုံးတော့. . . ထိုစကားအတွက် မကျေမနပ်ဖြစ်ခဲ့သော ကျွန်တော့်အား ထိုစကားဖြင့်ပင် သူမ ချွေးသိပ်အနိုင်ယူသွားခဲ့ပါသည်။

● ● ●



# [ ၁၂ ]

အကယ်၍ တစုံတရာကို ပြတ်သားရဲသော စိတ်ဓာတ်တို့အား ဝယ်ယူရမည်ဆိုပါက ကျွန်တော့်၌ ပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာတို့ကို အခကြေးငွေအဖြစ် ပေးချေ၍ ဝယ်ယူပစ်လိုက်ချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် . . . ထိုသို့ ဝယ်ယူမရနိုင်မှန်း ဝမ်းနည်းစွာ ကျွန်တော် သဘောပေါက်လာရ၏။ ဘာဖြစ်လို့များ ကျွန်တော် ပျော့ညံ့ နုံချာလွန်းရတာလဲ။ သူမကကော ဘာဖြစ်လို့များ ကျွန်တော့် အပေါ် ဒီလောက်ပါးနပ်အောင် နိုင်လွန်းရတာလဲ။

ကျွန်တော်တို့ဟာ သူငယ်ချင်းတွေပါဟု သူမ တရားဝင် ထုတ်ဖော်ကြေငြာခဲ့ပြီးနောက်ပိုင်း ရက်အတန်ကြာအထိ ထို အကြောင်းအရာဆီသို့ စကားဦးမတည်ဖြစ်ခဲ့ကြပါ။ ဦးမတည်ဖြစ် အောင်လည်း နှစ်ယောက်စလုံး သတိထားကာ၊ တမင် ရှောင်ရှား ကြသည်။

ထိုရက်များအတွင်း မာရီယာက သူမ၏ သံယော အနှောင်အဖွဲ့ကို ပုံစံတစ်မျိုးဖြင့် တည်ဆောက်လာပြန်သည်။ ကျွန်တော့်အား ဆရာဟုခေါ်ကာ သူငယ်ချင်းဟုပင် သတ်မှတ်ထား သော်လည်း၊ တခါတရံ ချစ်သူတစ်ယောက်ပမာ ဆက်ဆံတတ် ခြင်း ဖြစ်သည်။

ငွန်လ၏ မိုးစက်တွေ ထူထပ်စွာ ကျဆင်းလာသော တစ်နေ့၌ မာရီယာက ကျွန်တော့်အား လက်သည်းညှပ်ပေးခဲ့သည်။

ထိုနေ့က သူမကား ခါတ်ဆီသွားထုတ်ပြီးအပြန် မိုး တအားသည်းလာသဖြင့် ဆက်မမောင်းနိုင်တော့ဟု ဆိုကာ လမ်း





တစ်နေရာ၌ သူမကားကို ထိုးရပ်လိုက်သည်။ ကန်တော်ကြီးစောင်း ဆရာဝန်အသင်းတိုက်နားမှာ ဖြစ်သည်။

လေအေးစက်ဖွင့်ထားသော ကားအတွင်း အငွေ့ကိုယ်စီ နှင့် ငြိမ်သက်နေကြစဉ် ရုတ်တရက် သူမက ကျွန်တော့်လက်ချောင်း များကို ဆွဲယူ ကိုင်ကြည့်လေသည်။

"ကြည့်စမ်း . . . ဆရာ့လက်သည်းတွေ ရှည်နေပါလား"

"ဟုတ်လား . . . ကိုယ်က တခါတလေ ဆံပင်ညှပ်ဖို့တို့ လက်သည်းညှပ်ဖို့တို့ကို အပျင်းထူပြီး မေ့မေ့သွားတတ်တယ်။ ဆောရီး ဘွား။ ဒီကပြန်ရင် ကိုယ် ညှပ်လိုက်ပါမယ်"

"ဟင့်အင်း . . . မညှပ်နဲ့တော့"

"ဘာလဲ။ အရှည်ထားရမှာလား"

"မဟုတ်ဘူး။ မာရီယာ အခုညှပ်ပေးမလို့"

ပြောပြောဆိုဆို လက်ကိုင်အိတ်ကိုဖွင့်လိုက်တော့ လက်သည်း ညှပ်အသေးလေးကစ်ခုက သူမလက်ထဲသို့ မျက်လှည့်ပြသလို ရောက် လာလေသည်။

"မာရီယာ လက်သည်းညှပ် အမြဲဆောင်ထားတတ်သလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း. . . ဟိုတလောကမှ ဆရာ့လက်သည်းတွေ ရှည်နေတာကြည့်ပြီး ယားကျိကျိဖြစ်လာတာနဲ့ နောက်တစ်ခါ ညှပ်ပေးဖို့ ဝယ်ဆောင်ထားလိုက်တာ"

မာရီယာ့စကားကြောင့် ကျွန်တော့်ရင်အစုံ လှပ်ကနဲ ဖိုလိုက်သွား၏။ ကျွန်တော် ထိုသို့ခံစားရနိုင်ကြောင်း မာရီယာ မရိပ်မိဘဲ နေမည်မဟုတ်ပါ။ ရိပ်မိလျှက်နှင့် ကျွန်တော့်အား ရင်ဖိုစေသော စကားတို့ကို သွေးအေးစွာ ပြောနိုင်ခဲ့ခြင်းအပေါ် ကျွန်တော် ဘယ်လိုမှ နားမလည်နိုင်ပါ။

မာရီယာကတော့ ကျွန်တော့်ရင်အစုံကို မသိကျိုးကျွန်ပြုလျက် လက်ကိုင်ပဝါတစ်ထည်အား ဖြန့်ခင်းပြီး ကျွန်တော့်လက်သည်းတို့ကို စိတ်အေးလက်အေး ညှပ်ပေးခဲ့လေသည်။ (ထိုနေ့မှစ၍. . . မကြာမကြာဆိုသလို မာရီယာ ကျွန်တော့်အား လက်သည်းညှပ်ပေးတတ်သည်။)

ထိုသို့ညှပ်ပေးနိုင်ရန် ပိုက်ဆံအိတ်ထဲ၌ လက်သည်းညှပ်တစ်ခုကို အမြဲဆောင်ထားတတ်သော မာရီယာသည် ဓါတ်ငွေ့မီးခြစ်တစ်ခုကိုလည်း ဆောင်ထားထတ်ပါသေးသည်။





ကျွန်တော်က ဆံပင်ဖြတ်ရန်၊ လက်သည်းညှပ်ရန် မေ့လျော့တတ်သလို မီးခြစ်ကို ဓါတ်ငွေ့မှန်မှန်ဖြည့်ရန်လည်း မေ့လျော့တတ်သူဖြစ်၏။

တခါတရံ မီးခြစ်မှ ဓါတ်ငွေ့ကုန်ချိန်နှင့် ဆေးလိပ်သောက်ချင်သောအချိန်တို့ ကြုံကြိုက်သောအခါ၌ ကျွန်တော် စိတ်အနှောင့်အယှက်ဖြစ်ရလေ့ရှိပြီး ထိုသို့ဖြစ်တိုင်း မာရီယာက သူမ၏ပိုက်ဆံအိတ်ထဲ၌ ဆောင်ထားတတ်သော မီးခြစ်လေးဖြင့် ကျွန်တော့်အခက်အခဲကို ကူညီလေ့ရှိသည်။

သို့သော်. . . ထိုသို့ကူညီပြီးတိုင်း. . .

"ကျွန်မများမရှိရင် ဆရာတော့အခက်ပဲ"

ဟု အသားယူတတ်ပါသေးသည်။

"ကိုယ်က အသေးအဖွဲလေးတွေလောက်ပဲ မေ့တတ်တာပါ မာရီယာရဲ့"

"ဘာလဲဟင်. . . ဆရာ့စကားကြီးက ကျွန်မကို စောင်းတာလား"

"သေချာတာပေါ့။ မာရီယာကမှ အရေးအကြီးဆုံးအရာကို မေ့နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ"

"ဘဝမှာ အရေးကြီးဆုံးအရာလေ"

"အဲဒါ ဘာလဲ"

"အချစ်ပေါ့"

ထိုအခါမှိုး၌ မာရီယာက ရှက်အန်းထူပူဟန်ဖြင့် မျက်စောင်းခဲတတ်သလို တချိန်တည်းမှာပင် စိုးရွံ့တုန်လှုပ်ဟန်ဖြင့် မျက်နှာမျက်သွားတတ်ပါသေးသည်။

တခါတရံ ကျွန်တော်က အချစ်ဟူသောအကြောင်းအရာဆီသို့ သူမအား အတင်းအဲကျပ် စကားဦးတည် ဆွဲဆောင်သောအခါမှိုးတွင် သူမက ခပ်တည်တည် ငြင်းဆန်တတ်ပါသည်။

"တဆိတ်ကွာ ... ကျွန်မတို့နှစ်ယောက်ကြားမှာ အဲဒီအကြောင်း မပြောကြကြေး ဆရာရယ်"

ဘယ်လောက်များ ခေါင်းမာလိုက်တဲ့ မာရီယာပါလဲ။

"အချစ်အကြောင်းမပြောကြေးဆိုလည်း မပြောဘဲနေရုံပေါ့ မာရီယာ. . .။ ဒါပေမယ့် မစဉ်းစားဘဲတော့ နေလို့မရဘူး။ မာရီယာ တစ်ခုနားလည်ထားဖို့က လောကကြီးမှာ အချစ်နဲ့ကင်းကွာပြီး ဘယ်သူမှ မနေနိုင်ဘူး"





"အဲဒါ ဆရာရဲ့ ကိုယ်ပိုင်အယူအဆလား"

"ဟင့်အင်း. . . လူသားတိုင်းလက်ခံထားတဲ့ အယူအဆပါ"

"အဲဒီအယူအဆကို ကျွန်မက လက်မခံဘူးဆိုရင်ကော ဆရာ"

"ကိုယ် မယုံဘူး မာရီယာ"

"တစ်နေ့နေ့တော့ ဆရာယုံကြည်လာမှာပါ"

"မာရီယာက တစ်နေ့နေ့တို့၊ နောင်တစ်ချိန်တို့၊ ကံကြမ္မာတို့ ဆိုတာတွေကို သိပ်ပြောတာပဲ"

"ဒါကတော့. . . လူတိုင်း ရှောင်လွှဲလို့မရတဲ့ အနာဂတ်လေ ဆရာရဲ့"

"အချစ်ဆိုတာလည်း အနာဂတ်လိုပဲ ရှောင်လွှဲလို့မရပါဘူး မာရီယာ"

"မာရီယာတော့. . . ရှောင်လို့ရမယ် ထင်တယ်ဆရာ"

"မာရီယာ. . . သိပ်ခေါင်းမာတာပဲ။"

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



မာရီယာနှင့်စကားပြောရခြင်းသည် တခါတရံ ကျွန်တော့်အတွက် တစ်ချပ်မှောက်ကစားရသလို ဉာဏ်နီဉာဏ်နက်များ အသုံးပြုရပြီး တခါတရံတော့လည်း ဘောလုံးကန်ရသလို ပင်ပန်းလှပါသည်။

စကားလုံးတွေကို ဘော်လီဘောပုတ်သလို လှပစွာ သူမပုတ်ခတ်ကစားပစ်လိုက်တိုင်း ကျွန်တော့်မှာ မချင့်မရဲဖြစ်စွာ စိတ်ကျနွမ်းနယ်သွားရမြဲ ဖြစ်သည်။

မာရီယာ၏စကားတချို့ကြောင့် ကျွန်တော် စိတ်ချမ်းသာခဲ့ရဖူးသော်လည်း များသောအားဖြင့်တော့ သူမ၏စကားများကြောင့်ပင် ကျွန်တော် စိတ်ညစ်ခဲ့ရ၏။

စိတ်ဓာတ်တို့ အလွန်အမင်းပြိုကွဲလာသောအခါမျိုးမှာတော့ သူမနှင့်လမ်းခွဲပြီးတိုင်း ကျွန်တော် ညနေခင်းအချို့ကို ခပ်စုတ်စုတ်ဘီယာဆိုင်လေးတစ်ဆိုင်သို့ သွားရောက် ပေါက်ကွဲပစ်ရမြဲ ဖြစ်သည်။

ထိုဆိုင်ကလေးသည် ကျားကွက်သစ်လမ်းပေါ်မှာ ရှိ၏။ ကျောက်မြောင်း၏ ညနေခင်းအလှကိုခံစားရန် အကောင်းဆုံးအနေအထားမှာ ထိုဆိုင်လေးတည်ရှိသော်လည်း ကျွန်တော်ကတော့ အလှအပတို့ကို မခံစားနိုင်ဘဲ ဝေ့လည်လည်စကားလုံးများ၏ နှောင်ဖွဲ့မှုဖြင့် ယစ်မူး ရီဝေခဲ့ရမြဲ ဖြစ်သည်။





"မောင်ရင် ခုတလော ဆိုင်ထိုင်တာ တယ်စိပ်နေပါလား"

သူငယ်ချင်း ပန်းချီဆရာက မကြာခဏ ဘီယာသောက်ဖြစ်နေသော ကျွန်တော့်ကို တအံ့တဩ မှတ်ချက်ချသည်။ ၎င်း၏မှတ်ချက်စကားအပေါ် ကျွန်တော် ဘာမှပြန်မပြောဘဲ ပခုံးကိုသာ တွန့်ပြလိုက်မိသည်။ လောလောဆယ် ကျွန်တော်လုပ်နိုင်တာဆိုလို့လည်း ဒါပဲရှိသည်။

ပန်းချီဆရာ၏ဘေးမှ အယ်ဒီတာ၏ မှတ်ချက်ကတော့ တစ်မျိုးဖြစ်၏။

"ဒီလူ ဘီယာဆိုင် လာလာထိုင်နေတာ ကုန်ကြမ်းပြတ်နေလို့ဖြစ်မယ်"

ထိုစကားကိုတော့ ကျွန်တော် စိတ်ပျက်သဘောကျစွာ ရယ်မောပစ်လိုက်ပါသည်။

လောလောဆယ် မာရီယာနဲ့ပတ်သက်တဲ့ ကုန်ကြမ်းတွေကျွန်တော့်မှာ တနင့်တပိုးရရှိထားမှန်း ၎င်းတို့ မရိပ်မိကြ။ ထို့ကြောင့် အရိပ်အမြွက်မျှ ကျွန်တော်ပြောပြလိုက်ရသည်။

"ဘယ်သူ. . ."

"မာရီယာ. . . တဲ့"



www.burmeseclassic.com

www.burmeseclassic.com



“အဲဒီတော့. . .”

“ဒီလိုဗျာ. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .”

ကျွန်တော့်စကားအဆုံး သူငယ်ချင်းနှစ်ယောက်စလုံး နှုတ်ဆိတ်ငြိမ်သက်။ ကျွန်တော်တို့ ဘီယာဝိုင်းကလေးဟာ အပ်ကျသံကြားရခလောက်အောင်ကို တိတ်ဆိတ်သွား၏။

အတော်ကြီးကြာမှ ပန်းချီဆရာက လေပူတစ်ချက်ကို မှုတ်ထုတ်ရင်း “တမျိုးကြီးပဲဗျာ” ဟု ရေရွတ်သည်။ အယ်ဒီတာသူငယ်ချင်းကတော့. . .

“လုပ်ကြံဖန်တီးထားတဲ့ ပုံပြင်တစ်ပုဒ်ကို နားထောင်ရသလိုပဲဗျာ။ မာရီယာနဲ့ပတ်သက်ပြီး ကျွန်တော့်စိတ်ထဲမှာ သက်ာမကင်းဖြစ်လာတယ်”

“ဘာကို မသင်္ကာတာလဲ”

“အဓိကပြဿနာက အဲဒါပဲ။ ဘယ်အချက်ကို မသင်္ကာတာလဲလို့ ကျွန်တော် အတိအကျ ထောက်မပြနိုင်ဘူး ဖြစ်နေတယ်။ ဒါပေမယ့် မာရီယာ ခင်ဗျားအပေါ် မရိုးသားတာတော့ အမှန်ပဲ





ကိုယ့်လူ။ ကျွန်တော် အဲဒီအတိုင်း ခံစားရတယ်။ ဆိုလိုတာက သူခင်ဗျားအပေါ် တစ်ခုခု ဖုံးကွယ်ထားတယ်လို့ ကျွန်တော်ခံစားရတယ်”

အယ်ဒီတာပီပီ ရှုပ်ရှုပ်ထွေးထွေးစကားလုံးများဖြင့် သူ့အမြင်ကို ရှင်းလင်းတင်ပြလာ၏။ သူ့စကားထဲမှ “မာရီယာ မရိုးသားဘူး” ဟူသောအချက်ကိုတော့ ကျွန်တော့်စိတ်ထဲမှ ထောက်ခံလိုက်မိသည်။

ပန်းချီဆရာက. . . “မာရီယာ့အကြောင်းတွေ သေသေချာချာသိအောင် ခင်ဗျား. . . ထုတ်ဝေသူကို မေးကြည့်ဖို့ကောင်းတယ်” ဟု အကြံပေးသည်။

ထိုကိစ္စမှာ ကျွန်တော့်အတွက် သိပ်မခက်ပါ။ ထုတ်ဝေသူသူငယ်ချင်းက တခါတရံ ကျွန်တော်တို့ထိုင်သော ဘီယာဆိုင်ကလေးသို့ ရောက်ရှိလာတတ်၏။

သူကိုယ်တိုင်က ဘီယာမသောက်သော်လည်း ကျွန်တော်တို့သောက်သော ဘီယာဖိုးကိုရှင်းရန်၊ ကျွန်တော်တို့နှင့် ဟိုအကြောင်းဒီအကြောင်း လေကန်ရန် ဖြစ်သည်။

သို့သော် ထုတ်ဝေသူကိုယ်တိုင်က ကျွန်တော်သိတာထက်ဘာမှ ပိုမသိပါဟု ဝန်ခံလာသောအခါ ကျွန်တော်တို့ စိတ်ဓာတ်ကျသွားရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူကဲ့ ကျွန်တော်နဲ့ သိပ်မရင်းဘူးဗျ။ ကျွန်တော့်မိန်းမနဲ့ ပိုရင်းတာ။ ကျွန်တော်တို့လင်မယားလည်း သူ့အကြောင်း သိပ်မသိဘူး၊ ဒါပေမယ့်. . . သူ ခင်ဗျားအပေါ် တစ်ခုခုဖုံးကွယ်ထားရိုးမှန်ရင် ဘာကိုဖုံးကွယ်ထားသလဲဆိုတာ. . . ရအောင်စုံစမ်းပေးမယ်"

ကျေးဇူးကြီးလှပါသည်။

ထူတ်စ့်ဝှေ့သူ၏စကားကြောင့် ညစ်နွမ်းနေသော ကျွန်ုပ်တော်၏စိတ်ဓာတ်တို့ ပြန်လည်လန်းဆန်း တက်ကြွလာကြသည်။

ထိုညက လူစုခွဲပြီး အိမ်ပြန်လာတော့ ကျွန်တော့်နှုတ်ဖျား၌ "တစ်ချိန်ချိန်မှာ တစ်ခုခု မင်းဆီက ကြားရလိမ့်မယ်လို့. . . မျှော်လင့်နေတုန်းပဲ ဘိုမရယ်". . . ဟူသည့် သီချင်းအပိုင်းအစလေးတစ်ခုကိုပင် ရွတ်ဆိုလိုက်မိပါသေးသည်။

သို့သော် "ထိုတစ်ခုခု"ကို မကြားရသေးခင်၊ နောက်ရက်အနည်းငယ်အကြာမှာပင် ကျွန်တော်၏စိတ်ဓာတ်တို့ ဖရိုဖရဲ ဖြစ်ခဲ့ရပြန်သည်။ ထိုသို့ဖြစ်စေသူကတော့. . .

ကျွန်တော်၏ ချစ်လှစွာသော မာရီယာပဲ ဖြစ်သည်။

— — —



# [ ၁၃ ]

အင်ဂျင်ပါဝါကောင်းကောင်းနှင့် ကားတစ်စီးအား အရှိန်မြင်းပြင်းမောင်းနှင်လိုက်ရသည့်အခါ၌ ဖြစ်စေ. . .

အောဘီစီဘီယာဘူးကို ဆွဲဖောက်၍ ဖန်ခွက်ထဲသို့ အမြှုပ်များ ဆူလျှံကျလာသည်အထိ လောင်းထည့်လိုက်ရသည့် အခါ၌ ဖြစ်စေ. . .



www.burmeseclassic.com

www.burmeseclassic.com



ဂစ်တာတစ်လက်ဖြင့် သီချင်းတစ်ပုဒ်ကို အားရအောင် အော်ဆိုလိုက်ရသည့်အခါ၌ ဖြစ်စေ. . .

စိတ်ကြိုက်ဝတ္ထုတိုတစ်ပုဒ်ကို ဖတ်ရှုခံစားလိုက်ရသည့်အခါ၌ ဖြစ်စေ. . .

လွတ်လပ်ကျယ်ဝန်းသော ကွင်းပြင်ထဲ၌ ရင်ထဲရှိသည့် တစုံတရာကို ကြွေးကြော်လိုက်ရသည့်အခါ၌ ဖြစ်စေ. . .။ ၂

လျှပ်စီးတွေ ပြိုးပြိုးပြက်ပြက်လက်ပြီး မိုးတွေ သည်းသည်းမဲမဲ ရွာနေတဲ့ညမျိုးမှာ. . . ကတ္တရာလမ်းမပေါ် တစ်ယောက်တည်း လမ်းလျှောက်လိုက်ရသည့်အခါ၌ဖြစ်စေ. . .။

ကျွန်တော်၏စိတ်ခါတ်တို့ ပေါ့ပါးလွတ်လပ်စွာ လန်းဆန်းသွားတတ်မြဲ ဖြစ်သော်လည်း မာရီယာနှင့်ပတ်သက်သည့် စိတ်ခံစားမှုကတော့ ခြွင်းချက်ဖြစ်သည်။

(ကျွန်တော့်အား ခုနစ်ကြိမ်မြောက် မာရီယာ လက်သည်းညှပ်ပေးသောနေ့က အထက်ပါ စိတ်ကုထုံးတို့ကို အသုံးပြု၍မရနိုင်လောက်အောင်ပင် ကျွန်တော်၏စိတ်တို့ လေးလံ မွန်းကျပ်နေခဲ့သည်။)

ထိုနေ့က ဆောင်းဦးရာသီ၏ ကောင်းကင်ကျယ်ကြီးမှာ စိတ်အနှောင့်အယှက် တစုံတရာနှင့် ကြုံတွေ့ရလိမ့်မည်ဟု မထင်ရလောက်အောင်ပင် ကြည်လင်သာယာ၍ နေခဲ့သည်။





ကန်တော်ကြီးစောင်းရှိ (Barbecue Hut) ၏ ကန်ရေပြင်နှင့် အနီးဆုံးတဲကလေးမှာ ကျွန်တော်တို့နှစ်ယောက် ထိုင်ဖြစ်ခဲ့ကြသည်။ ကန်ရေပြင်ကို ဖြတ်သန်းလာသည့် လေနုအေးတို့က နုပျိုလတ်ဆတ်ရုံမျှမက မွှေးမြနေသည်ဟုပင် စိတ်၌ ထင်လိုက်မိပါသေးသည်။

ပြောမည်ဆိုလျှင် ထိုအချိန်ဟာ ကျွန်တော့်စိတ်တို့ အကြည်လင်ဆုံးအချိန်ပါ။ ပြီးတော့ အဲ့ဒီအချိန်မှာပဲ မာရီယာဟာ ကျွန်တော့်ကို လက်သည်းညှပ်ပေးနေခဲ့တာပါ။

စားပွဲပေါ်မှာ မိန်းမကိုင် လက်ကိုင်ပဝါလေးခင်းပြီး၊ ထိုလက်ကိုင်ပဝါပေါ်ကို ကျွန်တော့်လက်သည်းတွေ တစ်ချောင်းချင်း စိတ်ရှည်လက်ရှည်နှင့် ညှပ်ချပေးနေခဲ့ခြင်း ဖြစ်သည်။

သို့သော် ယခင်အခါများကလို "ငြိမ်ငြိမ်နေလေ ဆရာရဲ့"ဟု ဟန်ဆောင်မာန်မဲခြင်းမျိုး. . .။

"အသားကိုညှပ်မိသွားရင် တာဝန်မယူဘူးနော်". . .ဟု ချိန်ခြွင်း နောက်ပြောင်ခြင်းမျိုးတော့ မရှိခဲ့။

ထို့အပြင် လက်သည်းညှပ်ပြီးသောအခါ ကျွန်တော့် လက်သည်းစများအား လွှင့်ပစ်ခြင်းလည်း မပြုခဲ့။

သူမ၏ ပန်းနုရောင်လက်ကိုင်ပဝါလေးဖြင့် အသာအယာ ထုပ်ကာ ပိုက်ဆံအိတ်ထဲသို့ သိမ်းလိုက်ကတည်းက ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် စိတ်ထင့်သွားခဲ့သည်။ ပို၍ စိတ်ထင့်ဖွယ်ကောင်းသည်မှာ သူမ၏လက်သည်းညှပ်လေးအား ကျွန်တော့်ထံသို့ ကမ်းပေးလာခြင်း ဖြစ်သည်။

ကျွန်တော် ဇဝေဇဝါဖြစ်စွာလှမ်းယူလျက် သူမအား မေးလိုက်သည်။

"နောက်တစ်ခါ ကိုယ့်ဘာသာကိုယ် ညှပ်ရတော့မယ်ဆိုတဲ့ သဘောလား"

"မာရီယာ ဆရာ့ဆီမလာဖြစ်တဲ့နေ့တွေ ဆိုရင်ပေါ့"

"ဒါဖြင့်. . ."

မာရီယာ သက်ပြင်းရှိုက်၏။

ခေါင်းကို ငုံ့၏။

ပြီးတော့မှ. . . တိုးတိုးလေး အဖြေပေး၏။

"သူ. . . ပြန်လာတော့မယ် ဆရာ"

မီးတောင်တစ်လုံး ပေါက်ကွဲသွားတာမျိုးကို မျက်ဝါးထင်ထင် ကျွန်တော် မမြင်ဘူးခဲ့သလို. . .၊

ကမ္ဘာမြေကြီးတစ်ခုလုံး ပျက်သုဉ်းကြေမွသွားတာမျိုးကိုလည်း ကျွန်တော် မကြုံဖူးခဲ့. . .။





သို့သော်. . . ထိုခဏမှာတော့ ထိုကိစ္စအားလုံး ကျွန်တော့်ရင်ထဲ၌ တပြိုင်နက်တည်း ဖြစ်ပျက်သွားကြလေသည်။

"ဘယ်တော့လဲ မာရီယာ"

"သူ ဘယ်တော့ ပြန်လာမှာလဲ"

"ကျွန်မ အတိအကျမသိဘူး ဆရာ။ ဒါပေမယ့် သင်္ကြန်တိုင်ခင်တော့ သူပြန်ရောက်လာလိမ့်မယ်"

ထို့နောက် နှစ်ယောက်စလုံး ပြောစရာစကား ပါးရှားစွာ နှုတ်ဆိတ်သွားကြသည်။

တစ်ယောက်၏အသက်ရှူသံကို တစ်ယောက်ကြားရလောက်အောင်. . .၊ တစ်ယောက်၏ရင်ခုန်သံကို တစ်ယောက်နားထောင်လို့ရလောက်အောင်. . .၊ တိတ်ဆိတ်သွားကြခြင်း ဖြစ်သည်။

အတော်ကြီးကြာမှ သူမ ကျွန်တော့်အား စကားတစ်ခွန်း ပြောသည်။ အလွန်မှိန်ဖျော့ တုန်ခါပြီး ကျွန်တော့်ရင်ကို စူးရှနာကျင်သွားစေသော စကားဖြစ်သည်။

"ကျွန်မ. . . အရက်သောက်ချင်တယ် ဆရာ. . ."တဲ့။

သို့သော် ထိုညက အမှန်တကယ် အရက်သောက်ဖြစ်သူမှာ ကျွန်တော်သာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com


လေအေးစက်တပ် အိပ်ခန်းအတွင်းရှိ နိုင်ငံခြားဖြစ်ကုတင်ပေါ်တွင် သူမ သက်သောင့်သက်သာ လဲလျောင်းနေမည့်အချိန်လောက်၌. . .၊

ကျွန်တော်သည် တွန့်လိမ်ကောက်ကွေးသော လမ်းမပေါ်မှာ ဒယိမ်းဒယိုင် လျှောက်လှမ်းလို့နေခဲ့သည်။

ဆီးနှင်းကလေးများကျကာ ခါတိုင်းထက် ပိုမှောင်သည်ထင်ရသော ထိုည၌ ကျွန်တော်သည် ကဗျာတစ်ပုဒ်ကိုလည်း ရွတ်ဖြစ်ခဲ့ပါသေးသည်။

* * *



ဟော့ဒီ. . . ညကတော့
မိန်းမတစ်ယောက်ဆီက
မီးတောက်တစ်စနဲ့
ပူပြင်းရှတခဲ့ရတဲ့ ညပါပဲ. . .။

"မဖြစ်နိုင်ပါဘူး". . . တဲ့
ဒီကောင့်ကို ရှုံးသွပ်စေခဲ့
အဲ့ဒီမိန်းမရဲ့
အစိမ်းယိမ်းက
ငြင်းပယ်မှု သင်္ကေတလေ. . .။

ဒီလူမှာ
ရင်နာစိတ်တွေ
အဆိပ်တက်ဆူဝေသွားပုံများ
ဟော့ဒီ
ရေခဲရိုက် ဆောင်းညကိုတောင်
ဖျောင်းဖျလို့မရနိုင်လောက်အောင်. . .။


www.burmeseclassic.com

www.burmeseclassic.com



ရက်ပေါင်းများစွာ
လပေါင်းများစွာ
ပေါက်ကွဲနေခဲ့ရ
လုံးပါး ပါးနေခဲ့ရ
သက်ပြင်းတွေကို
ပြန်ပြန် မျိုချနေခဲ့ရ
မျှော်လင့်
တမ်းမက်နေခဲ့ရ. . .။

ခုမှ. . .
အေးမြမယ်ဆိုရုံရှိသေး
ဘယ်လို အမှားအယွင်းတစ်ခုနဲ့
နားလည်မှုတွေ ချို့တဲ့
ခါးသက်လိုက်ပုံက
ငါ့မှာ. . .
အသက်သုံးဆယ်နီးမှပဲ
အသည်းကွဲသီချင်းတစ်ပုဒ်နဲ့
ကိုယ့်ကိုယ်ကို ပြန်ပြီး ဆုတ်ဖြဲပစ်ရတော့မလို့. . .။





ဟော့. . .
ဒီမှာ မာရီယာရဲ့
ငါဟာ မုန်းကို
ဟိုးတခါကတည်းက
အလဲထိုးခံပြီး
အစွဲအလန်းကြီးခဲ့တဲ့ ကောင်ပါကွယ်. . .။ ။

• • •



www.burmeseclassic.com

www.burmeseclassic.com

# [ ၁၄ ]

အကယ်၍ ကျွန်တော့်အား ဆုတောင်းတစ်ခုကို တောင်းခွင့်ရှိမည်ဆိုပါက . . . ။ ပြီးတော့. . . ထိုဆုတောင်းပြည့်ဝအောင်လည်း ဆောင်ကြဉ်းပေးကြမည်ဆိုပါက. . .

မြှားနတ်မောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ပခုံးထက်၌ မှေးမှိန်အိပ်စက်နေသော မာရီယာအား ကျွန်တော့်ထံမှ ဆွဲခေါ်သွားမည့် အနှောင့်အယှက်တို့ကို ဖယ်ရှားပေးကြစေလိုပါသည်။

သို့သော်... "ဆုတောင်း"ဟူသည် ဆုတောင်းသာဖြစ်၍ ပြီးပြည့်စုံသော အမှန်တရားတစ်ခုအဖြစ်သို့ ရောက်ရှိမလာခဲ့ပါ။

ပြီးတော့ ကျွန်တော့်ဆုတောင်း မပြည့်ဝနိုင်ကြောင်းကိုလည်း ကျွန်တော်ကိုယ်တိုင် အသိဆုံးပါပဲ။

အချိန်တန်လျှင်... မာရီယာ အိပ်ရာမှ ညင်သာစွာ နိုးထလာပေလိမ့်မည်။

လက်မဝက်ခန့် ရှည်မြောမြောအမာရွတ်လေးရှိသည့် နဖူးပြေပြေလေးပေါ် ဝေ့ဝဲကျဆင်းနေသည့် ဆံနွယ်စများအား ဆတ်ကနဲ သပ်တင်ကာ... သူမ၏ကားသော့နှင့် ပိုက်ဆံအိတ်ကို ကောက်ကိုင်ပေလိမ့်မည်။

ထို့နောက်တော့ ကျွန်တော့်မျက်ခုံးတို့ကို ညင်သာဖွဖွ နမ်းလျက်၊

"မာရီယာ ပြန်ဦးမယ်ဆရာ"

ဟု နှုတ်ဆက်ပါလိမ့်မည်။





သည့်နောက်တော့ သူမရော ကျွန်တော်ပါ ရင်မောမှုများစွာဖြင့် ခွဲခွာကြရပါလိမ့်မည်။

ဒါဟာ သိပ်ကိုသေချာပါတယ်...။

သိပ်မကြာခင်မှာပဲ ... အဲ့ဒီလိုခွဲခွာရမယ့်အချိန်ဟာ အသေအချာကို ရောက်ရှိလာတော့မှာပါ။

ဒါပေမယ့်... လောလောဆယ်တော့ ရောက်ရှိမလာစေချင်သေးပါ။ ဖြစ်နိုင်လျှင် ထိုအခြေအနေမျိုး ရောက်ရှိမလာအောင် တစ်စုံတစ်ယောက်က ကူညီ တားဆီးပေးစေလိုပါသည်။

သို့သော်... မည်သူတစ်ဦးတစ်ယောက်ကမှ ကျွန်တော့်အား မကူညီနိုင်သလို၊ ကျွန်တော်ကိုယ်တိုင်လည်း ထိုအခြေအနေမှ လွတ်မြောက်အောင် မဖန်တီးနိုင်မှန်း ဝမ်းနည်းစွာ သတိပြုမိခဲ့၏။

တကယ်တော့... မာရီယာနှင့် ကျွန်တော်၏အိပ်မက်သည် ကျွန်တော့်အား ခုနစ်ကြိမ်မြောက် လက်သည်းညှပ်ကလေးကို အပိုင်ပေးလိုက်ကတည်းက ကျွန်တော်တို့၏ဇာတ်လမ်း နိဂုံးချုပ်သွားခဲ့ပြီဟု ကျွန်တော် မှတ်ယူခဲ့မိသည်။

ထို့ကြောင့်လည်း ထိုနေ့က ကျွန်တော် အသည်းကွဲခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အသည်းကွဲသီချင်းတစ်ပုဒ်ကို ဆိုရင်း. . . ကျွန်တော့်ကိုယ် ကျွန်တော် တစ်စီ ဆုတ်ဖြဲပစ်ခဲ့သည်။

ခပ်ညံ့ညံ့ဘီယာဆိုင်လေးရဲ့ ခပ်စုတ်စုတ်စားပွဲတစ်လုံးမှာ ထိုင်ပြီး သောက်နိုင်တာထက် နှစ်ဆလောက်ကို ကျွန်တော် သောက်ဖြစ်ခဲ့သည်။

ဆီးနှင်းတွေ ခပ်ပါးပါးကျဆင်းနေတဲ့ လမ်းမပေါ်မှာ အလွမ်းတွေ ထူထူထဲထဲနဲ့ ကျွန်တော်တစ်ယောက်တည်း ဒယိမ်းဒယိုင် လမ်းလျှောက်နေစဉ် သူငယ်ချင်းများက ကျွန်တော့်အား ရှာဖွေတွေ့ရှိသွားခဲ့သည်။

လူမှန်းမသိအောင်မူးနေသော ကျွန်တော့်အား ချော့မော့တွဲခေါ်ကာ အိမ်ပြန်လိုက်ပို့ပေးခဲ့ကြ၏။ (ထိုညက ကျွန်တော်ငိုသည်ဟု သူငယ်ချင်းများက နောင်အခါ ပြန်လည်ပြောပြကြပါသည်။)

သို့သော် ကျွန်တော် မမှတ်မိတော့ပါ။

ကျွန်တော်မှတ်မိတာက. . . အိမ်ပြန်ရောက်သောအခါ စာရေးစားပွဲပေါ်မှ မှင်အိုးကိုယူကာ နံရံဆီသို့ ပစ်ပေါက်ခဲ့လိုက်ခြင်း ဖြစ်သည်။





အဝါနုရောင် အုတ်နံရံပေါ်၌ အနက်ရောင်မှင်ကွက်ကြီး တဖြည်းဖြည်းကျယ်ပြန့်စွာ ယိုစီးကျလာစဉ်မှာပင်. . .

ထိုမှင်များကို ကျွန်တော့်လက်ချောင်းဖြင့် တို့ကာ နံရံပေါ်၌ ထိုနေ့ နေ့စွဲကို တခုတ်တရ ရေးမှတ်လိုက်မိသည်။

ကျွန်တော်တို့နှစ်ယောက်၏ အပ်မက်လေး ပြီးဆုံးသောနေ့. . .။

ကျွန်တော့်အား ခုနစ်ကြိမ်မြောက် လက်သည်းညှပ်ပေးပြီး လက်သည်းညှပ်ကလေး အပိုင်ပေးလိုက်သောနေ့. . .။

တစ်နည်းအားဖြင့် ကျွန်တော် အသည်းကွဲသောနေ့. . .။

အောက်တိုဘာလ (၁၈)ရက်. . .။

သို့သော် ကံကြမ္မာက ကျွန်တော့်အား ထိုမျှအထိ ကံကောင်းခွင့်မပေးခဲ့ပါ။ အသည်းကွဲခဲ့ရသော ကျွန်တော့်ထံသို့ အသည်းနာစေမည့် အဖြစ်အပျက်များအား၊ ကျွန်တော်၏ကံကြမ္မာက (သို့တည်းမဟုတ်)ချစ်လှစွာသော မာရီယာက ထပ်မံ ယူဆောင်လာခဲ့ပါသေးသည်။

မှတ်မှတ်ရရ. . . နောက်တစ်နေ့ အောက်တိုဘာ (၁၉)ရက်နေ့မှာပင် ဖြစ်သည်။ ထိုနေ့က. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

# [ ၁၅ ]

ထိုနေ့က. . .

ဦးခေါင်းတစ်ခုလုံး နာကျင်ကိုက်ခဲစွာဖြင့် ကျွန်တော် အိပ်ရာမှ လန့်နိုးလာခဲ့သည်။ ထိုသို့ ကျွန်တော့်အား အိပ်ရာမှလန့်နိုးစေသော အကြောင်းတရားက. . . ခေါင်းကိုက်ဝေဒနာလား. . .



www.burmeseclassic.com

www.burmeseclassic.com

ဒါမှမဟုတ်. . . အလွန်အမင်း ရင်ပူ ရေဆာခြင်းကြောင့် များလား. . .။ ကျွန်တော် တံအုံ့တသြတွေးတောနေမိစဉ်မှာပင် ကျွန်တော်ထင်သည့်အရာ နှစ်ခုစလုံး မှားယွင်းကြောင်း သဘော ပေါက်လာရသည်။

ကျွန်တော့်အား အိပ်ရာမှ ရုတ်တရက်နိုးထစေခဲ့သောအရာ မှာ ခပ်မှန်မှန်ထွက်ပေါ်နေသော တံခါးခေါက်သံတစ်ခုသာ ဖြစ်လေ သည်။ ခေါင်းလောင်းတစ်ခုတရာ တပ်ဆင်မထားသော. . . တံခါး ပေါက်အပြင်ဘက်ရှိ တစ်စုံတစ်ယောက်သည် ၎င်း၏လက်ဆစ်များ အား မညှာမတာ အသုံးပြုနေပုံရပါသည်။

ကျွန်တော် အိပ်ရာထဲမှ လူးလဲထကာ အခန်းတံခါး သွားဖွင့် ပေးလိုက်တော့. . .၊ လျော့ရဲရဲအပြုံးလေးတစ်ခုနှင့်အတူ ကျွန်တော် ၏ကံကြမ္မာအား ကျွန်တော် ပြန်လည်တွေ့မြင်လိုက်ရသည်။

ကျွန်တော်၏ကံကြမ္မာ (သို့မဟုတ်) မာရီယာ. . .။

ပြောခဲ့ဖူးသလိုပါပဲ။

ကျွန်တော့်အခန်းကျဉ်းလေးသို့ ရောက်ရှိရန် သူမ၏ကားကို ပါတ်ဆီဂါလုံဝက် အကုန်ခံရ၏။ လှေခါးထစ်ပေါင်း ခြောက်ဆယ် ကျော်ကို နင်းတက်ရ၏။





ခေါင်းလောင်းတပ်ဆင်မထားသော တံခါးရွက်ကို သူမ၏ လက်ဆစ်လေးများ နာလာသည်အထိ အခါခါခေါက်ရ၏။ ထိုကိစ္စ အားလုံးအား အပင်ပန်းခံ၍ တကူးတကဆောင်ရွက်လာခဲ့သော သူမ ၏အကြောင်းပြချက်က တစ်ခုတည်းဖြစ်သည်။

"ကျွန်မ. . . ဆရာ့ကိုတွေ့ချင်လို့ လာခဲ့တာ"

နွမ်းလျလျအသံဖြင့် သူမလှမ်းပြောလာသောအခါ ကျွန်တော် ကြည်နူးရမည်လား၊ ကြေကွဲရမည်လား ဝေခွဲ၍မရခဲ့။

"ခု. . . ဘယ်အချိန်ရှိပြီလဲ ဆရာသိလား"

"ဟင့်အင်း"

"ခြောက်နာရီခွဲပြီ ဆရာရဲ့"

"ညနေလား"

"အိုး. . . ပေါက်ပေါက်ရှာရှာ. . . မနက်ဆရာရဲ့။ ကျွန်မ တစ်ညလုံးအိပ်လို့မပျော်ဘူး"

"ကိုယ်လည်း. . . ညက. . ."

"ဆရာ သောက်ဖြစ်သေးလား"

"အသေအချာကို သောက်ဖြစ်တာပေါ့ မာရီယာရဲ့။ ဘဝရဲ့ အမှတ်တရနေ့တစ်နေ့မှာ မသောက်ဘဲနေလို့ ဘယ်ဖြစ်ပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် . . . ခု ဆရာခေါင်းကိုက်နေမှာပေါ့"

"မာရီယာ ဘယ်လိုလုပ်သိသလဲ"

"ဆရာပဲ စိတ်ရှုပ်ရင် ဘီယာကို အမူးသောက်တတ်တယ်ဆို။ အဲ့လို အမူးသောက်ပြီးရင် နောက်နေ့ ခေါင်းကိုက်လို့ ဖြေရပြန်ရော ဆို . . .။ အခု ဆရာ့ကို ခေါင်းကိုက်ဖြေပေးဖို့ ကျွန်မလာခဲ့တာ . "

"အဲဒီတော့ . . ."

"ဆရာ မျက်နှာသစ်ပြီး အဝတ်အစားလဲလေ။ ကျွန်မ စောင့်နေမယ်"

သူမ၏စကားကြောင့် ကျွန်တော် ရေချိုးခန်းဘက်သို့ လှည့်ထွက်လာခဲ့သည်။ အိပ်မက်ထဲမှာလမ်းလျှောက်နေသူ တစ်ယောက်ပမာ ကျွန်တော့်ခြေလှမ်းတို့က ဒယီးဒယိုင်နှင့် ဝေ့ဝေ့ဝဲဝဲနိုင်လွန်းလှပါသည်။

ထိုနေ့က . . . အချိန်တစ်နာရီကျော်ကျော်နှင့် ဖြစ်ရည်နှစ်ခွက်သာသာ ကုန်ဆုံးသွားချိန်၌ ကျွန်တော် အမှန်တကယ်ကို ခေါင်းကိုက်ပျောက်သွားခဲ့သည်။ ထိုသို့ ခေါင်းကိုက်ပျောက်သွားချိန်ကျမှ သူမက စကားစလာခဲ့ခြင်း ဖြစ်သည်။

"ဆရာ့ စာရေးစားပွဲဘေး နံရံပေါ်က နေ့စွဲကို ဖျက်ပစ်လိုက်ပါ ဆရာ"





မှင်ဖြင့်တို့ကာ ရေးမှတ်ထားခဲ့သော ထိုနေ့စွဲအား . . . ကျွန်တော် အဝတ်အစားဝင်လဲနေချိန်မှာ သူမ မြင်တွေ့သွားခဲ့ပုံရ၏။

"ကျွန်မတို့နှစ်ယောက်ကြားမှာ အဲ့လိုနေ့စွဲမျိုးတွေ နောက်ထပ် မရှိစေချင်တော့ဘူး ဆရာ"

"ဒါကတော့ မာရီယာက အဓိကပဲလေ။ မာရီယာမှရှိစေချင်ရင် ရှိမလာနိုင်တော့ပါဘူး"

ထိုအခါ မာရီယာ သက်ပြင်းဖွဖွချလျက် နှုတ်ဆိတ်ငြိမ်သက်သွားလေသည်။ အကြာကြီးငြိမ်သက်နေပြီးမှ ကျွန်တော့်အားမကြည့်ဘဲ သူမဘာသာ တီးတိုးရေရွတ်သည်။

"ကျွန်မတို့နှစ်ယောက် ခုလိုတွေ့ဆုံခွင့်တော့ ရှိပါတယ်နော် ဆရာ။ ကျွန်မတို့က သူငယ်ချင်းတွေပဲလေ။ သိပ်ကိုဖြူစင်တဲ့ သူငယ်ချင်းပုံစံမျိုးနဲ့ တွေ့ကြတာပေါ့နော်"

သူမ၏စကားကို သူမကိုယ်တိုင် ယုံကြည်ရဲ့လားဟု မေးလိုက်ချင်သော်လည်း ကျွန်တော် မမေးရက်ခဲ့ပါ။ အကြောင်းကတော့ ထိုသို့မေးရန်ပြင်စဉ်မှာပင် သူမ၏မျက်ဝန်း၌ ရစ်ဝဲလာသည့် မျက်ရည်တို့ကို ကျွန်တော် တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်သည်။

◀ ▶ ◀ ▶



www.burmeseclassic.com

www.burmeseclassic.com

# [ ၁၆ ]

ပုံမှန်အားဖြင့်ဆိုပါက ကျွန်တော်သည် လွန်ကျူးစွာ ရဲရင့်သူ တစ်ယောက်မဟုတ်သလို အလွန်အမင်းပျော့ညံ့သူတစ်ယောက်လည်း မဟုတ်သော သာမန်လူသားတစ်ယောက်သာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မာရီယာနှင့်ပတ်သက်သော ကိစ္စများမှာတော့ ကျွန်တော့်ကိုယ်ကျွန်တော် အားမလိုအားမရနှင့် အကြိမ်ပေါင်းများစွာ မချင့်မရဲဖြစ်ခဲ့ရသည်။ ဘာဖြစ်လို့ ကျွန်တော် တွေဝေနေခဲ့ပါသလဲ။

တကယ်ဆို မာရီယာ၏အကူအညီနှင့် အဆုံးအဖြတ်မပါဘဲ. . .။ မာရီယာ၏လက်ရှိအခြေအနေတွေကို မငဲ့ကွက်ဘဲ. . .။ ပြီးတော့ မာရီယာ့ကို လက်ထပ်မည့် တစ်စုံတစ်ယောက်ပြန်လာချိန်အထိ စောင့်ဆိုင်းမနေဘဲ. . .။ ကျွန်တော် ရှူးပိုက်စွာ ရဲရဲဝံ့ဝံ့စွန့်စားကြည့်ဖို့ မကောင်းဘူးလား. . .။

မာရီယာကကော ကျွန်တော့်စွန့်စားမှုနောက်ကို မျောပါမလိုက်သင့်ဘူးလား. . .။

သို့သော်. . . တစ်ခု ဝမ်းနည်းဖွယ်ကောင်းသည်မှာ. . . ကံကြမ္မာဟူသည် ကျွန်တော်တို့အကျီအိတ်ကပ်ထဲမှ ငွေစက္ကူများလို. . .။

ကျွန်တော်တို့ စာအုပ်စင်ပေါ်မှ စာအုပ်များလို. . .။ ကျွန်တော်တို့ ထိကိုင်စီရင်၍ရသော အရာမဟုတ်ခြင်း ဖြစ်သည်။

မာရီယာ ကျွန်တော့်အား ရှစ်ကြိမ်မြောက်လက်သည်းညှပ်ပေးသောနေ့ကတော့ ကံကြမ္မာ၏ မျက်လှည့်ဆန်မှုကို ကျွန်တော် မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရပါသည်။





ထိုနေ့က ကျွန်တော့်အား လက်သည်းညှပ်ပေးရင်း ဘာစိတ်ကူးပေါက်သည်မသိ။ ခပ်ဆန်းဆန်းစကားတစ်ခုကို မာရီယာ ပြောလာခဲ့သည်။

"ကျွန်မကို အိမ်မပြန်နဲ့တော့လို့ ပြောကြည့်ပါလား ဆရာ"

ရိုးသားစွာဝန်ခံရလျှင် ထိုစကားကိုကြားကြားချင်း ကျွန်တော် ကြက်သေသေစွာ တအံ့တဩတုန်လှုပ်သွားခဲ့သည်။

တခါတရံ မာရီယာ စိတ်ကူးယဉ်ဆန်လွန်းတတ်မှန်း ကျွန်တော် နားလည်ထားသော်လည်း ထိုမျှအထိတော့ မထင်မိခဲ့။

အိမ်မပြန်နဲ့တော့လို့ ပြောကြည့်ပါလား. . .တဲ့။

ထိုစကားကိုပြောရန် ကျွန်တော့်အတွက်မခက်ခဲသော်လည်း ထိုစကားအတိုင်း လိုက်နာရန်ကတော့ သူမအတွက် အလွန်ခက်ခဲပါလိမ့်မည်။ တစ်ဦးတည်းသောသမီးအား အချစ်ပိုလွန်းသော သူမ၏မိဘ။ ပိုက်ဆံချမ်းသာသလို ရောဂါဘယလည်း ထူပေါလွန်းသော သူမ၏ မိဘ။

ထိုမိဘနှစ်ပါးကို သူမ အမှန်တကယ် လျစ်လျူရှုနိုင်မှာတဲ့လား. . .။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သူမအား ဘာပြန်ပြောရမှန်းမသိစွာ အကြာကြီး ငြိမ်သက်နေမိသလို သူမ၏မျက်နှာကိုလည်း (အဖြေ တစုံတရာ တွေ့လိုတွေ့ငြား) အကဲခတ်နေမိ၏။

သူမကတော့ ကျွန်တော်အကဲခတ်နေတာကို မသိကျိုးကျွန်ပြန်ဖြင့် လက်သည်းညှပ်ခြင်းကိစ္စကိုသာ စိတ်ဝင်တစား ဆက်လက်ဆောင်ရွက်နေခဲ့သည်။

လက်သည်းညှပ်ပြီးသည်နှင့် ကျွန်တော့်ထံမှ စကားတစုံတရာကို စောင့်ဆိုင်းမနေဘဲ သူမကပင် ရုတ်တရက်ပြောလာသည်။

"ကျွန်မတို့ ရန်ကင်းကြေးအိုး သွားသောက်ကြရအောင် ဆရာ။ ကြေးအိုးသောက်ပြီး ကားဆီထုတ်ဖို့ ကျွန်မပြန်မယ်"

(တစ်စုံတစ်ယောက်၏ရင်ထဲသို့ တစုံတရာထည့်ပေးရန် ကျွမ်းကျင်လိမ္မာလှသော သူမသည် ထိုတစုံတရာအား ပြန်လည်နှုတ်ယူရာ၌လည်း ပါးနပ်ကျင်လည်လှသူ ဖြစ်သည်။)

သို့သော် ထိုတစ်ကြိမ်တော့ ကျွန်တော့်ရင်ထဲမှ တစုံတရာကို သူမ ကုန်စင်အောင် ပြန်မနှုတ်နိုင်ခဲ့ပါ။ ထို့ကြောင့် သူမ၏ကားကို ရန်ကင်းကြေးအိုးဆိုင်သို့ မမောင်းဘဲ ပဲခူးဘက်သို့ ကျွန်တော်မောင်းသွားခဲ့ခြင်း ဖြစ်သည်။

"ဆရာ. . . ဒါက ဘယ်ကိုမောင်းနေတာလဲ"





"ပဲခူးဘက်ကို"

"ဘာလုပ်ဖို့လဲဟင်"

"မာရီယာပဲ အိမ်မပြန်နဲ့လို့ ပြောကြည့်ဆို. . ."

"အို. . . အဲဒါက ဆရာ့ကို ပါးစပ်ကပဲပြောခိုင်းတာ. . .။ ဆရာ အဲ့လိုပြောလာရင် မာရီယာ ဘာပြန်ပြောသင့်သလဲ စဉ်းစားကြည့်ချင်လို့"

"အခု. . . စဉ်းစားရုံတင်မကဘူး။ တစ်ခါတည်းဆုံးဖြတ်လို့ ရသွားတာပေါ့ မာရီယာရဲ့"

"ဟင့်အင်း. . . ကျွန်မက မဆုံးဖြတ်ချင်ဘူး ဆရာ။ စဉ်းစားရုံပဲ စဉ်းစားကြည့်ချင်တာ"

"ကောင်းပြီလေ. . . ဒါဖြင့်လည်း ပဲခူးရောက်မှ ဆက်စဉ်းစားကြတာပေါ့"

သို့သော်. . . ကျွန်တော်တို့ကားက ပဲခူးအထိ မရောက်ဘဲ မြို့အဝင်မှာပင် ဓါတ်ဆီကုန်ကာ ရပ်ဆိုင်းသွားခဲ့သည်။ ကားရပ်သွားတော့ မာရီယာက သဘောကျစွာ ခပ်ဟဟရယ်မော၏။

"ကောင်းတယ်. . .။ ဒီနေ့ ဆီထုတ်ရက်မို့လို့ ကျွန်မက ကားထဲကို ဓါတ်ဆီနည်းနည်းပဲထည့်လာခဲ့တာ။ ခု. . . ဆရာ့ အစီအစဉ်ပျက်ပြီမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ပျက်ရမှာလည်း မာရီယာရဲ့။ ကားကို ဒီမှာထားခဲ့ပြီး ကိုယ်တို့ မြို့ထဲအထိ လမ်းဆက်လျှောက်ကြတာပေါ့"

"ဘုရားရေ. . . လမ်းလျှောက်မယ် ဟုတ်လား"

"အစစ်ပေါ့. . .။ မြို့ထဲရောက်မှ တစ်ခုခုစားရင်း၊ တစ်ခုခု စဉ်းစားကြမယ်။ ကဲ. . . လာ"

မြို့ကို ခပ်ပျပျလှမ်းမြင်နေရပြီမို့ နောက်မှပဲ ဓါတ်ဆီဝယ်ကာ ကားကိုလာယူတော့မည်ဟူသော ဆုံးဖြတ်ချက်ဖြင့် သူမကိုခေါ်ကာ မြို့ဘက်သို့ ဦးတည်လျှောက်လာခဲ့သည်။

ဓါတ်တိုင်လေးငါးတိုင်လောက်အရောက်မှာပင် "မောတယ် ဆရာရဲ့"ဟု သူမ လှမ်းပြောသည်။ တစ်ခုခုကို ဆုံးဖြတ်ချင်စိတ်ဖြင့် တက်ကြွနေသော ကျွန်တော်က သူမစကားကို မသိကျိုးကျွန်ပြုကာ ရှေ့မှ ခပ်သွက်သွက်ဆက်လျှောက်လာခဲ့သည်။

ဓါတ်တိုင်ဆယ်တိုင်ကျော်ကျော်လောက် ရောက်လာချိန်မှာတော့ "ဆရာ. . ."ဟု လှမ်းခေါ်သော သူမ၏အသံက ကျွန်တော့် နောက်ဘက် အတော်ဝေးဝေးမှာ ကျန်ရစ်နေခဲ့ပြီ ဖြစ်သည်။

ကျွန်တော် ဖြတ်ကနဲ လှမ်းကြည့်လိုက်တော့ လမ်းဘေး ကျောက်တုံးတစ်တုံးပေါ် ထိုင်ကာ ကျွန်တော့်အား လက်ယပ်လှမ်းခေါ်





နေသော မာရီယာအား တွေ့ရသည်။ လက်တစ်ဖက်ဖြင့် ပါးစပ်ကို အုပ်ထားသော သူမ၏အပြုအမူအား ထူးဆန်းစွာငေးကြည့်နေစဉ် ထိုလက်ထဲမှ ရဲကနဲအရာတချို့ကို သတိပြုလိုက်မိသည်။

သွေးတွေပါလား. . .။

ကျွန်တော် သူမဘေးသို့ အမောတကောရောက်ရှိသွားချိန်၌ သူမလက်ထဲမှ လက်ကိုင်ပဝါလေးတစ်ထည်လုံး ရွှဲနစ်နေအောင် မာရီယာ နှာခေါင်းသွေးယိုထားပြီး ဖြစ်နေလေသည်။

"မာရီယာ. . . ဘာဖြစ်တာလဲ"

"နှာခေါင်းသွေးလျှံတာပါ။ ရေရှာပေးပါ ဆရာ"

ကံကောင်းထောက်မစွာ ခပ်လှမ်းလှမ်း၌ ရေအိုးစင်တစ်ခု တွေ့သဖြင့် ကျွန်တော် ရေတစ်ခွက် အလျင်အမြန်ပြေးခပ်လိုက်ရ၏။ ထိုရေဖြင့် သွေးတွေကိုဆေးလိုက်၊ ရေရှူလိုက်နှင့် သွေးရပ်အောင် အချိန်အတော်ကြာ လုပ်ယူလိုက်ရသည်။

သွေးလျှံခြင်း ရပ်သွားချိန်မှာတော့ မာရီယာ ပါးစပ်လေး ဟကာ မောပန်းနေလေသည်။

"မာရီယာ. . . ခုလိုပဲ နှာခေါင်းသွေးလျှံတတ်သလား"



www.burmeseclassic.com

www.burmeseclassic.com



သူမ မောနေသဖြင့် စကားနှင့်ပြန်မဖြေဘဲ ခေါင်းကိုသာ ညိတ်ပြသည်။ အတန်ကြာ၍ အမောပြေတော့မှ ကျွန်တော့် လက်မောင်းကို အားကိုးတကြီးလှမ်းကိုင်ရင်း ခပ်တိုးတိုးပြောသည်။

"ကျွန်မ အိမ်ပြန်ချင်တယ် ဆရာ" . . . တဲ့။

နွမ်းလျသံဖြင့်ပြောလာသည့် သူမ၏စကားကြောင့် တက်ကြွနေသောကျွန်တော်၏စိတ်ခာတ်တို့အား အောက်ဆုံးအထိ ပြန်လည်လျှော့ချလိုက်ရသလို ခေါင်းကိုလည်း ခပ်သွက်သွက် ညိတ်ပြလိုက်ရလေသည်။

○ ○ ○



# [ ၁၇ ]

ကျွန်တော့်ဘဝ၌ ကံကြမ္မာ၏မျက်နှာသာပေးမှုကို မခံစားရတတ်ကြောင်း၊ အချိန်အတော်နှောင်းမှ ကျွန်တော် သဘောပေါက်လာခဲ့ရသည်။ အထူးသဖြင့် . . မာရီယာနှင့်ပတ်သက်သောကိစ္စရပ်အတော်များများတွင် ကံတရား၏ဖေးမမှုကို ကျွန်တော် မခံစားခဲ့ရပါ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နှင့်တစ်ယောက် ပွင့်လင်းပြတ်သားလုနီးနီး အခြေအနေရောက်မှ မာရီယာ နှာခေါင်းသွေးလျှံသဖြင့် ပဲခူးမှ လှည့်ပြန်လာခဲ့ရသော အဖြစ်အပျက်မှာလည်း ကံကြမ္မာ၏လှည့်ချော်မှု တစ်ခုသာ ဖြစ်နိုင်ပါသည်။

သို့သော်. . . သူငယ်ချင်းအယ်ဒီတာနှင့် ပန်းချီဆရာက တော့. . . ကျွန်တော့်အယူအဆအား ထောက်ခံချင်ပုံမရ။

"ဒါဟာ ကံကြမ္မာနဲ့ ဘာမှမဆိုင်ဘူး။ မောင်ရင်ကိုယ်တိုင်က အစိုးရိမ်လွန်တာ၊ ဒါမှမဟုတ်ရင် ပျော့ညံ့လွန်းတာ ဖြစ်ရမယ်။ ကိုယ်သာ မောင်ရင့်နေရာမှာဆိုရင် နှာခေါင်းသွေးမကလို့ ဘာပဲလျှံလျှံ ပဲခူးရောက်ပြီးမှတော့ ဒီတိုင်း လှည့်ပြန်မလာဘူး"

"ဟုတ်တယ်။ သူ့ဆီက ပြတ်ပြတ်သားသား အဖြေတစ်ခုခု ထွက်လာတဲ့အထိတော့ ခင်ဗျား ကြိုးစားကြည့်ခဲ့ဖို့ကောင်းတယ်"

"ကျွန်တော်ကိုယ်တိုင်လည်း ကြိုးစားကြည့်မလို့ပါဘဲ။ ဒါပေမယ့် အခြေအနေက ထင်သလောက်အခွင့်အရေး မပေးခဲ့ဘူး"

"ဘာဖြစ်လို့လဲ။ မာရီယာက အိမ်ပြန်ချင်တယ်ဆိုပြီး ခြေဆောင့် အော်ငိုနေလို့လား"

ပန်းချီဆရာ၏ ခပ်ငေါ့ငေါ့အမေးကြောင့် ကျွန်တော် ပြုံး လိုက်မိသည်။ ထိုနေ့က မာရီယာသည် ၎င်းထင်သလောက် ကလေး





ဆန်ခြင်းမရှိသလို အိမ်ပြန်ဖို့ရန် အတင်းအကျပ် ဂျီကျတောင်းဆိုခြင်း လည်း မရှိခဲ့။

ကံကြမ္မာကသာ ကျွန်တော်တို့အား အိမ်ပြန်ဖြစ်ရန် ဝင်ရောက် တောင်းဆိုခဲ့ခြင်း ဖြစ်သည်။

ဆီကုန်နေသောကားအတွက် ကျွန်တော် ဓါတ်ဆီသွားဝယ် ရင်း၊ ရန်ကုန်ဘက်သို့ ချက်ချင်းလှည့်မပြန်သေးဘဲ မာရီယာ့ထံမှ ပြတ်ပြတ်သားသား အဖြေတစ်ခုခုရသည်အထိ တောင်းဆိုရန် ကျွန်တော် စဉ်းစားခဲ့မိသည်။

ထိုသို့ စဉ်းစားမိသည့်အတိုင်း အကောင်အထည်ဖော်ရန် လည်း ချက်ချင်းဆုံးဖြတ်လိုက်၏။ သို့သော်. . . ကားနားပြန်ရောက် ချိန်မှာတော့ ကျွန်တော့်ဆုံးဖြတ်ချက်တို့ကို မေ့ပစ်လိုက်ရလေသည်။ အကြောင်းကတော့ ထိုအချိန်၌ မာရီယာ ဒုတိယအကြိမ် သွေးလျှံ နေသောကြောင့် ဖြစ်သည်။

"နောက်တစ်ခါနှာခေါင်းသွေးလျှံတာက ပထမတစ်ခါထက် ပိုများတယ်။ ပြီးတော့ အချိန်လည်း ပိုကြာသလိုပဲ။ မာရီယာက. . . တခါတလေ ဒီလိုပဲသွေးလျှံတတ်တယ်။ စိတ်မပူနဲ့လို့ ပြောပေမယ့်. . . ကျွန်တော်က စိတ်ပူနေပြီ။ ဒါကြောင့် ဆေးခန်းပြဖို့ပြောတော့



www.burmeseclassic.com

www.burmeseclassic.com



မာရီယာက ခေါင်းခါတယ်။ မပြချင်ဘူးတဲ့။ တကယ်လို့ပြရမယ်ဆိုရင်လည်း သူပြနေကျ မိသားစုဆရာဝန်ကြီးနဲ့ပဲ ပြချင်တယ်တဲ့. . .”

“ဒါနဲ့ပဲ. . . ရန်ကုန်ကို ချက်ချင်းလှည့်ပြန်ခဲ့ရရော ဆိုပါတော့။ ဖြစ်ရမယ်. . . ခင်ဗျားဉစ္စာက ဘာနဲ့တူသလဲဆိုတော့ သေနတ်ကိုမောင်းတင်ပြီးမှ ဘယ်နေရာပစ်ရမှန်းမသိလို့ မိုးပေါ်ထောင်ဖောက်လိုက်ရတဲ့ လူလိုပဲ။ အသံမြည်တာပဲ အဖတ်တင်တယ်”

ရေချိန်ကိုက်စပြုနေသော ပန်းချီဆရာ၏စကားကြောင့် အနည်းငယ် အောင့်သက်သက်ဖြစ်သွားရသော်လည်း ကျွန်တော် တစုံတရာ ပြန်မပြောဖြစ်။ ပြန်ပြောစရာစကားကလည်း ကျွန်တော်၌ အဆင့်သင့်မရှိပါ။

ထိုအချိန်မှာပင် စတုတ္ထမြောက်ဘီယာခွက်ကို အောင်မြင်စွာ လက်စသတ်ပြီးသွားသော အယ်ဒီတာက. . .

“အဲဒီလိုလည်း မပြောပါနဲ့ဗျာ။ ကျုပ်တို့စာရေးဆရာက ပဲခူးထိအောင်တောင် ကားတင်ပြေးဖို့ ကြိုးစားခဲ့သေးတာပဲ။ အသံမြည်တာထက်တော့ ပိုမှာပါ”

အယ်ဒီတာ၏ ကားတင်ပြေးဖို့ဟူသော စကားလုံး အသုံးအနှုန်းကြောင့် ကျွန်တော် ကမန်းကတန်း ဝင်ရှင်းပြလိုက်သည်။





“ကျွန်တော် ပဲခူးဘက်မောင်းသွားတာ အဲဒီသဘောမဟုတ်ဘူးဗျ”

“ဘာကိုလဲ”

“ဩော်. . . မာရီယာ့ကို ကားတင်ပြေးဖို့မဟုတ်ဘူးလို့ ပြောတာ”

ကျွန်တော့်စကားအား သဘောမတူဟန်ဖြင့် အယ်ဒီတာက ခေါင်းယမ်းသည်။

“ဒီနားလေးက ကြေးအိုးဆိုင်သွားမယ်ဆိုပြီး ဘာမပြော ညာမပြောနဲ့ ရန်ကုန်မြို့ကနေ တခြားမြို့တစ်မြို့ကို မောင်းသွားတာ အဲ့ဒီသဘောမဟုတ်လို့ ဘာသဘောဖြစ်ရအုံးမှာလဲ”

“အဲဒါတော့ ကျွန်တော်လည်း မပြောတတ်ဘူးဗျာ။ ကျွန်တော် ပဲခူးဘက်မောင်းသွားတာ ကားတင်ပြေးဖို့ မရည်ရွယ်တာ အမှန်ပဲ”

“မရည်ရွယ်ပေမယ့် မောင်ရင်လုပ်ပုံက အဲ့ဒီသဘော သက်ရောက်သွားတယ်”

“ဟုတ်တယ်။ ကျွန်တော်လည်း အယ်ဒီတာချုပ်စကားကို လက်ခံတယ်”

ပန်းချီဆရာကပါ ဝင်ပြောလာသဖြင့် ကျွန်တော် အနည်းငယ်တွေဝေစွာ ခေါင်းယမ်းလျက်. . .



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်တော့ အဲဒီလိုမစဉ်းစားမိဘူး"

"ခင်ဗျား မစဉ်းစားမိပေမယ့် မာရီယာကတော့ မစဉ်းစားမိဘဲ နေမှာမဟုတ်ဘူး"

"သူ စဉ်းစားမိနိုင်လို့လား"

"အသေအချာကို စဉ်းစားမိနိုင်တာပေါ့"

နှစ်ယောက်စလုံးက အခိုင်အမာပြောလာကြသော်လည်း ကျွန်တော်ကတော့ ဇဝေဇဝါဖြစ်စွာ ငြိမ်သက်နေမိသည်။ အကယ်၍ ၎င်းတို့ဆိုလိုသည့်သဘောမျိုး မာရီယာစဉ်းစားမိပါက သူမ ကျွန်တော့်အား တားဆီးရပါလိမ့်မည်။ သို့သော် မာရီယာ တစုံတရာ မတားဆီးခဲ့။ ကားကက်ဆက်မှ သီချင်းသံကို နားထောင်ရင်း လမ်းဘေးရှုခင်းတို့ကို ငေးမောရင်း အေးဆေးစွာလိုက်ပါလာသည်။

"ထားပါတော့ဗျာ။ ခင်ဗျားတို့ပြောသလို မာရီယာ စဉ်းစားမိရိုးမှန်ရင်. သူ ကျွန်တော့်ကို ဘာဖြစ်လို့မတားသလဲ"

"အဲဒီအတွက်ဖြစ်နိုင်တာ နှစ်ချက်ရှိတယ်။ တစ်ချက်က မောင်ရင် မဟုတ်တာမလုပ်ဘူးလို့ သူ ယုံကြည်လို့"

"နောက်တစ်ချက်ကတော့ မောင်ရင်မဟုတ်တာလုပ်လည်း သူ မောင်ရင့်နောက်ကို လိုက်မယ်လို့ဆုံးဖြတ်ထားပြီး ဖြစ်နေလို့ပဲ"





အယ်ဒီတာ၏စကားက ကျွန်တော့်ရင်ကို လှုပ်ကနဲဖြစ်သွားစေခဲ့သည်။ တကယ်ပဲလား. . .။ တကယ်ပဲ မာရီယာ အဲဒီလိုဆုံးဖြတ်ထားခဲ့ပါသလား။

မဝံ့ရဲရဲအတွေးဖြင့် ရင်ဖိုငြိမ်သက်သွားသော ကျွန်တော့်အား ပန်းချီဆရာက ရီဝေဝေလှမ်းကြည့်ရင်း စကားတစ်ခွန်းပြောသည်။

"ခင်ဗျား. . . ကျားထိုးဖူးတယ်မဟုတ်လား စာရေးဆရာ။ ကျားထိုးတဲ့အခါ ဘေးလူက တခါတလေ ကာယကံရှင်ထက်ပိုပြီး အကွက်မြင်တတ်တယ်မဟုတ်လား။ ခုလည်း ဒီလိုပဲ။ ကျွန်တော်တို့ စကားကို ခင်ဗျား ဘာမှသံသယမဖြစ်လေနဲ့"

ထိုည ကျွန်တော့်အခန်းကျဉ်းလေးသို့ ပြန်ရောက်တော့ သူငယ်ချင်းတွေ၏စကားကို တရစ်ဝဲဝဲ ပြန်လည်ကြားယောင်ကာ ကျွန်တော် တော်တော်နှင့်မအိပ်နိုင်ခဲ့ပါ။

ယခင်က ညဘက်အိပ်မပျော်လျှင် စာထ,ရေးချင်ရေး၊ မရေးလျှင် စာဖတ်တတ်သော ကျွန်တော်သည် ထိုညကတော့ ဘာမှမလုပ်ဖြစ်ဘဲ မာရီယာ့အကြောင်းတွေးခြင်းဖြင့် အချိန်ကုန်ခဲ့သည်။

"ခုတလော ညဘက်တွေ ကျွန်မ အိပ်လို့မပျော်ဘူးဆရာ"

တခါတုန်းကပြောဖူးသော မာရီယာ့စကားကို ကျွန်တော် ဖြတ်ကနဲ သတိရလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အိပ်လို့မပျော်ရင် ဘာလုပ်သလဲ ဆရာသိလား"

"ကိုယ့်အကြောင်း ထိုင်စဉ်းစားမှာပေါ့"

"ဟုတ်ပါလိမ့်မယ် အားကြီးကြီး။ ကျွန်မ ဒယ်ဒီ့ငါးသုံးလုံးတွေ ခိုးသောက်ပစ်လိုက်တာပေါ့"

"သောက်တတ်လို့လား"

"ဟင့်အင်း . . . ဒီလိုပဲ စမ်းသောက်ကြည့်တာပေါ့။ အဆင်ပြေတယ် ဆရာရဲ့။ တစ်လိပ်မကုန်ခင် မူးပြီးအိပ်ပျော်သွားတာပဲ"

ကျွန်တော့်မှာတော့ ခိုးသောက်စရာ ငါးသုံးလုံးရော၊ မာတီနီပါ မရှိသဖြင့် အတွေးတွေကို ပွေ့ဖက်ရင်းနှင့်သာ မိုးစင်စင်လင်းခဲ့ရလေသည်။

ထို့ကြောင့် နောက်နေ့မနက် မာရီယာ ဖုန်းဆက်တော့ ကျွန်တော် အိပ်ချင်မူးတူး ဖြစ်နေခဲ့၏။

"ကျွန်မ မနေ့က ဆေးခန်းပြပြီးကတည်းက ဆရာ့ဆီ ဖုန်းဆက်မလို့ . . . အိမ်မှာ လူမလစ်တာနဲ့ ခုမှဆက်ဖြစ်တာ"

"ဆရာဝန်က ဘာပြောလိုက်လဲ မာရီယာ"

"အားနည်းတာရယ် . . . ရာသီပြင်းတာရယ် ပေါင်းပြီး သွေးလျှံတာပါတဲ့။ ဆေးတွေပေးလိုက်တယ်။ ဆေးသောက်ပြီး အိမ်မှာ





အနားယူရမယ်။ နောက်ပြီး . . . ဆရာဝန်ကြီးကပြောတယ်။ စိတ်မလှုပ်ရှားစေနဲ့တဲ့။ စိတ်လှုပ်ရှားရင်လည်း နှာခေါင်းသွေးလျှံတတ်တယ်တဲ့။ အဲဒီတော့ နောက်တစ်ခါ ကျွန်မစိတ်လှုပ်ရှားမယ့်ကိစ္စမျိုးတွေ မလုပ်မိဖို့ ဆရာ ဆင်ခြင်ရမယ်"

"ဗုဒ္ဓေါ . . . ကိုယ်ဘယ်တုန်းကလုပ်မိလို့လဲ မာရီယာရဲ့"

"ဒါကတော့ . . ဆရာသိမှာပေါ့"

အပြစ်တင်သံနှင့် ရှက်ရွံ့သံတို့ ရောပြွန်းနေသော မာရီယာ၏ ခပ်ဆောင့်ဆောင့်လေသံကြောင့် ကျွန်တော် ကတိပေးလိုက်ရ၏။

"စိတ်ချပါ . . . ကိုယ်တတ်နိုင်သမျှကြိုးစားပြီး ထိန်းပါ့မယ်"

"အနည်းဆုံး နှစ်ပတ်လောက်တော့ ဆရာထိန်းနိုင်မှာပါ။ ဘာလို့လဲဆိုတော့ ကျွန်မ နှစ်ပတ်လောက် အပြင်မထွက်ဘဲ အိမ်မှာပဲ အနားယူရမယ်လေ"

ဆရာဝန်ကြီးက မာရီယာအား အိမ်ထဲမှအိမ်ပြင်မထွက်ဘဲ နှစ်ပတ်ခန့်အနားယူရန် အကြံပေးသည်ဟု ဆိုသည်။

"အဲဒီနှစ်ပတ်အတွင်း ကျွန်မ ဆရာ့ဝတ္ထုတွေ အစအဆုံး ပြန်ဖတ်မယ်။ ဆရာလည်း အပြင်မထွက်ဘဲ စာရေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်၌ ရေးစရာ စာအကြွေးအဖြစ် ဝတ္ထုတိုနှစ်ပုဒ်၊ ဆောင်းပါးတစ်ပုဒ်နှင့် ကျွန်တော့်အမည်ဖြင့် ထုတ်မှာမဟုတ်သော လုံးချင်းဝတ္ထုတစ်ပုဒ် လောလောလတ်လတ် အကြွေးတင်နေသဖြင့် သူမစကားအတိုင်း လိုက်နာရန် ဆုံးဖြတ်လိုက်ရသည်။

"ဒါပဲနော်. . . နောက်ရက်တွေ ကျွန်မ ဖုန်းမဆက်တော့ဘူး။ ဆရာလည်း ဘီယာဆိုင်ချည်း သွားထိုင်မနေနဲ့. . . စာလေး ဘာလေးရေးအုံး"

"စိတ်ချ မာရီယာ။ ကိုယ်ပေးစရာရှိတဲ့ စာမူတွေအားလုံး ဒီရက်ထဲ အပြီးဖြတ်လိုက်မယ်။ ဟုတ်ပြီလား"

ကျွန်တော် ရဲရဲဝံ့ဝံ့ ကတိပေးလိုက်တော့ သူမ ကျေနပ်စွာ ဖုန်းချသွား၏။ သို့သော် တကယ့်လက်တွေ့မှာတော့ ကျွန်တော့်ကတိ အတိုင်း မတည်နိုင်ခဲ့ပါ။

အကြောင်းမှာ. . . နောက်နှစ်ရက်အကြာမှာပင် နယ်မြို့ကလေးရှိ ကျွန်တော့်မိဘများက ကျွန်တော့်အား အမြန်ဆုံးလာခဲ့ရန် လှမ်းခေါ်လိုက်ခြင်းကြောင့် ဖြစ်သည်။

□ □ □



# [ ၁၈ ]

ကမ္ဘာပေါ်၌ ပဉ္စလက်ပညာကို မည်သူက စတင်တီထွင်၍ မည်သည့်အချိန်ကတည်းက စတင်ပေါ်ပေါက်ခဲ့မှန်း ကျွန်တော် မလေ့လာခဲ့ဖူးသလို ထိုပညာအား သင်ကြားရန်လည်း ကျွန်တော် စိတ်မဝင်စားခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပဉ္စလက်ပညာ၏ အံ့ဘွယ်တနန်း ဆန်းကြယ်မှုသည် ကံတရား၏ လှို့ဝှက်နက်နဲပုံနှင့် ယှဉ်လိုက်ပါက ဘာမျှမပြောပလောက်ကြောင်းကိုတော့ ခပ်စောစောကတည်းကပင် ကျွန်တော် သဘောပေါက်ထားခဲ့သည်။

သဘောပေါက်လောက်စရာ အဖြစ်အပျက်တို့ကလည်း ကျွန်တော့်ဘဝ၌ ဖြစ်ပျက်ခဲ့ဖူး၏။ ပြောမည်ဆိုလျှင် မာရီယာ၌ လူကြီးချင်းသဘောတူထားသူ ရှိသလို ကျွန်တော့်၌လည်း မိဘချင်း လက်ကုတ်တိုင်ပင်ထားသော ကောင်မလေးတစ်ယောက် ရှိခဲ့ခြင်းပင်. . . ။

ကျွန်တော် ဆယ်တန်းအောင်ပြီးစ အချိန်လောက်မှာပင် ကျွန်တော့်မိဘများက မသီတာဟုခေါ်သော ထိုကောင်မလေးကို မျက်စေ့ကျခဲ့ပြီး မသီတာမိဘများကတော့ ကျွန်တော့်ကို သဘောတွေ့ခဲ့ပါသတဲ့။

လူကြီးများက လုပ်ငန်းချင်းဆက်စပ်နေသဖြင့် နှစ်အိမ့်တစ်အိမ် အဝင်အထွက်များပြီး ကလေးချင်းပါ ရင်းနှီးခဲ့ကြသည်။ ထို့ကြောင့်လည်း "သမီးရေ. . . မင်းအစ်ကိုလာတယ်" ဟူသော ဇာတ်လမ်းမျိုး သူတို့ခေါင်းထဲသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။





ကျွန်တော့်ထက် နှစ်နှစ်ငယ်သော မသီတာသည် ကျွန်တော့်နောက် နှစ်နှစ်ကြာမှ ဆယ်တန်းအောင်သော်လည်း သူမ၏ဂုဏ်ထူးစာရင်းက ကျွန်တော့်ထက် နှစ်ဘာသာပိုများသည်။

ထို့ကြောင့် ထိုနှစ်အတွက် ကျွန်တော်တို့မြို့ငယ်လေး၏ တစ်ဦးတည်းသောဆရာဝန်လောင်းအဖြစ် သူမ မန္တလေးဆေးတက္ကသိုလ်သို့ ရောက်ရှိသွားပြီး ကျွန်တော်ကတော့ အဝေးသင်တစ်ဖက်နှင့် ရန်ကုန်မြို့၌ ရုန်းကန်နေခဲ့သည်။

ထိုအချိန်အထိ ကျွန်တော့်မိဘများ၏စကားထဲ၌ "မသီတာ" ပါသလို သူမတို့မိသားစုစကားဝိုင်း၌ ကျွန်တော့်အမည်ပါနေမြဲပင်။

"မသီတာက သီတင်းကျွတ်ရင် အလည်ပြန်လာမယ်တဲ့။ မင်းလည်း သီတင်းကျွတ်အမှီ မြို့ပြန်လာခဲ့". . .

"မသီတာကတောင် ပြောနေသေးတယ်။ သား အခုတလော သူ့ဆီ စာအရေးကျဲနေတယ်ဆို". . .

"ငါ့ချွေးမလောင်းက ဆေးကျောင်းသူဖြစ်မှ အရင်ကထက်တောင် ချောလာသေးတယ်". . .

"မှန်း. . . ဒီအကျီပုံလေးက အဆန်းသားဟဲ့" စသဖြင့်. . .

လူကြီးများ၏စကားက ရင်ခုန်မည်ဆိုလျှင် ခုန်ချင်စရာ အလွန်ကောင်းသော်လည်း ထူးဆန်းစွာပင်. . . ကျွန်တော်ရော မသီတာပါ ရင်မခုန်ခဲ့ကြ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့်မသီတာ၏ ဆက်ဆံရေးက (တစ်ချိန်ကျလျှင် ပတ်သက်ကြရမည့်သူတွေပါလားဟူသော အသိမှလွဲ၍) ဆန်းဆန်းပြားပြား မရှိခဲ့။

ထို့ကြောင့်ပဲလားမသိ။ မသီတာ တတိယနှစ်ရောက်ချိန်၌ ကျွန်တော်တို့ချင်း ဆက်ဆံရေးက အေးစက်စပြုလာသလို လူကြီးချင်း ပတ်သက်မှုကလည်း အနည်းငယ် ကျဲတောက်တောက်ဖြစ်လာပုံရ၏။ ဆရာဝန်မလောင်းအမေ၊ မသီတာ၏မိခင်မှ သဘောထား စ,ပြောင်းခြင်း ဖြစ်သည်။

ကျွန်တော်တို့မြို့ရှိ လူဂုဏ်တန်(သားရှင်)အချို့က မသီတာ၏မိခင်ကို ချဉ်းကပ်စည်းရုံးခဲ့ကြသည်ဟု နောက်ပိုင်း ကျွန်တော်ပြန်လည်ကြားသိရ၏။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်မိဘများ၏စကားထဲ၌ မသီတာအမည်ပါဝင်မှုကတော့ တဖြည်းဖြည်းလျော့ပါးသွားခဲ့သည်။

ဒီလိုနှင့်ပင်. . .

ကျွန်တော်က ဝတ္ထုအတိုအထွာတွေရေးကာ ရန်ကုန်မြို့၌ ရပ်တည်နိုင်အောင်ကြိုးစားရင်း. . .၊

မသီတာကတော့ သူမ၏မျက်မှန်ကို ပါဝါတွေ ခဏခဏတိုးကာ စာမေးပွဲတွေ အကြိမ်ကြိမ်အောင်ရင်း. . .၊

ကျွန်တော်တို့၏ဇာတ်လမ်းက ပါးလျမှိန်ဖျော့စွာ အနည်ထိုင်သွားခဲ့သည်။





သည့်နောက်ပိုင်း ကျွန်တော့်ဘဝထဲသို့ မာရီယာ တိုးဝင်ရောက်ရှိလာခြင်းဖြင့် မသီတာဟူသောအမည်ကို ကျွန်တော် လုံးလုံးလျားလျား မေ့လျော့သွားခဲ့လေသည်။ ပြောမည်ဆိုလျှင် မိဘများလှမ်းခေါ်သဖြင့် နယ်မြို့လေးသို့ ပြန်လည်ရောက်ရှိလာချိန်အထိ မသီတာဟူသောအမည်ကို နောက်တစ်ကြိမ် ထပ်မံကြားရလိမ့်မည်ဟု မထင်မိခဲ့။

ကျွန်တော့်အား လှမ်းခေါ်ရသည့်အကြောင်းရင်းသည် အလုပ်သင်ဆရာဝန် ဒေါက်တာမသီတာနှင့် ပတ်သက်လိမ့်မည်ဟု ယောင်၍မျှ မစဉ်းစားမိခဲ့။

သို့သော် လောက၌ မထင်တာတွေဖြစ်တတ်ကြောင်းကို မြို့ငယ်လေးသို့ပြန်ရောက်သည့်နေ့မှာပင် ကျွန်တော် သိလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဝန်မလောင်းအမေဆိုပြီး ဘဝင်မြင့်တာရယ်၊ ဘေးလူတွေက မြှောက်ထိုးပင့်ကော်လုပ်ပြီး သွေးထိုးပေးတာရယ် ပေါင်းသွားတာပါ။ နောက်တော့လည်း သူ့အမှားသူသိပြီး လာတောင်းပန်ရှာပါတယ်။ ခုလည်း သူ့ဘက်ကပဲ စ,ပြောတာပါ။ သုံးလေးကြိမ်ပြောတဲ့အချိန်အထိ စိတ်မဝင်စားသလို နေလိုက်သေးတယ်။ နောက်ဆုံး သူ့ယောကျ်ားကိုယ်တိုင်ပြောလာတာနဲ့ အားနာပြီး မင်းကို လှမ်းခေါ်လိုက်တာ။ သူတို့သဘောကတော့ ရှေ့လလောက် စေ့စပ်ပြီး အလုပ်သင် ကာလပြီးတာနဲ့ လက်ထပ်ပေးချင်သတဲ့။ အဲ့ဒါ . . . မင်းသဘောကကော ဘယ်လိုလဲ. . . သား"

အမေ့စကားက အေးမြသောဆောင်းညလယ်မှာပင် ကျွန်တော့်အား ချွေးပြန်လာစေသည်။ သာမန်အခြေအနေမျိုးဆိုလျှင်တော့ ဖြေစရာစကားက နှစ်လုံးတည်းပါ။ "ဟင့်အင်း". . . ဒါမှမဟုတ် "ဟုတ်တယ်". . . တစ်ခုခုပေ့ါ။

သို့သော် အခြေအနေက သာမန်မဟုတ်။

လွန်ခဲ့သည့်နှစ်ကတည်းက တရှောင်ရှောင်ဖြစ်နေခဲ့သော အမေ၏ကျန်းမာရေး အညံ့ဖျင်းဆုံးအချိန်။ ရောဂါအမည်ရွတ်ပါက သုံးလေးမျိုးထက်မနည်း ရွတ်ပြရမည်ဖြစ်သော်လည်း အမေခံစား





နေရသောရောဂါအား အလွယ်ဆုံးပြောရလျှင် စိတ်ထိခိုက်မခံနိုင်သော ရောဂါဖြစ်သည်။

စိတ်လှုပ်ရှားစရာ တစ်ခုခုကြားရရုံနှင့် တစ်ပတ်ခန့် အမေ အိပ်ရာထဲမှာ လဲလေသည်။ ထိုအချိန်၌ ကျန်ဝေဒနာများကပါ တစ်ခုပြီးတစ်ခု ဖောက်လာတတ်သည်။

ထို့ကြောင့် ကျွန်တော့်အဖြေစကားအတွက် သတိကြီးစွာထားရန် လိုအပ်သလို လိမ္မာပါးနပ်ရန်လည်း လိုအပ်ပါသည်။ ချီတုံ့ချတုံ့ဖြင့် မိနစ်များစွာ ဖြတ်သန်းပြီးနောက် ကျွန်တော် အရဲစွန့်ကာ ပြောလိုက်သည်။

"ကျွန်တော့်ကို အချိန်နည်းနည်းပေးပါ အမေ။ မသီတာရဲ့ သဘောထားကို တီးခေါက်ကြည့်ချင်လို့ပါ"

"ဘာ တီးခေါက်စရာလိုလဲကွယ်။ ငယ်ငယ်လေးကတည်းက သိနေမင့်ဟာပဲ"

"ဒါပေမယ့် . . . ကျွန်တော်တို့ချင်းမတွေ့တာ ကြာပြီလေ"

ကျွန်တော့်စကားက ကျိုးကြောင်းခိုင်လုံနေသဖြင့် အမေ အင်တင်တင်နှင့်ပင် ကျွန်တော့်အား လိုက်လျောခဲ့ပါသည်။ အမေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်လျှောသည့်ကာလက တစ်လ ဖြစ်၏။ တစ်လပြည့်သည်နှင့် အမေ့အား တစ်စုံတရာအဖြေ ပေးရမည်ဖြစ်သည်။

ထိုတစုံတရာသည် ဘယ်လိုအဖြေမျိုးဖြစ်သင့်သလဲဆိုသည် ကိုတော့ တစ်စုံတစ်ယောက်နှင့် ညှိနှိုင်းတိုင်ပင်ရပါလိမ့်မည်။ ထို တစ်စုံတစ်ယောက်ကတော့ မာရီယာမှလွဲ၍ အခြားသူ မဖြစ်နိုင်ပါ။

တစ်နည်းအားဖြင့် မာရီယာ့ထံမှ ပြတ်ပြတ်သားသား အဖြေ တစ်ခုရအောင် ကျွန်တော် ကြိုးစားရပါတော့မည်။ ကျွန်တော့် အနာဂတ်သည် မာရီယာ့အပေါ် လုံးလုံးလျားလျား မူတည်နေပြီ ဖြစ်၏။

အကယ်၍ မာရီယာကသာ ဝေ့လည်လည်လုပ်နေအုံးမည် ဆိုလျှင်တော့. . .

အတွေးတစ်ဝက်နှင့်ပင် စိတ်လေးလံစွာ ကျွန်တော် ကြေကွဲ သွားမိသည်။

ထိုညက နယ်မြို့လေးတစ်မြို့၏ အေးစိမ့်စူးရှသော ဆောင်း ဒဏ်ကို အန်တုနိုင်လောက်သည့် ရင်အပူနှင့် ကျွန်တော် အိပ်ရာ ဝင်ပြီး တမွေးမှ မပျော်ဘဲ အိပ်ရာမှထကာ ရန်ကုန်သို့ပြန်လာခဲ့သည်။

အမေက "ဘာဖြစ်လို့ ဒီလောက်တောင်လောနေတာလဲ"ဟု မကျေမနပ်နှင့် တားဆီးလိုဟန်ပြုသေး၏။





"အမေခွင့်ပြုတာက တစ်လတည်း အမေရဲ့၊ တစ်လဆိုတာ ဘာမှကြာတာမဟုတ်ဘူး။ ကျွန်တော့်အတွက် အချိန်တွေက သိပ်နည်း တယ်"

ဒီတော့မှ အဖေရော အမေပါ ဘာမှမပြောတော့ဘဲ ငြိမ် သက်သွားပြီး ကျွန်တော့်အား ဘူတာလိုက်ပို့ပေးခဲ့သည်။ ရထားပေါ် ရောက်တော့ စိတ်မောလူမောနှင့် ကျွန်တော် မေးကနဲ အိပ်ပျော်သွား ၏။

ကျွန်တော့်စိတ်ဝိညာဉ်ကတော့ ကျွန်တော့်ထံမှခွာကာ မာရီယာ့ဆီသို့ တင်ကြိုရောက်ရှိသွားခဲ့သည်။ အိပ်မက်ထဲ၌ မာရီယာ က ကျွန်တော့်အား တိုးတိုးလေးပြောပါသည်။

"သူ. . . ပြန်လာတော့မယ် ဆရာ". . . တဲ့။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# [ ၁၉ ]

"အဖြစ်ကတော့ အဲဒါပဲဗျာ။ မသိတာနဲ့ကိစ္စကို ပြီးသွားပြီလို့ သေချာပေါက်တွက်ထားခဲ့တာ။ အခု မပြီးတဲ့အပြင် ဖြန်းစားကြီး အတ်ရှိန်က ပိုမြင့်လာတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ပြန်ရောက်ပြီး နောက်တစ်နေ့မှာပင် ရင်ဖွင့်တိုင်ပင်စရာ သူငယ်ချင်းများကို ကျွန်တော် လိုက်လံရှာဖွေခဲ့သည်။ သို့သော် လက်တစ်ဆုပ်စာ သူငယ်ချင်းများကို တော်တော်နှင့်ရှာမရ။ သုံးရက်မြောက်နေ့မှသာ အယ်ဒီတာနှင့် ပန်းချီဆရာကို ရှာတွေ့ခဲ့ပြီး . . ။

အလုပ်များသော ထုတ်ဝေသူကတော့ ကျွန်တော်တို့နှင့် ချက်ချင်းလိုက်မလာနိုင်ပါ။ "ခင်ဗျားတို့သွားနှင့်ကြ။ စိစစ်ရေးရုံးက အပြန် လှည့်ဝင်လာခဲ့မယ်"ဟု ကတိစကားဆို၏။

ထို့ကြောင့် ကျွန်တော်တို့သုံးယောက်တည်း ဆွေးနွေးပွဲကို စတင်ခဲ့ကြခြင်း ဖြစ်သည်။ ကျွန်တော့်စကားဆုံးတော့ သူငယ်ချင်းနှစ်ယောက်စလုံးက ငြိမ်သက်နေကြသဖြင့် ကျွန်တော် စိတ်မရှည်စွာ လှမ်းမေးလိုက်သည်။

"အဲဒီတော့. . . ကျွန်တော် ဘာဆက်လုပ်သင့်သလဲ"

ကျွန်တော့်မေးခွန်းကြောင့် အယ်ဒီတာက ချောင်းတစ်ချက် ဟန့်ပြီး ပန်းချီဆရာကတော့ ဆေးပေါ့လိပ်ကို မီးညှိရန် ကြိုးစားနေရာမှ ရပ်လိုက်သည်။ အတော်ကြီးကြာမှ. . .

"ခင်ဗျား ဘာဆက်လုပ်သင့်သလဲဆိုတာကို အကြံပေးစရာမှ မလိုတော့ဘဲ"





"ဟုတ်တယ်. . . မောင်ရင့်မှာ လုပ်စရာဆိုလို့ တစ်လမ်းပဲ ရှိတယ်။ တခြားရွေးစရာမရှိဘူး။ အဲဒါကတော့ မာရီယာနဲ့ ဇာတ်လမ်းကို အဖြူအမဲသဲကွဲအောင်လုပ်ဖို့ပဲ"

အခြေအနေကတော့ ကျွန်တော်မျှော်လင့်ထားတဲ့အတိုင်းပါပဲ။

သို့သော်. . . စိတ်ဒွိဟဖြစ်စရာရှိတာတစ်ခုက ကျွန်တော်ကိုယ်တိုင်တောင် အမေ့စကားကို ငြင်းဆန်ရမှာ မဝံ့မရဲဖြစ်နေသေးလျှင် မာရီယာဆို ပိုပြီးဝန်မလေးပေဘူးလား. . . ဟူ၍ ဖြစ်သည်။

"ကျွန်တော့်အမေက မကျန်းမာဘူးဆိုပေမယ့် အသက်အန္တရာယ်ကို စိုးရိမ်ရတဲ့ရောဂါမျိုး မရှိသေးဘူး။ ဆိုလိုတာက. . . ကျွန်တော် ငြင်းလိုက်ရင် အမေစိတ်မကောင်းဖြစ်ပြီး အိပ်ရာထဲလဲချင်လဲမယ်။ ဒါပေမယ့်. . . ချက်ချင်း မသေနိုင်ဘူး။ ဒါတောင် ကျွန်တော် ခုလို ချီတုံချတုံဖြစ်နေရင်. . . မာရီယာဆို သူ့မိဘစကားတို ပယ်ရှားဖို့ ပိုပြီး မဝံ့မရဲမဖြစ်နိုင်ဘူးလား"

"ဖြစ်ချင်လည်းဖြစ်မယ်၊ ဖြစ်ချင်မှလည်း ဖြစ်မယ်။ ဒါပေမယ့်. . . အဲ့ဒါ ခင်ဗျားအလုပ်မဟုတ်ဘူး။ ခင်ဗျားအလုပ်က ပွင့်ပွင့်လင်းလင်းနဲ့ ပြတ်ပြတ်သားသား အဖြေတောင်းဖို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က မာရီယာ ဝေ့လည်ကြောင်ပတ် ဆက်လုပ်နေမှာပဲ စိုးတာ"

"ဒါကတော့ . . . ခင်ဗျားရဲ့အခေါ်အပြောပေါ်မှာ မူတည်တယ်။ အရင်က သူ . . . ဝေ့လည်ကြောင်ပတ်လုပ်တယ်ဆိုတာ လုပ်ခွင့်ရလို့ လုပ်နေတာ၊ ခင်ဗျားကိုယ်တိုင်ကလည်း ပြတ်ပြတ်သားသားမှ မရှိခဲ့ဘဲ။ ကဲ . . . ကျွန်တော်မေးမယ်။ အဖြေ ဘယ်နှခါ တောင်းဖူးသလဲ"

ကျွန်တော် အကြာကြီးတွေဝေငြိမ်သက်သွားပြီးမှ နောက်ဆုံးသက်ပြင်းချကာ ခေါင်းခါယမ်းပြလိုက်မိသည်။ မာရီယာအား "ချစ်တယ်"ဆိုသောစကားကို တရားဝင်ပုံစံမျိုးဖြင့် ကျွန်တော် တခါမှ မပြောခဲ့ဖူးကြောင်း ဝန်ခံရပါမည်။ ထိုသို့ မပြောဖြစ်ခြင်းကတော့ ပြောစရာမလိုဟု ကျွန်တော် ယူဆခဲ့သောကြောင့် ဖြစ်သည်။

"တချို့ ကိစ္စတွေကို တစ်ဖက်က ဘယ်လောက်ပဲရိပ်မိရိပ်မိ ဖွင့်ပြောဖို့လိုရင် ဖွင့်ပြောရတယ် ကိုယ့်လူရဲ့။ ဒါမှ တရားဝင်တယ်ခု . . . မာရီယာ ဝေ့လည်ကြောင်ပတ်လုပ်နေတာကလည်း ကိုယ့်လူဘက်က တရားဝင် ဖွင့်မပြောသေးလို့ ဖြစ်ရမယ်။ ကိုယ်တော့ အဲဒီလို ယူဆတယ်"





သို့သော် . . . ကျွန်တော်ကိုယ်တိုင်ကတော့ ထိုသို့မယူဆပါ။ မာရီယာနှင့်ကျွန်တော့်အကြား၌ ဖွင့်ပြောခြင်း၊ မပြောခြင်းသည် အဓိကမဟုတ်။ အမှန်တကယ် အဓိကကျ၍ အရေးပါသူမှာ နိုင်ငံခြားမှ ပြန်လာမည့် ပုဂ္ဂိုလ်သာဖြစ်သည်။

လူကြီးတွေ သဘောတူထားသည်ဆိုသော ထို တစ်စုံတစ်ယောက်ကြောင့်သာ မာရီယာ တွေဝေနေခြင်းဖြစ်၏။ ထိုလူကြောင့်သာ မာရီယာ မပြတ်မသားဖြစ်နေရခြင်း ဖြစ်၏။ ထိုသို့ပင် ကျွန်တော် ယူဆပါသည်။

သို့သော် အယူအဆမှာ အယူအဆသာဖြစ်၍ တကယ့်အမှန်တရားမဟုတ်ကြောင်းကို ထုတ်ဝေသူ သူငယ်ချင်း ရောက်ရှိသာချိန်မှာပင် ကျွန်တော်သိလိုက်ရလေသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



"မာရီယာ့မှာ လူကြီးချင်း သဘောတူထားတဲ့လူဆိုတာ တကယ်မရှိဘူး သူငယ်ချင်း"

ထုတ်ဝေသူ၏စကားက ကျွန်တော်အပါအဝင် ကျန် သူငယ်ချင်း နှစ်ယောက်စလုံး တအံ့တသြ ကြက်သေသေသွားစေသည်။ မျှော်လင့်မထားမိသော အကြောင်းအရာကြောင့် ကျွန်တော်တို့အားလုံး အချိန်အတော်ကြာ မှင်သက် ငေးကြောင်နေမိကြသည်။

"မာရီယာ့မှာ ငယ်ငယ်လေးကတည်းက ညီအစ်မအရင်းလို ခင်လာတဲ့ သူငယ်ချင်းတစ်ယောက်ရှိတယ်။ ဆယ်တန်းအောင်တော့ အဲ့ဒီကောင်မလေးက နိုင်ငံခြားကိုထွက်သွားတယ်။ နိုင်ငံခြားရောက်သွားပေမယ့် မာရီယာနဲ့ကတော့ အဆက်အသွယ် အမြဲရှိတယ်။ တစ်ယောက်ကိုစွတစ်ယောက် စာရေးပြီးတိုင်ပင်နေကျဆိုပါတော့ အခု. . . အလုပ်ကိစ္စတစ်ခုနဲ့ အဲ့ဒီကောင်မလေး ရန်ကုန်ပြန်ရောက်နေတာ နှစ်လလောက်ရှိပြီ။ ပြီးခဲ့တဲ့အပတ်က ငါ့မိန်းမနဲ့ မြို့ထဲမှာ ဆုံကြတယ်"

ထုတ်ဝေသူ၏အဆိုအရ ၎င်း၏မိန်းမနှင့် ထိုကောင်မလေးသည် ယခင်က (နိုင်ငံခြားမသွားခင်) ဘုရားကျောင်းအတူတူတက်ကြသဖြင့် ရင်းနှီးခဲ့ကြသည်ဟု ဆိုသည်။ ၎င်းတို့နှစ်ယောက် မြို့ထဲဆုံစဉ် စကားစပ်မိကြရင်း မာရီယာ့အကြောင်း ပြောဆိုဖြစ်ကြသည်





"အဲ့ဒီမှာ . . မာရီယာ လက်ထပ်ရမယ့်လူဆိုတာ ဘယ်တုန်းကမှမရှိခဲ့ဘူးလို့ အခိုင်အမာပြောသွားတယ်။ မာရီယာ့အကြောင်း မှန်သမျှ သူမသိတာ မရှိသလောက်ဘဲ. . . တဲ့။ ဖြစ်နိုင်တယ်။ လက်ရှိ စာရေးဆရာတစ်ယောက်နဲ့ တွဲနေတဲ့အကြောင်းကအစ သူ သိနေတယ်။ သူ မသိတာက လူကြီးချင်းသဘောတူထားတဲ့လူ ဆိုတာ မရှိဘဲ ဘာဖြစ်လို့ မာရီယာက ရှိတယ်လို့ပြောရသလဲ။ အဲ့ဒါကိုပဲ သူ စဉ်းစားလို့မရတာ။ ဒါပေမယ့် သူ သိအောင်ကြိုးစားမယ်လို့တော့ ပြောသွားတယ်"

"ဒါဖြင့် . . . မာရီယာ ကျွန်တော့်ကို ညာခဲ့တာပေါ့"

အချိန်အတော်ကြီးကြာမှ မချင့်မရဲလေသံနှင့် ကျွန်တော် ရေရွတ်လိုက်မိသည်။

"အဲ့ဒီလိုပြောလို့တော့ မရဘူး။ သူ တက္ကသိုလ်တက်နေတုန်းကတည်းက မိဘတွေသဘောတူထားတဲ့လူ ရှိတယ်ဆိုတဲ့အကြောင်း အားလုံးကိုပြောခဲ့တာ။ အဲ့ဒီတော့ ညာတာဆိုရင်လည်း မောင်ရင့်ကိုမှ ရွေးညာတာမဟုတ်ဘူး။ အားလုံးကို ညာခဲ့တာလို့ ပြောရမယ်။

မာရီယာ ဘာကြောင့် ထိုကဲ့သို့လိမ်ညာခဲ့ရသလဲဆိုသည်ကို ကျွန်တော် စဉ်းစား၍မရ။ ထို့အတူ သူငယ်ချင်းများလည်း အဖြေ



www.burmeseclassic.com

www.burmeseclassic.com



ရှာ၍မရ။ အယ်ဒီတာကတော့ . . "ဘာကြောင့်ပဲညာညာ သူညာတာကို သိထားတာဟာ မောင်ရင့်အတွက် အခွင့်အရေးပဲ" . . . ဟုဆိုသည်။

ပန်းချီဆရာကလည်း "သူ့မှာ လက်ထပ်ရမယ့်သူ မရှိဘူးဆိုတော့ ခင်ဗျားအတွက် ပိုကောင်းတာပေါ့"ဟု သုံးသပ်ပြသည်။ ကျွန်တော်ကိုယ်တိုင်ကတော့ ကောင်းသလား၊ ဆိုးသလား ဆိုတာထက် မာရီယာ၏ လိမ်ညာခဲ့မှုကိုသာ မယုံကြည်နိုင်စွာ တအံ့တဩ ဖြစ်နေမိလေသည်။

"ကိုယ့်အမြင်ပြောရရင်တော့ မာရီယာ မောင်ရင့်အပေါ် စိတ်စမ်းတာဖြစ်လိမ့်မယ်။ သူ့မှာ လက်ထပ်ရမယ့်လူရှိရင် မောင်ရင် ဘယ်လိုတုံ့ပြန်မလဲပေါ့။ ဒါပေမယ့် မောင်ရင်တုံ့ပြန်ပုံ ကောင်းပါတယ်။ တချိန်ကျရင် တခြားတစ်ယောက်နဲ့လက်ထပ်မှာကို သိလျက်နဲ့ သူ့အပေါ် ရိုးရိုးသားသားချစ်ခဲ့တာ။ အခွင့်အရေးရပေမယ့် တဖက်သတ် အသုံးမချခဲ့တာ။ အဲ့ဒါတွေဟာ မောင်ရင့်အတွက် အမှတ်တွေချည်းပဲ။ အဲ့ဒီတော့ မာရီယာနဲ့သာ အမြန်ဆုံးတွေ့ပြီး အဖြေတောင်းဖို့ ကြိုးစား။ ကိုယ့်လူ အောင်မြင်ရမယ်။ စိတ်ချ"





ထုတ်ဝေသူ၏စကားကြောင့် နောက်ကျိနေသောစိတ်ဓါတ်တို့ ပြန်လည်လန်းဆန်း တက်ကြွလာသလို မာရီယာနှင့်လည်း အမြန်ဆုံးတွေ့ချင်လာမိသည်။

"ခင်ဗျားပြောတာ မှန်တယ်။ နောက်နေ့ မာရီယာနဲ့တွေ့နိုင်အောင် ကြိုးစားမယ်။ ဒီနေ့တော့ တရုတ်ကြီးနဲ့ သွားတွေ့ကြရအောင်"

"ဘာအတွက်လဲ"

"ကျွန်တော့်အောင်မြင်မှုအတွက် အကြိုအောင်ပွဲခံဖို့လေ။ တရုတ်ကြီးဆိုင်မှာ ဘီယာသွားသောက်ကြမယ်။ လာ . . . ခင်ဗျားက ပိုက်ဆံရှင်းဖို့ လိုက်ခဲ့"

ထိုနေ့က ကျွန်တော်တို့ ဘီယာအတော်များများ သောက်ဖြစ်သလို စကားတွေလည်း အတော်များများ ပြောဖြစ်ခဲ့ကြ၏။

အဓိကပြောဖြစ်တာကတော့ မာရီယာနှင့် ကျွန်တော့်အကြောင်းပဲ ဖြစ်သည်။ ကျွန်တော်တို့ ချစ်သူတွေဖြစ်သွားလျှင် မာရီယာ့မိဘတွေသဘောတူအောင် ဘယ်လိုလုပ်သင့်သည်။ ကျွန်တော့် မိခင်ကျေနပ်အောင် ဘယ်လိုဆောင်ရွက်သင့်သည် . . . ဆိုတာမျိုးတွေ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မာရီယာနှင့်ပတ်သက်ခဲ့သမျှ ကာလတလျှောက်၌ ထိုနေ့သည် ကျွန်တော့်အတွက် ပထမဆုံးအကြိမ်အဖြစ် စိုးရိမ် စိတ်မောရခြင်းတို့ လွတ်ကင်းခဲ့ရသော နေ့တစ်နေ့ဖြစ်လေသည်။

ထိုနေ့က ဘီယာဆိုင်လေးထဲမှထွက်လာတော့ ပန်းချီဆရာက ကဗျာတစ်ပုဒ်ကို ခပ်တိုးတိုးရေရွတ်သည်။

✢ ✢ ✢





ပင်လယ်က
လရောင်ကိုမျှော်သလိုမျိုး
လှိုင်းတံပိုးအထခံပြီး
ငါ မင်းကို မျှော်ခဲ့ဖူးတယ်။

•

တောင်ထိပ်ပေါ်မှာမှ
နားချင်တဲ့ငှက်တစ်ကောင်
အတောင်ညောင်းမှာ မကြောက်သလို. . .
ငါလည်း
မင်းဆီက စကားတစ်ခွန်းအတွက်
အချိန်နှောင်းမှာ မကြောက်ခဲ့ဘူး။

ကဲ. . .
ဘယ်နေ့လဲ မိန်းကလေးရဲ့
မင်းရင်ထဲမှာ. . .
မိုးတွေရွာတော့မယ် ဆိုတာ. . .။



www.burmeseclassic.com

www.burmeseclassic.com

# [ ၂၀ ]

အလွန်အမင်းတွေ့ချင်သော အချိန်မှာမှ မာရီယာနှင့်တွေ့ဖို့က တော်တော်နှင့်အဆင်မပြေဘဲ ဖြစ်နေခဲ့သည်။ ကျွန်တော် ဖုန်းဆက်တိုင်း မာရီယာနှင့် တည့်တည့်မတိုးသဖြင့် ဖုန်းချပစ်ခဲ့ရသည့် အကြိမ်တွေက မနည်းတော့။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့် နှစ်ရက်သုံးရက်ဖြစ်လာတော့ ထုတ်ဝေသူ၏ ဇနီးကို ကျွန်တော် အပူကပ်ရတော့သည်။

"ကျွန်တော့်ကိုယ်စား မာရီယာ့ဆီ ဖုန်းဆက်ပေးစမ်းပါ"

"သူ. . . ဖုန်းလာမကိုင်ဘူးဆို"

"ဒါပေမယ့်. . . မိန်းမအသံနဲ့ခေါ်ခိုင်းရင်တော့ ရမှာပေါ့"

"တွေ့ရင် ဘာပြောရမလဲ"

"ကျွန်တော် သူနဲ့ အရေးတကြီးတွေ့ချင်နေတယ်။ အမြန်ဆုံး တွေ့မှဖြစ်မယ်လို့ ပြောပေးပါ"

"ကောင်းပြီလေ။ တို့ ကြိုးစားပေးမယ်"

သို့သော် ၄င်းကိုယ်တိုင်လည်း တော်တော်နှင့် အဆက်အသွယ်မရ။ သုံးလေးရက်ခန့် ကြိုးစားပေးပြီးမှသာ မာရီယာနှင့် ဖုန်းပြောခွင့်ရခဲ့သည်ဟု ဆိုသည်။

"မာရီယာက ပြောတယ်။ ဆရာဝန်က အိမ်မှာပဲ အနားယူခိုင်းထားလို့။ ဘယ်မှ ထွက်လို့မရဘူးဖြစ်နေတယ်တဲ့။ ဒါပေမယ့် နောက်လေးငါးရက်နေရင်တော့ သူ ရအောင်ထွက်ခဲ့မယ်တဲ့"

ချက်ချင်းတွေ့ခွင့်မရသည့်တိုင် နောက်လေးငါးရက်ကြာလျှင် သေချာပေါက်တွေ့ခွင့်ရမည်ဟူသော အသိဖြင့် ကျွန်တော် အနည်းငယ် စိတ်ဖြေနိုင်ခဲ့သည်။





ထိုအတောအတွင်း မာရီယာနှင့်တွေ့လျှင် ပြောရမည့်စကားတို့ကို စိတ်ကူးနှင့် ရွေးချယ်နေခဲ့မိသည်။ တခြားလုပ်စရာဆိုလို့လည်း ဘာမှမရှိသလို ရှိလျှင်လည်း လုပ်နိုင်မည်မဟုတ်ပါ။

ထို့ကြောင့် ပြောစရာစကားတို့ကို စီကုံးခြင်းဖြင့်သာ ကိုယ့်ကိုယ်ကို စိတ်ဖြေလျက် အချိန်ဖြုန်းနေခဲ့ရခြင်း ဖြစ်သည်။ သည်လိုနှင့် နယ်မြို့လေးမှပြန်လာပြီး နှစ်ပတ်နီးပါးခန့် ကြန့်ကြာပြီးမှသာ မာရီယာနှင့်ကျွန်တော် မျက်နှာချင်းဆိုင် တွေ့ဆုံခဲ့ရသည်။

တကယ်တော့ နှစ်ပတ်ဟူသောအချိန်ကာလသည် ပြောလောက်အောင် မကြာညောင်းသော်လည်း ကျွန်တော်နှင့်မတွေ့သည့် ထိုနှစ်ပတ်အတွင်းမှာပင် မာရီယာ့ပုံစံက တစုံတရာ ပြောင်းလဲသွားသည်ဟု ကျွန်တော်ထင်မိသည်။ ဆိုပါစို့. . . မာရီယာ မျက်နှာမကောင်းတာ. . .၊ ယခင်ကတည်းက သွယ်လျလျခန္ဓာကိုယ်လေးက ယခင်ကထက် ပိုပိန်သွားသလိုမျိုး ပါးလျသွားတာ. . .၊ ပြီးတော့. . . သက်ပြင်းတွေ ခဏခဏချတာ. . .။

သို့သော် မာရီယာ၏အလှကတော့ အနည်းငယ်မှ မှေးမှိန်မသွားသည့်အပြင် အရင်ကထက်ပင် ပိုမိုတောက်ပနေပါသေးသည်။

အရောင်စုံစုံ၊ အကွက်ကျဲကျဲနှင့် ကမ်းထရီးရှပ်ကို လက်ခေါက်၍ဝတ်ထားသော မာရီယာ၏ပုံစံက အနည်းငယ် ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



ဆန်သော်လည်း ကျွန်တော့်ကိုတော့ ရင်ဖိုအောင် ဆွဲဆောင်နိုင်ခဲ့သည်။

နှုတ်ခမ်းထောင့်စွန်းကို ကွေးညွတ်လျက် သူမ၏မူပိုင်အပြုံးနှင့် ကျွန်တော့်အား ပြုံးပြလာသည်မှအပ တစ်စုံတစ်ရာနှုတ်ဆက်စကားမဆိုသလို ကျွန်တော်ကလည်း ဘာမှမပြောဖြစ်ဘဲ သူမ၏အလှကိုသာ ငေးမောနေမိသည်။

သည်လိုနှင့် အချိန်အတော်ကြာမှ စိတ်မရှည်နိုင်စွာ မာရီယာ စကားစ,သည်။

"ဆရာ. . . မာရီယာ့ကိုတွေ့ချင်တယ်ဆိုတာ ခုလို ထိုင်ကြည့်ချင်ရုံသက်သက်တော့ မဟုတ်ပါဘူးနော်"

သည်တော့မှ လက်ရှိအခြေအနေကို သတိရသွားပြီး အသင့်တော်ဆုံးစကားတစ်ခုကို ကျွန်တော် အလျင်အမြန်ရွေးခြယ်လိုက်မိသည်။

"ကိုယ်. . . မင်းဆီက တစ်ခုခုကြားချင်ပြီ မာရီယာ"

"ရှင်"

"ပြတ်ပြတ်သားသားစကားတစ်ခွန်းခွန်း ကိုယ် ကြားချင်ပြီ။ မင်း ကိုယ့်ကို အဖြေပေးပါ မာရီယာ"





"ပြတ်ပြတ်သားသား ဟုတ်လားဆရာ။ ပြတ်သားရအောင် ခု ဘာတွေဖြစ်နေလို့လဲ"

"ကိုယ် မင်းကိုချစ်နေတယ်လေ"

"မာရီယာ. . . သိသားပဲ"

"ဒါဖြင့် အဲ့ဒီကိစ္စကို မာရီယာ ဘယ်လိုသဘောရသလဲ။ ဘယ်လို သဘောထားသလဲ"

မာရီယာ လှပစွာနှာခေါင်းရှုံ့လျက်. . . ဟက်ကနဲ တစ်ချက်ရယ်သည်။

"မာရီယာကတော့ ဘယ်လိုမှသဘောမရပါဘူး။ ဒါ ဖြစ်တတ်တဲ့သဘာဝပဲ။ ဘယ်လို သဘောထားသလဲဆိုရင်တော့ ဆရာ့ကို သူငယ်ချင်းတစ်ယောက်လို သဘောထားတယ်။ မာရီယာ့ဘဝမှာ အခင်ဆုံး သူငယ်ချင်းပေါ့"

"ဟင့်အင်း. . . အဲ့ဒီလောက်နဲ့ မလုံလောက်ဘူး မာရီယာရဲ့။ ကိုယ်သိချင်တာက ကိုယ် မင်းကိုချစ်သလို မင်း ကိုယ့်ကိုပြန်ချစ်နိုင်သလား။ အဲ့ဒါကို သိချင်တယ်။ မင်း ကိုယ့်ကိုပြတ်ပြတ်သားသား အဖြေပေးပါ မာရီယာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မေးခွန်းအဆုံး အချိန်အတန်ကြာ မာရီယာ ဆေး ငိုင်ငြိမ်သက်သွားသည်။ အတော်ကြီးကြာမှ သက်ပြင်းတစ်ချက်ကို ချရင်း မာရီယာ ခေါင်းယမ်းသည်။

"မဖြစ်နိုင်ပါဘူး ဆရာ"

"ဘာကြောင့်လဲ မာရီယာ။ ဘာကြောင့်မဖြစ်နိုင်တာလဲ။ ဘာလဲ. . . မင်းမိဘတွေသဘောတူထားတယ်ဆိုတဲ့ ဟိုလူကြောင့်လား။ အဲဒီလူဟာ မင်းဘဝမှာ ဘယ်တုန်းကမှ မရှိခဲ့ဘူးဆိုတာ. . . ကိုယ်သိပြီးပြီ မာရီယာ"

သူမ၏လျှို့ဝှက်ချက်ကို ရိုက်ချိုးပစ်လိုက်သော ကျွန်တော့် စကားကြောင့် မာရီယာ မျက်နှာတစ်ခုလုံး သွေးဆုတ်ဖြူဖျော့စွာ ပျက်ယွင်းသွား၏။

"အဓိပ္ပာယ်မရှိတဲ့ အကြောင်းပြချက်တွေနဲ့ ကိုယ့်ကို လမ်းလွှဲအောင်မလုပ်ချင်ပါနဲ့ မာရီယာ။ ရိုးရိုးသားသား ပြောစမ်းပါ။ ပွင့်ပွင့်လင်းလင်းဖြေစမ်းပါ။ မင်း ကိုယ့်ကို. . ."

"ကျွန်မ. . . မချစ်နိုင်ဘူး. . . ဆရာ"

မျက်နှာကို ဖြတ်ရိုက်လိုက်လျှင်ပင် ထိုမျှအထိ တအံ့တသြ နာကျင်သွားလိမ့်မည် မဟုတ်ပါ။ ယခုတော့ ကျွန်တော် လုံးဝမျှော်လင့်





မထားသောစကားကို သူမက ပေါ့ပေါ့ပါးပါး ရေရွတ်သွားလေသည်။ မချစ်နိုင်ဘူး ဆရာတဲ့. . .။

သူမ၏မျက်နှာနုနုအား ကျွန်တော် တအံ့တသြ ငေးကြည့်နေမိစဉ်မှာပင် သူမ တစ်လုံးချင်းပြောသည်။

"ဒီလောကကြီးမှာ ကျွန်မ ဘယ်သူ့ကိုမှ မချစ်ချင်ဘူးဆရာ။ ချစ်လည်းမချစ်နိုင်ဘူး။ ကျွန်မ မချစ်ချင်တဲ့၊ မချစ်နိုင်တဲ့ လူတွေထဲမှာ ဆရာလည်းပါတယ်။ အဲ့ဒီအတွက် စိတ်မကောင်းပါဘူး"

"ဖြတ်သားလှချည်လား မာရီယာရဲ့။ ဒီစကားကို မင်း အရင်တုန်းကပြောခဲ့ရင်တောင် ကိုယ် ခုလောက်ခံစားရမှာမဟုတ်ဘူး။ အရင်က. . . မင်းမှာ အချိန်တန်ရင်လက်ထပ်ရမယ့်လူ ရှိတယ်ဆိုတဲ့ အတွေးနဲ့ ကိုယ် မင်းအပေါ် နားလည်ပေးခဲ့တယ်။ ဖြည့်ပြီးတွေးပေးခဲ့တယ်။ မင်းက ရှေ့မတိုးနဲ့တော့ဆိုရင် ကိုယ် ရောက်တဲ့နေရာမှာ ရပ်ပြီးနေပေးခဲ့တယ်။ အခုတော့ မင်းမှာ ပတ်သက်ရမယ့်လူ မရှိသလို ဘာနှောင်ကြိုးမှလည်း မရှိမှန်း ကိုယ်သိပြီးပြီ။ ဒါနဲ့တောင်. . . မင်း ဘာဖြစ်လို့ ဒီလောက်ခေါင်းမာနေရတာလဲဆိုတာ ကိုယ် စဉ်းစားလို့ မရဘူး မာရီယာ။ မင်း. . . ဘာဖြစ်လို့ ကိုယ့်ကိုမချစ်နိုင်ရတာလဲ"

"ဆရာက အကြောင်းပြချက်တွေကို တော်တော်စိတ်ဝင်စားတာပဲနော်။ တချို့ကိစ္စတွေမှာ အကြောင်းပြချက်က အရေးမကြီးပါဘူး ဆရာ။ ရလဒ်ကသာ အဓိကပါ"



www.burmeseclassic.com

www.burmeseclassic.com



"အခုကိစ္စမှာတော့ အကြောင်းပြချက်လိုတယ် မာရီယာ။ အရေးလည်းကြီးတယ်။ မင်း ကိုယ့်ကိုမချစ်နိုင်ဘဲနဲ့ ဘာဖြစ်လို့ အိပ်မက်တွေပေးခဲ့ရတာလဲ မာရီယာ။ ဘာဖြစ်လို့ ရင်ခုန်အောင် လုပ်ခဲ့ရတာလဲ။ အဲ့ဒီအတွက် မင်းမှာတာဝန်ရှိတယ်။ ကိုယ်ကျေနပ်အောင် နိုင်လုံတဲ့အကြောင်းပြချက်တစ်ခုခုနဲ့ မင်း ဖြေရှင်းရလိမ့်မယ်"

လှည့်စားခံလိုက်ရသည်ဟူသော အသိဖြင့် ရင်အစုံသည် နာကျင်လျက် ကျွန်တော့်စကားသံတို့က မာကျောတုန်ခါနေကြသည်။ မာရီယာက ကျွန်တော့်အကြည့်အား ခေါင်းငုံ့ရှောင်လွှဲလျက် တစ်လုံးချင်း ပြောသည်။

"ဝမ်းနည်းပါတယ် ဆရာ။ လောလောဆယ် ဘာအကြောင်းပြချက်မှ မပေးနိုင်ပါဘူး"

"ဘာ"

"ခုလောလောဆယ် မပေးနိုင်ပေမယ့် တစ်ချိန်ကျရင်တော့ ကျွန်မရဲ့ အကြောင်းပြချက်ကို ဆရာ သိလာမှာပါ။ အဲ့ဒီအချိန်ကျရင် ဆရာကျေနပ်တဲ့အထိ ကျွန်မ ရှင်းပြပါ့မယ်"

"မင်းနဲ့ကိုယ်နဲ့ကြားမှာ တစ်ချိန်ချိန်ဆိုတာ ရှိနိုင်သေးလို့လား မာရီယာ"





"အသေအချာကို ရှိနိုင်တာပေါ့ ဆရာရဲ့။ ကျွန်မ မသေခင်အထိ၊ ဆရာ အိမ်ထောင်မပြုခင်အထိ ကျွန်မတို့ ခုလိုပဲ ဆက်ခင်ကြမယ်လေ"

"ဘာလဲ သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေပုံစံမျိုးနဲ့လား"

"ဒါပေါ့. . . ဆရာရဲ့"

မာရီယာ့စကားကြောင့် ကျွန်တော် အသံထွက်ကာ ရယ်မောလိုက်မိသည်။ သို့သော် ကျွန်တော့်ရယ်သံက အသက်မပါဘဲ ခြောက်ကပ်ကပ်နိုင်လွန်းလှပါသည်။

"ကိုယ်က အပြည့်အဝမရရင် ဘာမှမလိုချင်ဘူး မာရီယာ။ တစိတ်တဒေသနဲ့ ကျေနပ်တတ်တဲ့ကောင်မျိုး မဟုတ်ဘူး။ ပြီးတော့ ကျားတစ်ကောင်က သူ့သားကောင်ကို ကစားသလိုမျိုး၊ မင်း ကိုယ့်ကို ကြိုးရှည်ရှည်နဲ့ လှည့်စားမှာကိုလည်း ကိုယ်မခံနိုင်ဘူး။ တော်လောက်ပါပြီ မာရီယာ။ မင်းနဲ့ပတ်သက်ပြီး ကိုယ် အများကြီးခံစားခဲ့ရပြီးပြီ။ နောက်ထပ် မခံစားပါရစေနဲ့တော့"

"ဆရာ. . . ဆိုလိုတာက. . . ကျွန်မတို့. . ."

"လက်မတွဲနိုင်မယ့်အတူတူတော့ ကိုယ့်လမ်းကိုယ်လျှောက်ကြတာ ပိုကောင်းပါတယ် မာရီယာ။ ဒီနေ့ကစပြီး ကိုယ်တို့ တစ်ယောက်တစ်လမ်းစီ လျှောက်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားအဆုံး မာရီယာ ကျွန်တော့်အား တအံ့တသြ ငေးစိုက်ကြည့်လေသည်။

ကျွန်တော့်စကားကြောင့် မာရီယာ စိတ်မကောင်းဖြစ်သွားသလား။ ဒါမှမဟုတ် အံ့သြနာကျင်သွားသလား။ သို့သော် . . . ချက်ချင်းပင် ကျွန်တော့်အတွေးကို ကျွန်တော့်ဘာသာ ပြန်လည်ရယ်ချင်သွားမိသည်။ လောကဋ္ဌ ဘယ်သူ့ကိုမှ မချစ်နိုင်ပါဟုဆိုသော မာရီယာလိုမိန်းကလေးက. ... ကျွန်တော့်အတွက် ဘာမှ ထူးထူးခြားခြား ခံစားရလိမ့်မည် မဟုတ်ပါ။

မာရီယာက ခေါင်းငုံ့ငြိမ်သက်နေသလို ကျွန်တော်ကလည်း အံကြိတ်ကာ တိတ်ဆိတ်နေမိသည်။

တစ်စက္ကန့်၊ နှစ်စက္ကန့်. . .၊

ထို့နောက်. . . တစ်မိနစ်၊ နှစ်မိနစ်. . .၊

ကျွန်တော်တို့နှစ်ယောက်အကြား ပြောစရာစကား ကုန်ခမ်းသွားမှန်း သေချာသွားချိန်မှာတော့ ကျွန်တော် မာရီယာ့ဘေးမှ လှည့်ထွက်လာခဲ့သည်။ တိတ်တိတ်ဆိတ်ဆိတ် ညင်ညင်သာသာ လှည့်ထွက်လာခဲ့ခြင်း ဖြစ်သည်။



# ဒု တိ ယ က ဏ္ဍ

ဆန့်ကျင်ဘက်တစ်နေရာစီ
ခုတ်မောင်းသွားတဲ့
ရထားနှစ်စင်းလိုပါပဲ၊
လားရာချင်းမတူတဲ့
ခံယူချက်ကိုယ်စီနဲ့
တို့တွေ ဝေးခဲ့ကြတယ်. . .။

(ကေအင်နီ)



www.burmeseclassic.com

www.burmeseclassic.com

# [ ၃ ]

ဆောင်းသည် သူမ၏ဝတ်ရုံကို မ,လျက် ထွက်ခွာသွားခဲ့ပြီ။

ဂိမန္တကား လေရူးဖြင့် ပူးပေါင်းကာ သစ်ရွက်တို့ကို တဖြုတ်ဖြုတ် ခြွေချလျက်ရှိ၏။ ဘူတာရုံ လဘက်ရည်ဆိုင်ရှေ့ရှိ မြေပြင်ပေါ်မှာတော့ ကျဲတောက်တောက် နေရောင်ခြည်က ဣန္ဒြေရစွာ ထိုးဆင်းဖြာကျနေ၏။

www.burmeseclassic.com

www.burmeseclassic.com



နွေနေ့လယ်ခင်းကား သမားရိုးကျဆန်ကာ ပျင်းရိငြီးငွေ့ဖွယ် ကောင်းလှသည်။

လေနှင့်အတူ တလွင့်လွင့်မြောပါသွားသော သစ်ရွက်ခြောက်တို့ကို ကျွန်တော် အဓိပ္ပာယ်မဲ့စွာ ငေးကြည့်နေမိသည်။ တစ်ချိန်တည်းမှာပင် ခပ်ဝေးဝေးမှ ထွက်ပေါ်လာမည့် ရထားသံကိုလည်း နားစွင့်ထားမိ၏။ ထိုအချိန်မှာပင် ရထားသံထက် ချောမွေ့ညင်သာသော စကားသံတစ်ခုက ကျွန်တော့်အနီးအနားမှ ထွက်ပေါ်၍လာသည်။

"ကိုငယ် . . . ရန်ကုန်ပြန်ရောက်ရင် ဖုန်းဆက်နော်။ ပြီးတော့ . . . သီတာ့ကို စာလေးဘာလေးလည်း ရေးအုံး"

ဒီတော့မှ ကျွန်တော်တစ်ယောက်တည်း မဟုတ်ပါလားဟူသောအသိဖြင့် ကျွန်တော့်ရှေ့မှ မသီတာကို အားတုံ့အားနာ လှည့်ကြည့်ရင်း ခေါင်းညိတ်ပြလိုက်မိသည်။

"ကိုငယ်က ဘာကိုခေါင်းညိတ်တာလဲ။ သီတာပြောတာတွေ သေချာကြားလို့လား"

"ကြားပါတယ် မသီတာရဲ့"

"မသိပါဘူး။ ထိုင်လျက်ကြီး အိပ်ပျော်နေတာလားလို့"





"မဟုတ်ပါဘူး။ ကိုယ် အတွေးလွန်သွားလို့ပါ"

"ဘာလဲ . . . မာရီယာ့အကြောင်းလား"

မေ့လျော့ထားသော အမည်နာမတစ်ခုကို ရုတ်တရက်ကြားလိုက်ရသဖြင့် ရင်အစုံသည် ဆတ်ကနဲတုန်ခါသွား၏။ သို့သော် ချက်ချင်းပင် အသိဖြင့်ထိန်းချုပ်လျက် မာရီယာနှင့်ပတ်သက်သော ခံစားမှုတို့ကို ပြန်လည် မောင်းထုတ်ပစ်လိုက်သည်။

"မာရီယာနဲ့ကိစ္စက ပြီးခဲ့ပါပြီ မသီတာရယ်။ ကိုယ် အတွေးလွန်တာ သူနဲ့ ဘာမှမပတ်သက်ပါဘူး"

"ကိုငယ် သူ့ကို တကယ်မေ့နိုင်ပြီလား"

မထင်မှတ်သောမေးခွန်းကြောင့် မသီတာ၏မျက်နှာကို ဖြတ်ကနဲ စိုက်ကြည့်လိုက်မိသည်။ သူမ၏မျက်နှာက ပကတိရိုးသားစွာ တည်ငြိမ်လျက်ရှိသဖြင့် ခနဲ့လို၍မေးခြင်းမဟုတ်ဘဲ ရိုးရိုးသားသား သိလိုစိတ်ဖြင့် မေးခြင်းဖြစ်ကြောင်း ကျွန်တော် သဘောပေါက်လိုက်သည်။

ပွင့်လင်းစွာဝန်ခံရလျှင် ထိုမေးခွန်းမျိုး ကျွန်တော့်ကိုယ် ကျွန်တော် တစ်ခါမှ မမေးခဲ့ဘူးပါ။ မသီတာ၏မေးခွန်းအား အမှန်ကန်ဆုံးမဟုတ်လျှင်တောင် အသင့်တော်ဆုံးဖြစ်အောင် ဘယ်လို အဖြေပေးသင့်သလဲဟု အချိန်ယူ စဉ်းစားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် ဘူတာရုံလေးသို့ ဦးတည်ခုတ်မောင်းလာသော ရထားဥဩသံကို ကံကောင်းထောက်မစွာ ကြားလိုက်ရသည်။

"ဟော. . . ရထားဝင်လာပြီ ကိုင်ယ်။ ထ. . . အိတ်တွေယူ"

ကျွန်တော်တို့မြို့ ဘူတာရုံလေး၌ မီးရထားက မိနစ်အနည်းငယ်သာ ရပ်ဆိုင်းသဖြင့် ထိုရထားနှင့်လိုက်ပါမည်ဆိုပါက ရထားမဆိုက်မီကတည်းက တွဲပေါ် တက်နိုင်ရန် အဆင်သင့်ပြင်ဆင်ထားရသည်။

ရန်ကုန်သို့ ရထားနှင့်လိုက်ပါသွားမည့် ကျွန်တော်က ခရီးဆောင်အိတ်ကို ကောက်လွယ်လိုက်ပြီး လိုက်လံပို့ဆောင်သော မသီတာက စားစရာများထည့်ထားသည့် ကျွတ်ကျွတ်အိတ်ကို လှမ်းယူလိုက်သည်။

ဤနည်းဖြင့် မာရီယာနှင့်ပတ်သက်သည့် မေးခွန်းအား မေးမြန်းသူ မသီတာကော၊ ဖြေဆိုမည့် ကျွန်တော်ပါ ခေတ္တမေ့လျော့သွားကြသည်။

နောက်ထပ် မိနစ်အနည်းငယ်အကြာမှာတော့ ကျွန်တော်က ရထားတစ်စီး၏ ခေါင်းဆောင်ရာသို့ လိုက်ပါသွားပြီး မသီတာကတော့ ဘူတာရုံလေး၏စင်္ကြံ၌ လက်ပြကာ ကျန်ရစ်ခဲ့လေသည်။

❋ ❋ ❋



# [ ၂ ]

"ဒါဟာ အကောင်းဆုံးလုပ်ရပ်တစ်ခု မဟုတ်ပေမယ့် အမှန်ကန်ဆုံး ဖြေရှင်းနည်းတစ်ခုဖြစ်တာတော့ သေချာတယ်။ ကျွန်တော်လည်း ခင်ဗျားနေရာမှာဆိုရင် ခုလို ဆုံးဖြတ်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မသီတာနှင့်စေ့စပ်ရန် ကျွန်တော် ဆုံးဖြတ်လိုက်ချိန်၌ ပန်းချီဆရာက ကျွန်တော့်အား အထက်ပါအတိုင်း ထောက်ခံခဲ့လေသည်။ တကယ်တော့ ထိုဆုံးဖြတ်ချက်ကို ကျွန်တော် လွယ်လွယ်ချမှတ်နိုင်ခဲ့ခြင်းမဟုတ်ပါ။

မာရီယာရှေ့မှ ပြတ်သားစွာ ကျွန်တော်လှည့်ထွက်လာခဲ့သော်လည်း ကွယ်ရာမှာတော့ ပျော့ညံ့စွာ ကျွန်တော် ကြေကွဲခဲ့ရသည်။-နေ့တွေညတွေကို မမှတ်မိနိုင်လောက်အောင် ကျွန်တော့်ကိုယ်ကျွန်တော် အရည်ဖျော်ကာ ပေါက်ကွဲပစ်ခဲ့သည်။

ထိုရက်များအတွင်း သူငယ်ချင်းများက ကျွန်တော့်အား အလှည့်ကျ ဝိုင်းထိန်းပေးခဲ့ကြသည်။ မာရီယာနှင့်ပတ်သက်ပြီး ကျွန်တော်ရင်ဖွင့်သမျှအား စိတ်ရှည်လက်ရှည် နားထောင်ပေးခဲ့ကြသလို ကျွန်တော့်ကိုလည်း ဝိုင်းဝန်းဖျောင်းဖျခဲ့ကြသည်။

"ကမ္ဘာပေါ်မှာ အသည်းကွဲလို့သေတဲ့မသာ မရှိဘူး။ အသည်းကွဲတာကို အကြောင်းပြပြီး ပေါက်ကရတွေလျှောက်လုပ်လို့သာ သေကြရတာ။ မောင်ရင့်အသည်းကွဲချင်ရင် စိတ်ရှိလက်ရှိကွဲ၊ ဒါပေမယ့် ဘီယာတွေတော့ နင်းကန်မသောက်နဲ့"

"ဟုတ်တယ်။ ခင်ဗျားရင်ထဲမှာ ခံစားနေရတာကို သီချင်းဖြစ်ဖြစ်၊ ကဗျာဖြစ်ဖြစ်လုပ်ပြီးတော့ အော်ဆိုပစ်လိုက်။ ရင်ထဲမှာ





ပေါ့သွားလိမ့်မယ်။ ဒါမှ မကျေနပ်သေးရင် ကျွန်တော့်ကို မာရီယာလို့ သဘောထားပြီး ပါးသာ ပိတ်ရိုက်ပစ်လိုက်ဗျာ"

သူငယ်ချင်းများ၏ကောင်းမှုကြောင့် တစ်ပတ်ကျော်အကြာ ပုံမှန်အခြေအနေနီးပါးသို့ ကျွန်တော် ပြန်ရောက်လာခဲ့သည်။ သို့သော် အပြည့်အဝ ပုံမှန်ပြန်ဖြစ်သွားတာမျိုးတော့ မဟုတ်။ စိတ်နှင့်လူနှင့်က တသားတည်းမကျဘဲ အိပ်မက်မက်နေသူတစ်ယောက်ပမာ အရာရာက ဝေဝါးဝါးဖြစ်နေခဲ့၏။

ထိုအချိန်မှာပင် တစုံတရာ ဆုံးဖြတ်ဖြစ်စေရန် သူငယ်ချင်းများက တွန်းအားပေးလာခဲ့သည်။

"ခင်ဗျားအမေကို အဖြေပေးဖို့ ရက်ချိန်းက စေ့တော့မယ်။ ကိုယ့်လူ တစ်ခုခုဆုံးဖြတ်ပြီးပြီလား"

တကယ်တော့ ထိုကိစ္စအား ကျွန်တော့်ကိုယ်တိုင် ဆုံးဖြတ်စရာမလိုလောက်အောင် အခြေအနေက ဝင်ရောက်ဆုံးဖြတ်ပေးခဲ့ပြီဖြစ်သည်။ သို့သော် သူငယ်ချင်းအယ်ဒီတာကတော့ "အခြေအနေနောက်ကို မျောလိုက်တယ်ဆိုတာ လူညံ့တွေအလုပ်ပါဗျာ။ အခြေအနေက ဘာဖြစ်ဖြစ် ကိုယ်လုပ်သင့်တာကို ကိုယ့်ဘာသာရွေးချယ်ဆုံးဖြတ်စမ်းပါ"ဟု တိုက်တွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



လုပ်သင့်တာကိုရွေးချယ်ကြစတမ်းဆိုလျှင်လည်း များများ ရွေးချယ်စရာမရှိသဖြင့် မသီတာနှင့်စေ့စပ်ရန်ကိုသာ ကျွန်တော် ဆုံးဖြတ်ဖြစ်ခဲ့သည်။ ကျွန်တော့်ဆုံးဖြတ်ချက်အား ပန်းချီဆရာက. . . အကောင်းဆုံးမဟုတ်ပေမယ့် အမှန်ကန်ဆုံးဖြစ်သည်ဟု သုံးသပ်ပြခဲ့သည်။

ဤနည်းအားဖြင့် နယ်မြို့လေးတစ်မြို့၏ ဆောင်းနှောင်း မနက်ခင်းတစ်ခု၌ စေ့စပ်မင်္ဂလာပွဲတစ်ပွဲ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။ စေ့စပ်ပွဲအား နှစ်ဘက်စလုံး၏ သဘောတူညီမှုနှင့် အကျဉ်းရုံးကာ ခပ်မြန်မြန် စီစဉ်ခဲ့သည်။

စေ့စပ်ပွဲအပြီး ညနေစောင်းမှာတော့ မသီတာက 'မာရီယာ' ဟူသောအမည်ကို ခပ်တိုးတိုးရွတ်ဆိုလာခဲ့သည်။

ကျွန်တော် အမျိုးသမီးတစ်ယောက်နှင့် တွဲခဲ့ဖူးကြောင်း ထို အမျိုးသမီး၏နာမည်မှာ မာရီယာဖြစ်ကြောင်း သူမ သိရှိထားသည်ဟု ကျွန်တော့်အား ဝန်ခံလာခဲ့၏။

"မသီတာ ဘယ်လိုသိတာလဲ"

"ရန်ကုန်ကသူငယ်ချင်းတစ်ယောက် ပြောတာပါ။ အခု. . . အဲ့ဒီဇာတ်လမ်းပြီးခဲ့ပြီလို့ သိတာ ထင်တယ်"





"ပြီးခဲ့ပါပြီ။ တိတိကျကျပြောရရင်တော့ ပြီးတယ်လို့တောင် ပြောစရာမလိုဘူး မသီတာရဲ့။ ဘာဖြစ်လို့လဲဆိုတော့ ဇာတ်လမ်းက နဂိုကတည်းက စ,မှ မစဖြစ်ခဲ့ဘဲ"

မသီတာအား မာရီယာနှင့်ဇာတ်လမ်းကို အစမှအဆုံးတိုင် ကျွန်တော် ပြောပြဖြစ်ခဲ့သည်။ ဖတ်ကောင်းအောင် စီရင်ရေးသား ထားသော ဝတ္ထုဇာတ်လမ်းတစ်ပုဒ်ကို နားထောင်သည့်ပမာ မသီတာ က စိတ်ဝင်တစား နားထောင်နေခဲ့ပြီး စကားဆုံးချိန်မှာတော့ ကျွန်တော့်အား ရင်ခုန်စေသည့် မှတ်ချက်တစ်ခုကို ရေရွတ်သည်။

"သူ. . . ကိုယ့်ကို ချစ်ခဲ့လိမ့်မယ်"

"မဖြစ်နိုင်တာဘဲ"

"သေချာပါတယ်။ မိန်းကလေးအချင်းချင်း တစ်ယောက် စိတ်ကိုတစ်ယောက် လှမ်းကြည့်လို့ရတယ်။ သူ . . . ကိုယ့်ကို ချစ်တယ်။ ဒါပေမယ့် အကြောင်းတစ်ခုခုကြောင့် မပြတ်သားခဲ့တာ ဖြစ်လိမ့်မယ်"

"ထားပါလေ. . . ဘယ်လိုပဲဖြစ်ဖြစ် အဲ့ဒါတွေအားလုံးက အတိတ်မှာကျန်ခဲ့ပါပြီ"

ကျွန်တော် ခပ်မြန်မြန်ပင် စကား ဖြတ်ပစ်လိုက်သည်။ မဖြတ်ပါက မာရီယာ့အကြောင်းဆက်ပြောရင်း သတိရကာ အဟောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ အသစ်ဖြစ်လာမှာစိုးသောကြောင့် ဖြစ်သည်။ သည့်နောက်ပိုင်းတော့ မာရီယာ့အကြောင်းကို စကားမစဖြစ်ရန် ကျွန်တော်တို့ နှစ်ယောက်စလုံး တတ်နိုင်သမျှ ရှောင်လွှဲခဲ့ကြသည်။

စေ့စပ်ပွဲအပြီး တစ်ပတ်ကျော်အကြာ မသီတာက မန္တလေးဆေးရုံသို့ ဂျူတီဝင်ရန်ပြန်သွားပြီး ကျွန်တော်က ရန်ကုန်သို့ပြန်လာကာ ကိုယ်ပိုင်ဘဝကို ပုံမှန် စီးမြောခဲ့ကြသည်။ ရံဖန်ရံခါ မသီတာခွင့်ရသည့်အခါများနှင့် ကျွန်တော် အလုပ်အားသည့်အခါများ၌ မသီတာရှိရာ မန္တလေးသို့သွားတွေ့ရပြီး တခါတလေတော့ နယ်မြို့လေးမှာပင် အချိန်းအချက်ပြုကာ တွေ့ဆုံဖြစ်ကြသည်။

ငယ်စဉ်ကတည်းက ကျွန်တော့်အား “ကိုငယ်”ဟု နှုတ်ကျိုးစွာခေါ်ဝေါ်ခဲ့သော မသီတာသည် ကျွန်တော့်အား အစ်ကိုတစ်ယောက်သဖွယ် လေးစားသလို ကျွန်တော့်စကားကိုလည်း နားထောင်တတ်သူဖြစ်သည်။

ထို့ကြောင့်လည်း လက်ထပ်ရန် အချိန်ယူချင်သေးသည်ဟု ကျွန်တော်ကဆိုသောအခါ သူမ မငြင်းမဆန် ခေါင်းညိတ်ခဲ့ခြင်းဖြစ်သည်။ တကယ်တော့. . . မာရီယာ့အား ကျွန်တော့်ဘဝထဲမှ ထုတ်ပယ်ပြီး မသီတာနှင့်စေ့စပ်ခဲ့သည်မှာ ရက်ပေါင်း တစ်ရာကျော်ခဲ့ပြီဖြစ်၏။





ထိုအချိန်ကာလသည် လူတစ်ယောက်အား မေ့လျော့စည် ဆိုပါက မေ့လျော့စေရန် ကောင်းစွာလုံလောက်ပါသည်။ သို့သော် မာရီယာအား အပြည့်အဝမမေ့နိုင်သေးသည်ကတော့ စိတ်ပျက်စရာကောင်းလှပါသည်။

တခါတရံ မသီတာနှင့်စကားပြောရင်း မသီတာအစား မာရီယာ့ကို ကျွန်တော်မြင်ယောင်နေမိသည်။ မသီတာ၏စကားသံအစား မာရီယာ၏စကားသံကို ကျွန်တော် ကြားယောင်နေမိသည်။ အဆိုးဆုံးကတော့. . . ကျွန်တော့်လက်မောင်းကို မသီတာ အားကိုးတကြီးဆုပ်ကိုင်လာတဲ့အချိန်တွေမှာ မာရီယာ့ကို ပြင်းပြင်းပြပြ သတိရမိသွားခြင်းပါပဲ။

ထိုကိစ္စကတော့ နှစ်ယောက်စလုံးအတွက် ဘယ်လိုမှ မကောင်းနိုင်ပါ။

အချိန်ကြာလာသည်နှင့်အမျှ တဖြည်းဖြည်းမေ့လျော့သွားလိမ့်မည်ဟု ကျွန်တော်ထင်မိသော်လည်း ကျွန်တော့်အထင်တို့က အားပျော့ လျော့ရဲလှကြောင်း ကျွန်တော် သဘောပေါက်လာရသည်။ နွေရာသီ၏ တစ်ခုသောညတစ်ညမှာတော့ မာရီယာ ကျွန်တော့်အပေါ် မည်မျှလွှမ်းမိုးနေကြောင်းကို တအံ့တဩ ကျွန်တော် သိလာခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နွေဦးပေါက်၏ ဒုတိယလအစ၌ မသီတာကော ကျွန်တော်ပါ နယ်မြို့လေးသို့ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ပြန်လည်ရောက်ရှိခဲ့ကြသည်။ မသီတာက အေးအေးဆေးဆေးနေမည်ဖြစ်သော်လည်း အလုပ်ရှိသောကျွန်တော်က လေးငါးရက်သာနေပြီး ရန်ကုန်ပြန်ရန် စီစဉ်ခဲ့၏။

ကျွန်တော် ရန်ကုန်မပြန်ခင်တစ်ည မသီတာတို့ခြံထဲ၌ အတော်ညဉ့်နက်သည်အထိ စကားပြောဖြစ်ခဲ့ကြသည်။ သန်းခေါင်နားနီးမှ စကားဖြတ်ကာ ကျွန်တော်ပြန်ရင်ပြင်တော့ မသီတာက ခြံဝအထိ လိုက်ပို့ခဲ့သည်။

နွေညဖြစ်သဖြင့် ကောင်းကင်တစ်ခုလုံးက ကြည်လင်နေသည့်အပြင် လမင်းကြီးကလည်း ရွှန်းရွှန်းမြမြ သာယာနေခဲ့၏။ ထိုလရောင်နှင့် တိတ်ဆိတ်သောပတ်ဝန်းကျင်၏ သွေးဆောင်မှုကြောင့်ပဲလား မပြောတတ်။ မသီတာ၏ကိုယ်လုံးလေးက ကျွန်တော့်ရင်ခွင်ထဲသို့ လဲပြိုရောက်ရှိလာခဲ့သည်။

တကယ်ဆို ဆန့်ကျင်ဘက်အတွေ့အထိကြောင့် ကျွန်တော် သာယာကာ ရင်ဖိုမိန်းမောသွားသင့်ပါသည်။

သို့သော် အံ့သြဖွယ်ကောင်းစွာ မသာယာဘဲ ကျွန်တော် တုန်လှုပ်ချောက်ခြားနေမိသလို ရင်ဖိုရမည့်အစား တစုံတရာကို စိုးရိမ်ကာ ထိတ်လန့်နေခဲ့မိသည်။ ထိုအချိန်၌ ကျွန်တော် **တမ်းတမ်း** မက်မက် သတိရလိုက်မိသည်မှာ ခေါင်းလျှော်ရည်နံ့သင်းပျံ့သော မာရီယာ၏ ပါးပါးပျော့ပျော့ဆံပင်လေးများနှင့် ကိုယ်လုံးသွယ်သွယ်လေးကို ဖြစ်သည်။





မသီတာ၏ကိုယ်လေးအား အသာအယာ တွန်းဖယ်လိုက်တော့ သူမ ကျွန်တော့်အား တအံ့တသြမော့ကြည့်လေသည်။

"ဆောရီး . . . ဒေါ်ဒေါ် ချောင်းဟန့်သံကြားလိုက်မိသလားလို့"

မဆီမဆိုင်အကြောင်းပြစကားကို သူမ တစုံတရာမတုံ့ပြန်ဘဲ မျက်နှာနီမြန်းစွာ ခေါင်းငုံ့သွားခဲ့သည်။

(နောက်တစ်နေ့ ဘူတာလိုက်ပို့ချိန်မှာတော့ "ကိုယ် . . . မာရီယာ့ကို တကယ်မေ့နိုင်ပြီလား"ဟု သူမ မေးမြန်းခဲ့ပါသည်။ ကံကောင်းထောက်မစွာ အချိန်ကိုက်ရောက်ရှိလာသော မီးရထားကြောင့် ထိုမေးခွန်းကို ကျွန်တော် ပြန်မဖြေခဲ့ရပါ။)

သို့သော် . . . ရန်ကုန်ပြန်ရောက်ပြီး ထုတ်ဝေသူနှင့် တွေ့ဆုံချိန်မှာတော့ မာရီယာအား မေ့နိုင်ပြီလားဟူသော မေးခွန်းကို ကျွန်တော် အမှန်အတိုင်းဖြေဆိုခဲ့မိသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

# [ ၉ ]

ကျွန်တော်တို့သူငယ်ချင်းတစ်စု၏ ချစ်စရာကောင်းသော ဓလေ့မှာ တစ်ယောက်မပြောချင်သောအကြောင်းအရာကို တစ်ယောက်က အတင်းအကျပ် မမေးခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မာရီယာအား ကျွန်တော့်ဘဝထဲမှ ထုတ်ပစ်တော့မည်ဟု ကြွေးကြော်ခဲ့ချိန်မှစ၍ သူငယ်ချင်းများက ကျွန်တော့်ကို မာရီယာ့အကြောင်း ပြောဆိုခြင်းမပြုသလို မေးမြန်းခြင်းလည်း မပြုတော့ပါ။ သူမအကြောင်း စကားမစမိအောင် အလိုက်သိစွာဖြင့် ရှောင်လွှဲခဲ့ကြ၏။

သို့သော် နယ်မြို့လေးမှ ကျွန်တော် ရန်ကုန်ပြန်ရောက်ပြီး နောက်တစ်နေ့မှာတော့ ထုတ်ဝေသူ သူငယ်ချင်းက လာလေ့လာထမရှိသောအချိန်၌ ထူးဆန်းစွာရောက်ရှိလာခဲ့ပြီး ပြောလေ့မရှိသော စကားတို့ကို ပြောဆိုလာခဲ့သည်။

ပထမဦးစွာ စတင်မေးမြန်းလာသည်က "မသိတာနဲ့ ဘယ်တော့လက်ထပ်မလဲ"ဟူ၍ ဖြစ်သည်။ "ဖြည်းဖြည်းပေါ့၊ ကျွန်တော် အချိန်ယူချင်သေးတယ်" ဟု အဖြေပေးတော့. . . "ဘာအတွက် အချိန်ယူမှာလဲ"ဟု ထပ်ဆင့်မေးမြန်းလာခဲ့သည်။

"အစစအရာရာအတွက် ဆိုပါတော့"

"မာရီယာ့ကို မေ့နိုင်ဖို့အတွက်ကော ပါသလား"

"ပါတယ်။ သူ့ကိုမေ့နိုင်ဖို့က အဓိကပဲ"

"မာရီယာ့ကို မမေ့နိုင်သေးဘူးလား"





ကျွန်တော့်အား ဘူတာလိုက်ပို့စဉ် မသိတာမေးမြန်းခဲ့ဖူးသော မေးခွန်းမျိုးကိုပင် ထုတ်ဝေသူက ကိုက်ဆိုင်စွာ မေးမြန်းလာခဲ့သည်။ ကျွန်တော် သက်ပြင်းတစ်ချက်ကိုချရင်း အမှန်အတိုင်း ဝန်ခံလိုက်မိသည်။

"အစကတော့ မေ့နိုင်လိမ့်မယ်လို့ ခပ်လွယ်လွယ်ထင်ခဲ့မိတာ။ ဒါပေမယ့်. . . တကယ့်တကယ်ကျတော့ ကျွန်တော် သူ့ကို မမေ့နိုင်ဘူး။ ခုချိန်ထိ မာရီယာ့ကို ကျွန်တော် သတိရနေတုန်းပဲ။ နေစမ်းပါအုံး. . . ခင်ဗျားက ဘာဖြစ်လို့ ဒီအကြောင်းတွေ မေးနေရတာလဲ"

"အကြောင်းရှိလို့ဆိုပါတော့။ မင်း သူ့ကို မေ့ပစ်တော့မယ်ဆိုတဲ့အချိန်ကစပြီး သူ့အကြောင်းတွေ ငါ စကားမစခဲ့ဘူး။ ခု. . . စကားစရတာ ငါ့မှာအကြောင်းရှိတယ်။ ငါမေးတာကို သေချာစဉ်းစားပြီးဖြေစမ်းပါ။ မာရီယာနဲ့ တွေ့ခွင့်ရမယ်ဆိုရင် မင်း တွေ့ချင်သလား"

ထုတ်ဝေသူ၏မေးခွန်းက ကျွန်တော်မျှော်လင့်မထားမိသော မေးခွန်းဖြစ်သလို၊ ကျွန်တော့်အား အဖြေရကျပ်စေသော မေးခွန်းလည်း ဖြစ်သည်။

မာရီယာနဲ့ တွေ့ချင်သလားတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အမှန်အတိုင်းဝန်ခံရလျှင် ကျွန်တော် မာရီယာနှင့် အလွန်တွေ့ချင်ပါသည်။ သို့သော်. . . တကယ်တမ်းတွေ့ဖို့ကျတော့လည်း ကျွန်တော် မဝံ့မရဲဖြစ်နေမိ၏။

"သူနဲ့ ကျွန်တော်နဲ့ကြားမှာ တွေ့စရာအကြောင်းမှမရှိတော့ဘဲ"

"ရှိတယ်ဆိုရင်ကောကွာ။ ဆိုပါစို့. . . မာရီယာ့မှာ မင်းမသိတဲ့ မြှုပ်ကွက်တစ်ခု ရှိခဲ့မယ်။ အဲဒီမြှုပ်ကွက်ကလည်း သူနဲ့တွေ့ဖို့နိုင်လုံတဲ့အကြောင်းတစ်ခု ဖြစ်မယ်ဆိုပါတော့"

"ဘာမြှုပ်ကွက်လဲ. . . ရှင်းရှင်းပြောစမ်းပါဗျာ"

ကျွန်တော် စိတ်မရှည်နိုင်စွာမေးလိုက်တော့ ထုတ်ဝေသူက သက်ပြင်းတစ်ချက်ချကာ ကျွန်တော့်အားမကြည့်ဘဲ တစ်လုံးချင်းပြောသည်။

"မာရီယာက မင်းတို့ငါတို့လို သက်တမ်းစေ့ နေရမယ့် မိန်းကလေးတစ်ယောက် မဟုတ်ဘူး သူငယ်ချင်း"

"ဗျာ"

မထင်မှတ်သောစကားကြောင့် ကျွန်တော့်ခန္ဓာကိုယ်အတွင်းရှိ သွေးလည်ပတ်မှုတို့ ရပ်ဆိုင်းသွားသလို ခံစားလိုက်ရသည်။





ထုတ်ဝေသူအား မှင်သက်စွာ ငေးကြောင်ကြည့်နေမိသော်လည်း ကျွန်တော့်မျက်လုံးထဲ၌ မာရီယာ၏ပုံရိပ်မှလွဲ၍ ဘာကိုမှမမြင်ရ။

✦ ✦ ✦

"ဟိုတလောတုန်းက ရန်ကုန်အလည်လာတဲ့ ဩစတြေးလျက မာရီယာ့သူငယ်ချင်း ကောင်မလေးက စာလှမ်းရေးလိုက်တာလေ။ သူ့စာဖတ်ပြီးတော့မှ မာရီယာ့အကြောင်းကို တို့လင်မယားနှစ်ယောက်စလုံး အမှန်အတိုင်းသိလိုက်ရတယ်။ သိသိချင်းပဲ ငါ မင်းဆီထွက်လာခဲ့တာ။ စိတ်မကောင်းစရာဘဲ၊ မာရီယာက မွေးရာပါ ကင်ဆာရောဂါသည် တဲ့။ သွေးနဲ့ပတ်သက်တဲ့ ကင်ဆာလို့ပြောတယ်။ အဲဒီရောဂါကြောင့် မာရီယာ သက်တမ်းစေ့မနေရနိုင်ဘူးလို့ ဆရာဝန်တွေက ခန့်မှန်းခဲ့ကြတယ်။ လွန်ရောကျွံရော အသက် နှစ်ဆယ်။ နှစ်ဆယ်ကျော်ပဲတဲ့။ အဲဒီအကြောင်းတွေကို မာရီယာ ကိုးတန်းကျောင်းသူဘဝရောက်မှ သိခဲ့ရတယ်။ သိတဲ့အချိန်ကစပြီး ဘယ်သူငယ်ချင်းကိုမှ



www.burmeseclassic.com

www.burmeseclassic.com



ရင်းရင်းနှီးနှီး မပေါင်းတော့ဘူးတဲ့။ ငယ်ငယ်လေးကတည်းက ရင်းနှီးလာတဲ့. . . အခု စာရေးတဲ့ကောင်မလေးကိုတောင် အဆက်အသွယ်ဖြတ်လိုက်သေးတယ်။ အဲ့ဒီကောင်မလေး နိုင်ငံခြားထွက်သွားတော့မှ စာရေးပြီး အဆက်အသွယ်ပြန်လုပ်တာလို့ ပြောတယ်"

နွေညသည် တဖြည်းဖြည်း အိုမင်းရင့်ရော်လာခဲ့ပြီ။ ညဥ့်လေတို့က ဟိုဟိုဒီဒီ ရွေ့လျား တိုက်ခတ်နေကြသော်လည်း အပူငွေ့တို့ကို သယ်ဆောင်ထားဆဲ ဖြစ်၏။ သက်ပြင်းတစ်ချက်ကို ရှိုက်သွင်းလိုက်တော့ ပူလောင်ကျွတ်ဆတ်သောလေတို့က ကျွန်တော့်ရင်ထဲသို့ ကြမ်းရှစွာ ဝင်ရောက်သွားခဲ့ကြသည်။

"မာရီယာ တက္ကသိုလ်တက်တော့ သူ့ကို စိတ်ဝင်စားတဲ့ ကောင်လေးတွေ တော်တော်များခဲ့တယ်။ ဒါပေမယ့် သက်တမ်းစေ့ မနေရဘူးလို့သိနေတဲ့ မာရီယာက ဘယ်သူ့ကိုမှ သံယောဇဉ်မထားခဲ့သလို ဘယ်သူ့ကိုမှလည်း သံယောဇဉ်မပေးခဲ့ဘူး။ သူ့မှာ လက်ထပ်ရမယ့်လူရှိတယ်ဆိုပြီး အားလုံးကို ခပ်ပြတ်ပြတ် ငြင်းပယ်ပစ်ခဲ့တယ်။ ဆရာဝန်တွေက လွန်ရောကျွံရော နှစ်ဆယ်ကျော်ပဲလို့ ခန့်မှန်းခဲ့ကြပေမယ့် သူ့ရဲ့ကံသိုလ်ကံကြောင့်ပဲလား မပြောတတ်ဘူး။ ကျောင်းပြီးတဲ့အချိန်အထိ ဘာမှမဖြစ်ခဲ့ဘူး။ ကျောင်းပြီးတဲ့နောက်ပိုင်း သူ့ဘဝမှာ ဘာအနှောင်အဖွဲ့မှမထားဘဲ စိတ်ချမ်းသာသလို လွတ်လွတ်လပ်





လပ် စီးမျောရင်း မောင်ရင်နဲ့တွေ့ခဲ့ကြတာပဲ။ မောင်ရင့်ကိုတော့ သူ သံယောဇဉ်ရှိတယ်။ ရှင်းရှင်းပြောရရင်တော့ ချစ်တယ်ပေါ့ကွာ။ ဒါပေမယ့်. . . သက်တမ်းစေ့နေရမှာမဟုတ်ဘူးဆိုတဲ့အသိကြီးက သူ့ကို ခြောက်လှန့်နေပုံရတယ်။ ဒါကြောင့်မို့ ချစ်ပါတယ်လို့ ဝန်မခံခဲ့တာဘဲ။ သူက လောကကြီးထဲကထွက်ခွာသွားရမှာ သေချာနေတော့ ချစ်ပါတယ်ဆိုတဲ့စကားတစ်ခွန်းက မင်းအပေါ် ဝန်ထုပ်ဝန်ပိုး ဖြစ်ကျန်ခဲ့မှာကို စိုးရိမ်တယ်နဲ့ တူပါတယ်"

ထုတ်ဖေသူ သူငယ်ချင်း၏ စကားလုံးတိုင်းက ကျွန်တော့်ရင်ကို တဆစ်ဆစ်နာကျင် ကျွမ်းမြေ့စေခဲ့သလို ကျွန်တော်မမှန်းဆခဲ့ဖူးသော မာရီယာ၏ပုံရိပ်က တဖြည်းဖြည်း ပီပြင်၍လာခဲ့သည်။

ဒါကြောင့်မို့. . . လမ်းနည်းနည်းလျှောက်ရုံနဲ့ မာရီယာ မောပန်းနေခဲ့တာ. . . စိတ်လှုပ်ရှားရုံနဲ့ နှာခေါင်းသွေးလျှံခဲ့တာ. . ။ ပြီးတော့. . . "တစ်ချိန်ချိန်. . ."ဆိုတဲ့ စကားတွေကို ခဏခဏ ပြောခဲ့တာဖြစ်မှာပါ။

မာရီယာ့အပေါ် သနားစိတ်နှင့်အတူ ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်စွာ ကျွန်တော် နာကျင်သွားမိသည်။

"မာရီယာ ပဲခူးမှာ နှာခေါင်းသွေးလျှံပြီးနောက်ပိုင်း နှစ်ပတ်လောက် အိမ်ထဲကအိမ်ပြင်မထွက်ဘဲ အနားယူမယ်လို့ ပြောခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



မှတ်မိလား။ တကယ်တော့ အဲ့ဒီရက်တွေမှာ မာရီယာ ဆေးရုံတက်နေခဲ့ရတာ။ မင်းနဲ့နောက်ဆုံးတွေ့တော့ သူ ဆေးရုံက ပြန်ဆင်းလာတာ မကြာသေးဘူး"

ဒါကြောင့်မို့လို့ ကျွန်တော်နဲ့တွေ့တော့ မာရီယာမျက်နှာလေး ချောင်ကျနေခဲ့တာဖြစ်မှာပဲ။ ကျွန်တော် ဘယ်လောက်များ မသိလဲ ဆိုးဝါးလိုက်ပါသလဲ။

မာရီယာ ဆေးရုံတက်ခဲ့ရသည်ကို မသိဘဲ သူမထံမှ အတင်းအကျပ် အဖြေတောင်းခဲ့မိသည်။ ကျွန်တော့်အား ပြတ်ပြတ်သားသား အဖြေမပေးသောအခါ သူမရှေ့မှ ကျောခိုင်းလှည့်ထွက်လာခဲ့မိသည်။

"အခု. . . မာရီယာ့ကျန်းမာရေးအခြေအနေက မကောင်းဘူးလို့ ပြောတယ်။ မကြာမကြာ သွေးသွင်းနေရတယ်. . . တဲ့"

"ကျွန်တော်. . . ကျွန်တော်. . . သူနဲ့တွေ့ချင်တယ်ဗျာ။ အမြန်ဆုံးတွေ့ချင်တယ်။ ကျွန်တော့်ကို စီစဉ်ပေးစမ်းပါ"

ထုတ်ဝေသူ၏လက်မောင်းကို ဆုပ်ကိုင်ရင်း ကျွန်တော်အားကိုးတကြီးပြောလိုက်တော့ ၎င်းက ကျွန်တော့်အား နှစ်သိမ့်သလို စိုက်ကြည့်ရင်း ခေါင်းတစ်ချက်ညိတ်သည်။





"ငါ နားလည်ပါတယ်။ မင်း သူ့ကိုတွေ့ချင်လိမ့်မယ်လို့ တွေးထားပြီးသားပါ။ ဒါကြောင့် ငါ ကြိုပြီးစီစဉ်ထားခဲ့တယ်"

"ဘယ်လိုစီစဉ်ထားတာလဲ"

"သန်ဘက်ခါ ငါတို့အိမ်ထောင်သက် သုံးနှစ်ပြည့်အထိမ်းအမှတ်ပွဲ လုပ်မယ်။ အဲ့ဒီနေ့ ဆက်ဆက်လာခဲ့ဖို့ မာရီယာ့ကို ဖိတ်ထားပြီးသား။ ညသည်ဆိုလို့ မင်းနဲ့မာရီယာနဲ့ နှစ်ယောက်ထဲပေါ့"

"ကျေးဇူးပဲဗျာ"

ကျွန်တော် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်စကား ဆိုလိုက်မိသည်။ ထုတ်ဝေသူက အဝေးသို့မျှော်ငေးရင်း ကျွန်တော့်ကို လှမ်းပြောသည်။

"တစ်ခုတော့ ကြိုပြီးသတိပေးချင်တယ်။ သူနဲ့တွေ့တဲ့အခါ အခုကိစ္စတွေ ဘာမှမသိတဲ့ပုံစံမျိုး မင်း ဟန်ဆောင်ရလိမ့်မယ်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ မာရီယာက သူ့အကြောင်းတွေ ဘယ်သူ့မှမသိစေချင်လို့ဘဲ။ အထူးသဖြင့်. . မင်းကို လုံးဝမသိစေချင်ဘူးတဲ့။ ငါ့စိတ်ထင်တော့ မင်း စိတ်မကောင်းဖြစ်မှာစိုးလို့နေမှာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဝေသူ၏ မှတ်ချက်စကားက ကျွန်တော့်ရင်ကို နင့်ကနဲ ဖြစ်သွားစေခဲ့သည်။ ကျွန်တော် ဘာမှပြန်မပြောနိုင်ဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်ရ၏။

* * *



# [ ၄ ]

စိတ်စောမှုဖြင့် တလှပ်လှပ်တုန်ခါနေခဲ့သော နှလုံးသားသည် သူမကိုအတွေ့၌ လှုပ်ရှားမှုတို့ ရပ်တန့်ချုပ်ငြိမ်းသွားသလို ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မာရီယာသည် ကျွန်တော်နှင့် ပထမဦးဆုံးတွေ့စဉ်က ဝတ်ဖူးသည့် အစိမ်းရောင်ကုတ်အင်္ကျီလေးကိုပင် ဝတ်ဆင်ထားပြီး လောလောလတ်လတ် လျှော်လာဟန်တူသော ဆံပင်ရှည်ရှည်များကိုတော့ ကျောပေါ်၌ လွတ်လပ်စွာ ဖားလျားချထားသည်။

သူမ၏အပြင်အဆင်နှင့် သူမ၏ အလှက ယခင်ကလို ကျွန်တော့်အား ထိရောက်စွာ ဆွဲဆောင်နိုင်ဆဲပင် ဖြစ်သည်။ သို့သော် သူမ၏နှင်းဆီရောင်မျက်နှာသွယ်သွယ်လေးကတော့ ယခင်ကလို မဟုတ်ဘဲ သိသာစွာ ပိန်သွယ်ချောင်ကျသွားခဲ့သည်။

အံ့ဩစရာအကောင်းဆုံးကတော့ သူမရဲ့နှုတ်ခမ်းလေးတွေပါပဲ။ အရင်က အမြဲတမ်း နီစွေးစိုလက်နေတတ်သော နှုတ်ခမ်းပါးအစုံသည် မမှတ်မိနိုင်လောက်အောင် ဖြူရော်သွေ့ခြောက်နေခဲ့သည်။

မာရီယာ၏ကျန်းမာရေးအတွက် ကျွန်တော် အလွန်အကျူး စိုးရိမ်သွားသော်လည်း ကျွန်တော့်စိုးရိမ်မှုကို တရားဝင်ဖော်ထုတ်မပြနိုင်တာကတော့ ဝမ်းနည်းစရာကောင်းလှပါသည်။

ကျွန်တော့်ကိုအတွေ့၌ မာရီယာ၏မျက်လုံးအစုံ လက်ကနဲဖြစ်သွားပြီး ဖြူရော်ရော်နှုတ်ခမ်းတွေကတော့ ဝိုင်းစက်သွားကြသည်။ ထို့နောက် တအံ့တဩလေသံနှင့် "ဘယ်တုန်းကရောက်နေတာလဲ" ဟု လှမ်းမေး၏။





"ကြာပြီ။ မာရီယာလာမယ်ဆိုလို့ ကိုယ် ထိုင်စောင့်နေတာ"

"အဟုတ်ပဲလား"

"အဟုတ်ပဲပေါ့ မာရီယာရဲ့။ ကိုယ် မာရီယာနဲ့တွေ့ချင်နေတာ"

"ဘာအတွက်လဲ ဆရာ"

ထိုမေးခွန်းကို သိချင်စိတ်ပြင်းပျစွာ သူမ မေးလာခြင်းဖြစ်သည်။ ကျွန်တော် သူမအတွက် ဝိုင်ချိုတစ်ခွက် ငှဲ့ပေးရင်း ပြောလိုက်သည်။

"ကိုယ်တို့ အရင်ကလို ဆက်ခင်ကြရအောင် မာရီယာ"

"အရင်ကလို. . ."

"ဒါပေါ့"

"သူငယ်ချင်းတွေပုံစံမျိုးနဲ့လား"

"အစစ်ပေါ့"

မာရီယာ ကျွန်တော့်အား ခပ်ဆန်းဆန်းစိုက်ကြည့်ရင်း ပခုံးတစ်ချက်တွန့်သည်။ ထို့နောက် စားပွဲပေါ်မှ ဝိုင်ခွက်ကိုလှမ်းယူကာ ကျွန်တော့်ဖန်ခွက်နှင့်တိုက်၍ တို့စ်လုပ်ရင်း. . .

"နောင်. . . တစ်ချိန်ချိန်အတွက်"

ဟု ရေရွတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်ချိန်အတွက်ဟူသော သူမ၏အသုံးအနှုန်းကြောင့် ကျွန်တော် နင့်ကနဲခံစားလိုက်ရသလို ထုတ်ဝေသူမိန်းမ၏စကားကို ကြားယောင်လိုက်မိသည်။

. . . . . မာရီယာ့အနေအထားက နောက်ဆုံးအချိန်နဲ့ အတော့်ကိုနီးကပ်နေပြီ စာရေးဆရာ။ ဆရာဝန်တွေက လပိုင်းပဲလို့ ခန့်မှန်းထားကြတယ်။

ကျွန်တော် တတ်နိုင်သမျှ မျက်နှာမပျက်အောင် ကြိုးစား ဟန်ဆောင်ရင်း ဖန်ခွက်ထဲမှ ဝိုင်ချိုကို တစ်ကျိုက်တည်း မော့ချလိုက်သည်။

"ဆရာ ကျွန်မကို စိတ်ကောက်သွားပေမယ့် တစ်ချိန်ချိန် ကျရင် ခုလို ပြန်ခေါ်လိမ့်မယ်ဆိုတာကို ကျွန်မ ကြိုသိနေခဲ့တယ်. . . သိလား"

"ကိုယ် စိတ်မကောက်ပါဘူး. . . မာရီယာရဲ့"

"စိတ်မကောက်ဘဲနဲ့ ဘာဖြစ်လို့. . . "

"ဟင့်အင်း. . . အဲဒီတုန်းက တမင်စိတ်ကောက်ချင်ယောင် ဆောင်တာပါ"

"အဟုတ်ပဲလား ဆရာရဲ့"





"အဟုတ်ပါပဲ မာရီယာရယ်"

ကျွန်တော့်စကားကြောင့် ကျေနပ်ဟန်ဖြင့် သူမ ခေါင်းငုံ့ သွားသည်။ ဝိုင်ချိုချို၏ ပူနွေးမှုကြောင့်လား။ ဒါမှမဟုတ် စိတ်ကျေနပ်မှုကြောင့်ပဲလား မပြောတတ်။ မာရီယာ့မျက်နှာလေး သွေးရောင်လွှမ်း လာသဖြင့် ကျွန်တော် စိတ်ချမ်းသာသွားမိသည်။

"ဆရာ ကျွန်မကို တကယ်စိတ်မကောက်ခဲ့ဘူးပေါ့နော်"

"မကောက်ပါဘူး မာရီယာရဲ့"

"ဒါဖြင့် ဆရာ့ရေးလက်စဝတ္ထု ကျွန်မကို ပေးဖတ်မလား"

"အသေအချာကို ပေးဖတ်မှာပေါ့"

"အဲ့ဒါဆို အခု ဆရာ့အိမ်ကို ကျွန်မ လိုက်လည်မယ်လေ။ ပြီးတော့ ဆရာရေးထားတဲ့ဝတ္ထုကို ဖတ်မယ်"

မာရီယာ၏တောင်းဆိုမှုကို လိုက်လျောသင့်ရဲ့လား. . . ကျွန်တော် ဇဝေဇဝါဖြစ်နေမိသည်။ အကြောင်းမှာ ကျွန်တော့်တိုက် လှေခါးကို သူမ တက်နိုင်ပါ့မလားဟု သံသယဖြစ်နေမိသောကြောင့် ဖြစ်သည်။

"မာရီယာ လှေခါးတက်နိုင်ပါ့မလား"

"တက်နိုင်မှာပါ။ ဖြည်းဖြည်းချင်းနားပြီး တက်မှာပေါ့။ ဘာလဲ. . . ဆရာက ကျွန်မကို လူမမာသည်ကြီးအောင့်မေ့လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး မာရီယာရဲ့။ မအောင့်မေ့ပါဘူး"

ကျွန်တော် ကမန်းကတန်းငြင်းဆန်လိုက်တော့ သူမ ခပ်သွဲ့သွဲ့ပြုံးသည်။ ထိုအပြုံးနောက်ကွယ်မှ ကြေကွဲမှုကို ကျွန်တော် သုမ်းမြင်လိုက်ရသဖြင့် အနည်းငယ်စိုးရိမ်သွားမိသလို ကျွန်တော့် ဘန်ဆောင်မှုတို့ ပိရိသေသပ်ရန် လိုသေးကြောင်းကိုလည်း နားလည်လိုက်မိသည်။

ကျွန်တော် တတ်နိုင်သမျှ ဣန္ဒြေမပျက်အောင် ကြိုးစား ဟန်ဆောင်ရင်း စကားလွှဲသည့်အနေဖြင့် မာရီယာအား ပြောလိုက်သည်။

"ကဲ. . . မာရီယာ အလည်လိုက်မယ်ဆိုရင် ထုတ်ဝေသူ လင်မယားကို အကျိုးအကြောင်းပြောပြပြီး သွားကြရအောင်"

ကျွန်တော်တို့နှစ်ယောက် ထိုင်ရာမှထ,ကာ အိမ်ရှင် လင်မယားကိုနှုတ်ဆက်တော့ ၎င်းတို့က အလိုက်သိစွာ တစုံတရာ မတားဆီးဘဲ အိမ်ဝအထိ လိုက်ပို့ပေးကြသည်။ မာရီယာ့ကားနား ရောက်တော့ ကားကို သူမကိုယ်တိုင် မောင်းလာခြင်းမဟုတ်ဘဲ ယာဉ်မောင်းသူ ဦးလေးကြီးတစ်ယောက်က လိုက်မောင်းပို့ခြင်းဖြစ် ကြောင်း ကျွန်တော်သိလိုက်ရသည်။





"ကျွန်မ ကားမောင်းတတ်တဲ့အချိန်ကစပြီး ယာဉ်မောင်း တစ်ယောက်ယောက်မောင်းပို့တဲ့ကားကို စီးရတာ သိပ်အားနာတာပဲ" ဟု တစ်ခါတုန်းက သူမ ကျွန်တော့်အား ပြောခဲ့ဖူးသည်။ ယခုတော့ သူမ၏ကျန်းမာရေးက ကားကို ကိုယ်တိုင်မောင်းခွင့်မပြုတော့ပါ။ ထိုသို့မပြုတော့မှုန်းကိုလည်း သူမ လက်ခံလိုက်ပုံရလေသည်။

ကျွန်တော်တို့ကားပေါ်ရောက်တော့ ယာဉ်မောင်းသူအား "ကျောက်မြောင်းကိုသွားမယ် ဦးလေး"ဟု သူမ လှမ်းပြောသော်လည်း လိပ်စာအတိအကျ မပြောပါ။ ထိုသို့မပြောသည့်တိုင် ကားမောင်းသူ ဦးလေးကြီးက ကျွန်တော်နေထိုင်ရာ တန်ထရိုက်တိုက်ရှေ့သို့ အမှား အယွင်းမရှိ မောင်းပို့နိုင်ခဲ့သည်။

ဒါဟာ. . . ကျွန်တော်နဲ့မာရီယာရဲ့ ပတ်သက်မှုကို သူမ အိမ်က လူတွေအားလုံး မခြွင်းမချန် သိထားကြပြီဆိုတဲ့ သဘောပါပဲ။

မာရီယာအား တွဲခေါ်ကာ တိုက်လှေခါးထစ်များပေါ်သို့ ကျွန်တော်တို့ တဖြည်းဖြည်းချင်း တက်လာခဲ့ကြသည်။ တစ်ထပ် ရောက်တိုင်း တစ်ခါနားသည့်တိုင် လှေခါးထစ်ပေါင်းခြောက်ဆယ် ကျော်ကို တက်ပြီးချိန်မှာတော့ မာရီယာ အလွန်မောပန်းနေလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးကို အမြန်ဖွင့်ကာ မာရီယာ့အား ညှော်ခန်းဆီသို့ ကျွန်တော် တွဲခေါ်လာခဲ့သည်။

"ဖြစ်ရဲ့လား မာရီယာ။ အရမ်းမောနေသလား"

"ရပါတယ်"

"သို့သော်. . . သူမ၏အသံက အားရစရာမကောင်းလှ။ ကျွန်တော် ရေတစ်ခွက်ခပ်ကာ အမောပြေရှု အနည်းငယ်သောက်ခိုင်းသော်လည်း တော်တော်နှင့်အမောမပြေဘဲ အသက်ရှူမြန်နေဆဲဖြစ်သည်။

"တကယ်ဆို မာရီယာ ကောင်းကောင်းနေမကောင်းဘဲ ခုလောက်အမြင့်ကြီးတက်ဖို့ မကောင်းဘူး"

ကျွန်တော် ကရုဏာဒေါသောနှင့်ပြောလိုက်တော့ သူမ ကျွန်တော့်အား ဖြတ်ကနဲကြည့်လျှက် ပြုံးပြရင်း. . .

"မာရီယာ နေကောင်းပါတယ်ဆရာရဲ့။ လှေခါးမတက်တာကြာလို့ မောတာပါ။ ဆရာက ကျွန်မကို နေမကောင်းဘူးလို့ ထင်နေလို့လား"

ထင်တာမဟုတ်ဘူး မာရီယာရဲ့။ သိနေတာ။ မင်းရဲ့ကျန်းမာရေးအခြေအနေကို ကိုယ်သိနေတာဟု ကျွန်တော်ပြောလိုက်ချင်သော်





လည်း မပြောဖြစ်ပါ။ မာရီယာက သူမနေမကောင်းတာ ကျွန်တော့်ကို မသိစေချင်ဘူးမဟုတ်လား။ ဒီတော့. . . ကျွန်တော်ကလည်း မသိဟန်ဆောင်ပြီး နေရမှာပေါ့။

"မာရီယာမောနေတာကြည့်ပြီး ကိုယ် စိုးရိမ်သွားလို့ပါ"ဟု ကျွန်တော်ပြောတော့ သူမက မပြုံးချင်ပြုံးချင် ပြုံးသည်။

"တကယ်တမ်းဝန်ခံရရင်. . . ကျွန်မ ကောင်းကောင်း မကျန်းမာသေးဘူး ဆရာရဲ့။ ဟိုတလောက ကျွန်မ နေမကောင်းဖြစ်လိုက်သေးတယ်"

မာရီယာ့စကားကြောင့် ကျွန်တော် ထိတ်ကနဲဖြစ်သွား၏။ သူမ ကျွန်တော့်ကို အမှန်အတိုင်းဝန်ခံတော့မယ်နဲ့ တူပါရဲ့။ ဖြစ်နိုင်လျှင် သူမ၏ဝန်ခံစကားကို ကျွန်တော် မကြားချင်ပါ။ သူမ၏ နောက်ဆုံးအခြေအနေအကြောင်းကို ကျွန်တော် မျက်နှာချင်းဆိုင် မဆွေးနွေးရက်။

သို့သော်. . . ကံကောင်းထောက်မစွာပင် မာရီယာက စကားရှောင်လွှဲသွားခဲ့သည်။

"ဆရာ. . . ကျွန်မကို စာမူပေးဖတ်မယ်ဆို. . ."

"သေချာတာပေါ့။ ကိုယ်သွားယူလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ထိုင်ရာမှ ထ,ကာ ရေးလက်စစာမူကို သွားယူ၍ မာရီယာအား ပေးဖတ်လိုက်သည်။ ထိုစာမူမှာ ကျွန်တော်နှင့်မာရီယာ အကြောင်း ခပ်ပါးပါးရေးထားသည့် မပြီးဆုံးသေးသော စာမူဖြစ်သည်။ စာမျက်နှာသုံးဆယ်ခန့်ရေးထားသော စာမူကို မာရီယာက စိတ်ဝင်တစားဖတ်ရှုပြီးနောက် ကျွန်တော့်အား လှမ်းမေးသည်။

"ဒီဇာတ်လမ်းကို ဆရာ ဘယ်လိုဇာတ်သိမ်းမယ် စဉ်းစားထားလဲ"

"မပြောတတ်သေးဘူး မာရီယာရဲ့။ လောလောဆယ် ကိုယ်စဉ်းစားလို့မရသေးဘူး"

"ဒါဆိုလည်း အပင်ပန်းခံပြီး စဉ်းစားမနေပါနဲ့။ တစ်ချိန်ကျရင် ဘယ်လိုဇာတ်သိမ်းသင့်သလဲဆိုတာ ဆရာ အလိုလိုသိလာပါလိမ့်မယ်"

သာမန်အကြံပေးစကားဟု ထင်စရာရှိသော်လည်း ထိုစကားနောက်ကွယ်၌ အဓိပ္ပာယ်တချို့ ပါဝင်နေကြောင်း ကျွန်တော် သဘောပေါက်လိုက်မိသလို. . . ထိုအဓိပ္ပာယ်တို့ကိုလည်း ခန့်မှန်းလိုက်မိကာ ကျွန်တော် ကြေကွဲသွားရသည်။

"လူတွေက မသိကြလို့ဆရာရဲ့။ တကယ်တော့ အချိန်ဟာ လူသားတွေအတွက် အကောင်းဆုံးအဆေးပဲ။ ကိုယ်မသိနားမလည်





တဲ့ကိစ္စတွေကို အချိန်က နားလည်လာစေတယ်။ မရင့်ကျက်သေးတဲ့ ကိစ္စတွေကို ရင့်ကျက်လာစေတယ်။ ကိုယ်မဖြေရှင်းနိုင်တဲ့ပြဿနာတွေကိုတောင် အချိန်က ဖြေရှင်းပေးတတ်သေးတယ်။ အခု. . . ဆရာစဉ်းစားလို့မရသေးတဲ့ဇာတ်သိမ်းကိုလည်း အချိန်က အဖြေပေးလာပါလိမ့်မယ်"

ကျွန်တော် တစုံတရာမတုံ့ပြန်ဘဲ မာရီယာ့ကိုသာ ငေးကြည့်နေမိသည်။ မာရီယာက ကျွန်တော့်အကြည့်ကို မသိကျိုးကျွန်ပြုလျက် နံရံပေါ်မှပြက္ခဒိန်ကို ခပ်တွေတွေစိုက်ကြည့်ရင်း. . .

"တစ်ခါတစ်ခါတော့လည်း အချိန်ဆိုတာကို ရပ်ထားလို့ရရင် ကောင်းမှာပဲလို့ ကျွန်မ တွေးကြည့်မိတယ်။ ဒါမှမဟုတ်လည်း ကိုယ်လိုချင်သလို ဆွဲဆန့်လို့ရရင် ကောင်းမယ်။ ဆိုပါတော့. . . ဆရာနဲ့ ကျွန်မ ခုလိုအနေအထားအတိုင်း အချိန်အကြာကြီးနေကြရမယ်ဆိုရင် ဘယ်လောက်များကောင်းလိုက်မလဲ"

စကားကိုရပ်ရင်း အသက်ရှူမဝဟန်ဖြင့် ပင့်သက်တစ်ချက်ကို သူမ အမောတကောရှိုက်သွင်းလိုက်သည်။

"စကားသိပ်မပြောနဲ့ မာရီယာ။ တော်ကြာ မောနေဦးမယ်"

"ရပါတယ် ဆရာရဲ့။ မမောပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မမောပါဘူးဟူသည့် သူမ၏အသံက အားရစရာ မရှိ။ "မမောဘူးသာဆိုတယ် မာရီယာ. . . အသက်ရှူမြန်နေပြီ"ဟု ကျွန်တော်ပြောတော့ သူမက ခပ်ယဲ့ယဲ့ပြုံးသည်။

"ကိစ္စမရှိပါဘူး။ တခါတလေ ဆရာနဲ့တွေ့တုန်း ပြောရတာပဲ။ နောက်နောင် ခုလိုပြောဖို့ အခွင့်အရေးရချင်မှရမှာ ဆရာရဲ့"

ရုတ်တရက် ထိန်းချုပ်မှုတို့ လွတ်ကာ အစွန်းရောက်သွားသော မာရီယာ၏စကားကြောင့် ကျွန်တော့်ဟန်ဆောင်မှုတို့ ပြိုပျက်မတတ် ကျွေမြေပျက်ကာ တုန်လှုပ်သွားမိသည်။ တချိန်တည်းမှာပင် ထုတ်ဝေသူ သူငယ်ချင်း၏စကားသံကို ဖြတ်ကနဲကြားယောင်လိုက်မိ၏။

. . . . . . . ဒီတစ်ခါတွေ့တာဟာ မောင်ရင်တို့နှစ်ယောက်အတွက် နောက်ဆုံးအကြိမ်လည်း ဖြစ်ကောင်းဖြစ်သွားနိုင်တယ် သူငယ်ချင်း။ ဘာဖြစ်လို့လဲဆိုတော့ နောက်သုံးလေးရက်ခံနေရင် မာရီယာက နိုင်ငံခြားမှာ ဆေးသွားကုတော့မှာလေ။

. . . . . . . ဆရာဝန်တွေက လက်လျှော့လိုက်ပေမယ့် သူ့မိဘတွေက ရလိုရငြား ကြိုးစားကြည့်တဲ့အနေနဲ့ နိုင်ငံခြားမှာသွားကုဖို့ စီစဉ်တာပဲ။ ကံကောင်းရင် ရောဂါပျောက်ပြီး မာရီယာ မြန်မာပြည် ပြန်ရောက်လာနိုင်တယ်။ ကံမကောင်းရင်တော့ . . . . ။





နှင့်ကနဲ ကြေကွဲ နာကျင်သွားသော ရင်အစုံနှင့်အတူ မာရီယာ့မျက်နှာလေးအား မြတ်မြတ်နိုးနိုးငေးကြည့်ရင်း သူမ၏ လက်ကလေးကို ကျွန်တော် ဆုပ်ကိုင်လိုက်မိသည်။ မာရီယာက ကျွန်တော့်အား အကဲခတ်သလိုစိုက်ကြည့်ရင်း မသက်သာသောလေသံဖြင့် ခပ်တိုးတိုး မေးသည်။

"ဆရာ. . . ဘာဖြစ်နေတာလဲဟင်"

"ဘာမှမဖြစ်ပါဘူး မာရီယာရဲ့"

"ဆရာ တစ်ခုခုကို ရိပ်မိနေသလား"

မာရီယာ၏မေးခွန်းက နှလုံးသားကို ဆတ်ကနဲတုန်ခါသွားစေသည်။ ကျွန်တော် ကမန်းကတန်း ကျွေမြေမပျက်အောင် ကြိုးစားပြုံးလိုက်ပြီး. . .

"ဘာလဲ မာရီယာရဲ့. . . ဘယ်တစ်ခုခုကို ကိုယ်က ရိပ်မိရမှာလဲ. . . ကိုယ် အခုစဉ်းစားနေတာက. . ."

"ပြောလေ. . . ဆရာ"

"မာရီယာ့ကို ထွေးပွေ့ခွင့်ရရင် သိပ်ကောင်းမှာပဲလို့"

ကျွန်တော့်စကားက သူမ၏သံသယတို့ကို ထိရောက်စွာ ချေဖျက်ပစ်လိုက်သည်။ မာရီယာ သက်ပြင်းတစ်ချက်ကို ခပ်လေး



www.burmeseclassic.com

www.burmeseclassic.com



လေးချလျက် ခေါင်းငုံ့သွား၏။ အတန်ကြာမှ ကျွန်တော့်အား ရီဝေစွာ မော့ကြည့်ရင်း သူမ တစ်လုံးချင်းပြောသည်။

"ကျွန်မ. . . ဆရာ့ပခုံးမှာ ခေါင်းမှီပြီးအိပ်ချင်တယ် ဆရာ"

ထို့နောက်. . . ကျွန်တော့်ရင်ခွင်ထဲသို့ သူမ၏ကိုယ်လေး လဲပြိုရောက်ရှိလာလေသည်။ မာရီယာ၏ကိုယ်လုံးသွယ်သွယ်လေးကို အလိုက်သင့် ကျွန်တော် ထွေးပွေ့ထားလိုက်မိသည်။

အကြောင်းတစုံတရာကြောင့် လွှတ်ထွက်သွားမှာစိုးသည့် အတိုင်း. . . ဘယ်တော့မှ ပြန်လွှတ်ပေးမှာမဟုတ်တော့သည့် အတိုင်း၊ ကျွန်တော် ထွေးပွေ့ထားလိုက်ခြင်း ဖြစ်သည်။

* * *



BURMESE CLASSIC

# [ ၉ ]

အကယ်၍ ကျွန်တော့်အား ဆုတောင်းတစ်ခုကို တောင်းခွင့် ပြုမည်ဆိုပါက. . .။ ပြီးတော့. . . ထိုဆုတောင်းပြည့်ဝအောင် လည်း ဆောင်ကြဉ်းပေးကြမည်ဆိုပါက. . .။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ပခုံးထက်၌ မှေးမှိန်အိပ်စက်နေသော မာရီယာ့အား ကျွန်တော့်ထံမှ ဆွဲခေါ်သွားမည့် အနှောင့်အယှက်တို့ကို ဖယ်ရှားပေးကြစေလိုပါသည်။

သို့သော်. . . "ဆုတောင်း"သည် ဆုတောင်းသာဖြစ်၍ ပြီးပြည့်စုံသော အမှန်တရားအဖြစ်သို့ ဘယ်တော့မှ ရောက်ရှိမလာခဲ့ပါ။

**နေနော်**

မြူးနှတ်မောင်စာပေ

ဝတ္ထုတိုကောင်းကောင်းလေးတွေ ဖတ်ချင်တယ်ဆိုတဲ့ ပရိတ်သတ်နဲ့၊ ရသစာပေ ချွတ်ခြုံကျနေပြီလားလို့ တမေးထဲ မေးနေတဲ့ ဆရာသမားများအတွက်

## နေနော်ရဲ့

## ဝတ္ထုတိုစုစည်းမှု (အသစ်)

၂၀၀၅ အတွင်းရေးဖွဲ့သော ဝတ္ထုတိုအသစ်များဖြင့် စုစည်းထားပါသည်။

www.burmeseclassic.com